# The Lost Sheep
## Burmese Edition

F. Wayne Mac Leod

Light To My Path Book Distribution
Sydney Mines, NS CANADA B1V1Y5

**The Lost Sheep**
**Burmese Edition**

Copyright © 2013 by F. Wayne Mac Leod
Published by Light To My Path Book Distribution
153 Atlantic Street, Sydney Mines, Nova Scotia, CANADA B1V 1Y5

All rights reserved. No part of this book may be reproduced or transmitted in any form or by any means without written permission of the author.

All Scripture quotations, unless otherwise specified, are taken from the New International Version of the Bible (Copyright © 1973, 1978, 1984 International Bible Society. Used with permission of Zondervan Bible Publishers, All rights reserved.)

Special thanks to the translators and proofreaders in Myanmar without whom this project would not be possible.

# မာတိကာ


နိဒါန်း - - - - - - - - ၁

၁။ သိုးထိန်း၏တာဝန်ဝတ္တရားများ - - - - - - - - ၅

၂။ ပျောက်သောသိုး - - - - - - - - ၁၄

၃။ ကိုးဆယ်ကိုးကောင်ကို ထားခဲ့ခြင်း - - - - - - - - ၃၀

၄။ ပျောက်သောသိုးအား ရှာခြင်း - - - - - - - - ၄၀

၅။ ထိုသိုးကိုတွေ့သောအခါ - - - - - - - - ၄၉

၆။ ငါနှင့်အတူ ဝမ်းမြောက်ကြလော့ - - - - - - - - ၆၁

၇။ ကောင်းကင်သားတို့၏ ဝမ်းမြောက်ခြင်း - - - - - - - ၇၁

## နိဒါန်း

ဤစာအုပ်သည် ရှင်လုကာ ၁၅း၁-၇အား လေ့လာသုံးသပ်ခြင်း တစ်ခုဖြစ်သည်။ ဤကျမ်းချက်အား ဧဝံဂေလိတရားနှင့်ဆိုင်သော ရည်ရွယ်ချက်များအတွက် အသုံးပြုကြသော်လည်း၊ ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ၊ ဤကျမ်းချက်သည် ယုံကြည်သူများနှင့် မည်သို့ မည်ပုံ သက်ဆိုင်နေကြောင်းကို ဖော်ပြရန်ဖြစ်သည်။ ဤပုံဥပမာကို ပျောက်သော သိုး ပုံဥပမာဟု သိခဲ့ကြသည်။ 'ပျောက်ဆုံးသည်' ဟူသော စကားလုံးသည် ယနေ့တွင် လူသုံးများသည့် ဓမ္မပညာလေ့လာခြင်းနှင့် ဆိုင်သော အသုံးအနှုန်းတစ်ခုဖြစ်သည်။ ဓမ္မပညာလေ့လာခြင်းနှင့် ဆိုင်သော အသုံးအနှုန်းတစ်ခုအနေဖြင့် ဆိုလျှင် ဤစကားလုံးသည် သခင်ယေရှု၏ ကယ်တင်ခြင်းလက်ဆောင်ကို မည်သည့်အခါကမျှ လက်ခံရရှိခြင်း မရှိခဲ့သော မယုံကြည်သူတစ်ဦးကို ရည်ညွှန်းသည်။ လူ တစ်ယောက်သည် ခရစ်တော်ထံသို့ ရောက်ရှိလာခဲ့ခြင်းမရှိဖူးလျှင် ထိုသူအား ပျောက်ဆုံး နေသူ ဟု ကျွန်ုပ်တို့ဆိုကြသည်။ 'ပျောက်ဆုံးသည်' ဟူသောစကားလုံးကို ဤသို့သောအဓိပ္ပါယ်ဖြင့် ကျွန်ုပ်အသုံးမပြုထားပါ။

တစ်ချိန်က မိမိတို့ သိခဲ့ကြသောချစ်ခြင်းမေတ္တာနှင့်ဆက်ကပ် အပ်နှံခြင်းတို့မှ လမ်းလွှဲ၍ခြေဦးတည့်ရာသွားနေကြသော ခရစ်ယာန် များစွာကို ကျွန်ုပ်တွေ့ဆုံကြုံခဲ့ဖူးပါသည်။ အချို့သူတို့၏ ဘဝ အတွေ့အကြုံ

များသည် ခါးသီးပြင်းထန်လှသောကြောင့် ခရစ်ယာန်အနေဖြင့် မိမိ၏ ယုံကြည်ခြင်းများပျက်ပြားသွားသည်အထိ ဖြစ်ကြ ရသည်။ အချို့မှာမူ အသင်းတော်၏ ကြင်နာမှုနှင့် နွေးထွေးပျူငှာမှုတို့ မရှိသောကြောင့် အသင်းတော် မိဿဟာယဖွဲ့ခြင်း၏ ပြင်ပတွင် ခြေဦးတည့်ရာ လျှောက်နေကြတော့သည်။ အခြားသူတို့မှာ ဤလောကကြီး၏ စုံစမ်းခြင်း၌ လဲပြိုကျဆုံးသွားကြကာ ခရစ်တော်ထံ၌ပြုခဲ့ကြသော သူတို့၏ ဆက်ကပ်အပ်နှံခြင်းမှာ မေ့မှိန်ပျောက်ကွယ်သွားခဲ့ရသည်။ ဤယုံကြည် သူတို့သည်လည်း လမ်းပျောက်နေကြပါသည်။ သူတို့အတွက် ထားရှိသော ဘုရားသခင်၏ လမ်းမှ လမ်းလွဲပျောက်ဆုံးကာ ခြေဦး တည့်ရာသွားနေကြခြင်းဖြစ်သည်။

ယေရှုသည် သိုးထိန်းကောင်းတစ်ယောက်ဖြစ်သည့်နည်းတူ သူ၏သိုးများ ဤလောကကြီးထဲတွင်နေထိုင်ကျက်စားစဉ်အခါတွင် အမျိုးမျိုးသော အခက်အခဲများ ရင်ဆိုင်တွေ့ကြုံရမည်ကို သိနေခဲ့ပါသည်။ သိုးတို့အတွက် များစွာသော ရန်သူတို့ရှိနေကြပါသည်။ သူတို့၏ ယုံကြည်ခြင်းများကိုလည်း အပြင်းအထန်စမ်းသပ်ခံရမည်ဖြစ်သည်။ ခရစ်တော်၏ အချို့သိုးတို့မှာအုပ်စုကွဲ၍နေရာအနှံ့ပြန့်ကြဲသွားကြမည်။ အချို့မှာ ထိခိုက်ဒဏ်ရာများ ရရှိကာ ဘဝ၏လမ်းဘေးတစ်နေရာတွင် ဤအတိုင်းစွန့်ပစ်ခြင်းကို ခံရကြမည်။

ဤပုံဥပမာသည် ဘုရားသခင်ကသူတို့အတွက် အလိုရှိနေသော မိဿဟာယဖွဲ့ခြင်းနှင့်ဝမ်းမြောက်ပျော်ရွှင်ခြင်းတို့မှ လမ်းလွဲ၍ ဦးတည်ရာလျှောက်၊ လမ်းပျောက်နေသော သိုးတို့အား ပြန်လည်ခေါ်ဆောင်သိမ်းသွင်းခြင်းအကြောင်းဖြစ်သည်။ ဤပုံဥပမာသည် ကျွန်ုပ်တို့အကြီးမားသော စိန်ခေါ်ချက်တစ်ခုကို တင်ပြထားသည်။ ထိုစိန်ခေါ်ချက်မှာ စိတ်ထိခိုက်၍ အနာတရဖြစ်နေသော ယုံကြည်ခြင်း၌တစ်ခုတည်းရှိ

ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများကို စွမ်းစွမ်းတမံ ဂရုစိုက်၍ဖေးမကြရန်ဖြစ်သည်။ ဤပုံဥပမာစကားအား သခင်ယေရှုသွန်သင်ခဲ့စဉ်ကာလက ဖာရိရှဲများနှင့် ဘာသာရေးခေါင်းဆောင်များသည် သူတို့၏အုပ်ထိန်းမှုအောက်ရှိ လူတို့အား လျစ်လျူရှုထားခဲ့ကြသည်။ သိုးတို့မှာ သွန်သင်ဆုံးမခြင်းကို မခံခဲ့ကြရပါ။ သူတို့၌ ဂရုစိုက်လမ်းပြပေးမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ပါ။ သူတို့အနီးအနား၌ရှိနေကြသော ဝိညာဉ်ရေးရာ သိုးထိန်းတို့မှာ အချည်းအနှီးသက်သက်သာရှိနေကြသောကြောင့် သိုးတို့မှာ သမ္မာတရားလမ်းမှလွဲရှောင်သွား၍ ဤလောကကြီးဦးတည်သွားရာလမ်းအတိုင်း လိုက်လျှောက်ကြတော့သည်။

အဘက်ဘက်မှကြည့်လျှင် ဤပုံဥပမာသည် ဘုရားသခင်၏ သိုးတို့ကို ထိန်းကျောင်းသည့် သစ္စာရှိသောသိုးထိန်းတစ်ဦးရပ်တည်မှုကို ပြသသည်။ ဆိုလိုရင်းအကြောင်းအရာများသာဖြစ်သည်။ ဤပုံဥပမာသည် လမ်းပျောက်လျှက်ရှိနေသည့် မိမိ၏တန်ဖိုးကြီးလှသော သိုးများအပေါ်၌ ထားရှိသော သခင်ယေရှု၏နှလုံးသားကို ဖော်ပြနေပါသည်။ ဤပုံဥပမာသည် ခရစ်တော်၌တည်သော မိဿဟာယဖွဲ့ခြင်းနှင့် ဝမ်းမြောက်ပျော်ရွှင်ခြင်းတို့အား ဟန့်တားနှောက်ယှက်ခြင်း ခံရသူတို့အတွက် ဖြစ်သည်။ ဘုရားသခင်၏ နှလုံးသားရင်ခုန်သံကို ပြန်လည်ကြားယောင်ရန်အတွက် ထိုသွန်သင်ဆုံးမခြင်းကို လက်ခံနားထောင်မည့်သူများအား ပြန်လည်ဖိတ်ကြားဆင့်ခေါ်ထားသည့် ပုံဥပမာတစ်ခုဖြစ်သည်။ သိုးတို့အား မိဿဟာယဖွဲ့ခြင်းသို့ ပြန်လည်ခေါ်ဆောင်သိမ်းသွင်းခြင်းအမှုမှာ လွယ်ကူသောအလုပ်တစ်ခုတော့မဟုတ်ပါ။ သို့ပင်ဆိုသော်လည်း၊ ဤအမှုသည် ဘုရားသခင်၏စိတ်နှလုံးအား ပီတိဖြစ်စေမည့်အလုပ်ဖြစ်သည်။ ဦးတည်ရာမဲ့လမ်းပျောက်နေကြသော သိုးတို့အတွက် ထားရှိသော ဘုရားသခင်၏စိတ်နှလုံးအား မျှဝေခံစား

သော သူတို့အပေါ်၌ ထိုဘုရားသခင်၏အတိုင်းမရှိကြွယ်ဝသောချမ်းသာ စည်းစိမ်တည်ရှိနေမည့်အကြောင်းကို ကျွန်ုပ်ပြတ်ပြတ်သားသား သဘော ပေါက်နားလည်ထားပါသည်။

ဤစာအုပ်သည် ထိုပြဿနာအား "မည်သို့မည်ပုံ" ကိုင်တွယ်ဖြေ ရှင်းရန်အတွက် လက်စွဲစာအုပ်တော့မဟုတ်ပါ။ ထိုအချင်းအရာကိုမူ ကျွန်ုပ်ထက်ပို၍ အစွမ်းအစရှိသောသိုးထိန်းများလက်၌ပေးအပ်ထားခဲ့ ချင်ပါသည်။ ကျွန်ုပ်၏အဓိကရည်ရွယ်ချက်မှာ ထိုပုံဥပမာအား ဖွင့်ပြခြင်း ဖြင့် ကျွန်ုပ်တို့၏ ခေတ်ကာလရှိအသင်းတော်အတွက် ထားရှိသော ဘုရားသခင်၏ စိတ်နှလုံးအလှကို ဖော်ကျူးပြသရန်ဖြစ်သည်။

ဤလေ့လာသုံးသပ်ချက် စာတိုလေးသည် ဘုရားသခင်၏ စိတ်နှလုံးအား သစ်လွင်လတ်ဆတ်သော နည်းလမ်းများဖြင့် ဖော်ထုတ် ပေးရန်မှာ ကျွန်ုပ်၏ရိုးသားသောဆုတောင်းချက်ပင် ဖြစ်သည်။ မိမိ၏ပျောက်ဆုံးနေသော သိုးများကို ပြန်လည်ခေါ်ဆောင် သိမ်းသွင်း ရန်နှင့် သူ၏ ပိုက်ထွေးယုယလိုသောချစ်ခြင်းမေတ္တာ တရားအားသိမြင် နားလည်လာကြရန်အတွက် ဤစာအုပ်လေးအား အသုံးပြုခြင်းအမှုတွင် ဘုရားသခင်ကျေနပ်နှစ်သက်ခြင်းရှိပါစေသော။

အက်ဖ်၊ ဝိန်း မက်လီယို

၁။

## သိုးထိန်း၏ တာဝန်ဝတ္တရားများ

*"ထိုအခါဥပမာစကားကို(ယေရှု)မိန့်တော်မူသည်ကား၊ သင်တို့တွင် တစ်စုံတစ်ယောက်သောသူ၌ သိုးတစ်ရာရှိ၍ ..." (လုကာ ၁၅း၃–၄)။*

လုကာ ၁၅း၃-၇ သည် ပျောက်သောသိုးအကြောင်း သက်သက် တစ်ခုသာမဟုတ်ပါ။ သိုးထိန်းတစ်ဦးက ပျောက်သောသိုးအား ပြန်လည် တွေ့ရှိရန်မည်သို့လုပ်ဆောင်ခဲ့သည်ဆိုသည့်အကြောင်းအရာများလည်း ဖြစ်သည်။ ဤကျမ်းချက်၏အခြေအနေနှင့်အဖြစ်အပျက်အရဆိုလျှင် သခင်ယေရှုသည် သူ၏ခေတ်ကာလရှိ ဘာသာရေးခေါင်းဆောင်ကြီးများ အား မိန့်ဆိုနေခြင်းဖြစ်သည်။ ဤဘာသာရေးခေါင်းဆောင်ကြီးများသည် ဆိုးသောသူများ၊ အခွန်ခံသူများနှင့်အတူ စားသောက်ခြင်းအတွက် သခင် ယေရှုအားပြစ်တင်ဝေဖန်ခဲ့ကြသည်။ သူတို့၏အမြင်တွင် ဘာသာရေး ခေါင်းဆောင်တစ်ဦးသည် ထိုကဲ့သို့သောသူများနှင့် ပေါင်းဖော်၍ကိုယ့် ကိုယ်ကို ညစ်ညမ်းစေရန်ဖန်တီးခွင့်မရှိဟု မှတ်ယူထားကြသည်။ ထိုသူတို့၏ ပြစ်တင်ဝေဖန်ခြင်းကို တုန့်ပြန်သည့်အနေဖြင့် သခင်ယေရှု သည် ဤပုံဥပမာကိုပြောကြားခဲ့ခြင်းဖြစ်သည်။

မယုံကြည်သူတို့အထံ၌ ဧဝံဂေလိပြုဝေ့ရန်အတွက် ခရစ်ယာန် တို့အား တိုက်တွန်းရာတွင် ဤပုံဥပမာအား စံနမူနာထား၍ အသုံးပြုခဲ့ ကြသည်။ ဤအချက်သည် ဤကျမ်းပိုဒ်၏အလွန်အရေးပါသော လက်တွေ့အသုံးချမှု တစ်ခုဖြစ်သောကြောင့် သံသယပွား မေးခွန်းထုတ်

စရာ မရှိပါ။ သို့သော်လည်း အသေးစိတ်အချက်အလက်အချို့ကိုမူ ကျွန်တော့်အား ညွှန်ပြခွင့်ပြုစေလိုပါသည်။

ပထမအချက်အနေဖြင့် သတိပြုရမည့်အချက်မှာ သခင်ယေရှု ရည်ညွှန်းနေသော သိုးများသည် သိုးထိန်းတစ်ဦး၏ အုပ်ထိန်းမှု အောက်တွင် ရှိသော သိုးများဖြစ်ကြသည်။ ထိုခေတ်ကာလရှိ ဘာသာရေး ခေါင်းဆောင်တို့နှင့် ဆက်စပ်၍ ခရစ်တော်ပြောကြားခဲ့သည်မှာ "သင်တို့တွင် တစ်စုံ တစ်ယောက်သောသူ၌ သိုးတစ်ရာရှိ၍ . . . "(ငယ် ၃)ဟူ၍ဖြစ်သည်။ ဤမိန့်ထားချက်အရ သခင်ယေရှုရည်ညွှန်းနေသော သိုးများသည် သိုးအုပ်စုတစ်ခုမှ ဖြစ်၍ ဝိညာဉ်ရေးရာ ခေါင်းဆောင် တစ်ဦး၏ အုပ်ထိန်းမှုအောက်၌ရှိနေသည့် သိုးများဖြစ်ကြသည်။

ဒုတိယအချက်အနေဖြင့် ဆိုရလျှင် မဿဲ ၂၅း၃၁-၃၃၌ သခင်ကိုယ်တော်ကိုယ်တိုင် သိုးများနှင့် စပ်လျဉ်း၍ ပြောကြားထားချက်ကို ထည့်သွင်းစဉ်းစားကြည့်ရမည်။

> လူသားသည် မိမိဘုန်းအာနုဘော်ကို ဆောင်လျက်၊ သန့်ရှင်း သော ကောင်းကင်တမန်များအခြံအရံတို့နှင့်တကွ၊ ကြွလာတော် မူသောအခါ ဘုန်းရှိသော ပလ္လင်တော်ပေါ်မှာထိုင်၍၊ ရှေ့တော် ၌ လူမျိုးအပေါင်းတို့ကိုစုဝေးစေသဖြင့်၊ သိုးထိန်းသည် သိုးနှင့် ဆိတ်တို့ကို တစ်ခြားစီခွဲထားသကဲ့သို့၊ လူအပေါင်းတို့ကို သီးခြား ခွဲ၍၊ သိုးတို့ကို လက်ျာတော်ဘက်၊ ဆိတ်တို့ကိုလက်ဝဲတော်ဘက် ၌ထားတော်မူလတ္တံ့။

ဤကျမ်းပိုဒ်တွင်ဖော်ပြထားသော သိုးနှင့်ဆိတ်တို့၏ ကွဲပြားခြားနားချက်ကို သတိပြုပါ။ သိုးတို့သည် သိုးထိန်းဖြစ်တော်မူသော

ကျွန်ုပ်တို့၏ သခင်ယေရှုနှင့် သက်ဆိုင်ဆက်နွယ်နေသောသူများ ဖြစ်ကြသည်။ ဆိတ်တို့မူကား၊ ထိုသခင်ကို ငြင်းပယ်ကြသော မယုံကြည်သူများဖြစ်ကြသည်။ သို့ဖြစ်၍ ဤပုံဥပမာတွင် သခင်ယေရှုရည်ညွှန်းသည့် သိုးတို့မှာ မယုံကြည်သူများကိုသာ ရည်ညွှန်းနေသည့် သိုးများ မဟုတ်ကြောင်း၊ အဓိပ္ပါယ်သက်ရောက်နေသည်။

ထိုသိုးတို့သည် ဝိညာဉ်ရေးရာခေါင်းဆောင်တစ်ဦး၏ အုပ်ထိန်းမှုအောက်တွင်ရှိနေကြသော်လည်း ယခုတွင် သမ္မာတရားလမ်းလွဲ၍ ဦးတည်ရာမဲ့ လျှောက်နေသော ယုံကြည်သူများကို ရည်ညွှန်းသည့် သိုးများလည်း ဖြစ်နိုင်ပါသည်။ အမှန်စင်စစ် သခင်ယေရှုသည် အပြစ်သားများနှင့်အတူ စားသောက်ခြင်းကြောင့် ပြစ်တင်ဝေဖန်ခဲ့စဉ်အခါ ပါဝင်ခဲ့ကြသော လူဆိုးများနှင့် အခွန်ခံတို့မှာ ဘာသာရေးခေါင်းဆောင်များ၏ စောင့်ရှောက်မှုအောက်၌ ရှိခဲ့ကြသော ဂျူးလူမျိုးများဖြစ်ကြဟန် ရှိသည်။ သို့သော် သူတို့၏နေပုံထိုင်ပုံကြောင့် အပယ်ခံများဖြစ်လာကြကာ လူအများ၏ ရှောင်ကြဉ်ခြင်းကိုပါ ခံခဲ့ကြသူများ ဖြစ်သည်ဟုလည်း ယူဆရသည်။

သခင်ယေရှုက "သင်တို့တွင် တစ်စုံတစ်ယောက် သောသူ၌ သိုးတစ်ရာရှိ၍၊ . . ." ဟူသော ထွက်ဆိုချက်စကားလုံးများဖြင့် ပုံဥပမာကို အစပြုခဲ့သည်။ သခင်ကိုယ်တော်သည် မိမိခေတ်ကာလရှိ ဘာသာရေးခေါင်းဆောင်များအား ဘုရားသခင် ပေးအပ်ထားသော တာဝန်ဝတ္တရားဖြစ်သည့် သိုးအုပ်စုနောက်လိုက်များအား စောင့်ရှောက်ကာကွယ်ဖေးမမှုပြုရန် ပြန်လည် သတိပေးခဲ့ခြင်းဖြစ်ပါသည်။ ဤသိုးတစ်ရာအုပ်စုသည် သူတို့၏တာဝန်ဖြစ်သည်။ သိုးထိန်းများဖြစ်ကြသည့်နည်းတူ ထိုသိုးများအပေါ်၌ တာဝန်ဝတ္တရားရှိကြသည်။ သူတို့သည် ဤတာဝန်ဝတ္တရားကို ပေါ့ပေါ့တန်တန်ထား၍မရပါ။

ယေဇကျေလ ၃၄း၂-၆တွင် မိမိ၏လူတို့ အား အုပ်ထိန်းနေကြသော သိုးထိန်းတို့ကို ဘုရားသခင်က မည်သို့ ပြောကြားထားသည်ကို နားထောင်ကြည့်ပါ။

*အချင်းလူသား၊ သင်သည် ဣသရေလအမျိုး သိုးထိန်းတို့ တစ်ဘက်၌ပရောဖက်ပြု၍ဟောကြားလျှက်၊ သိုးထိန်းတို့အား အရှင်ထာဝရဘုရားမိန့်တော်မူသောစကားကို ဆင့်ဆိုရမည်မှာ ကိုယ်ကိုသာ ကျွေးမွေးသောဣသရေလအမျိုးသိုးထိန်းတို့သည် အမင်္ဂလာရှိကြ၏။ သိုးထိန်းသည် သိုးတို့ကို မကျွေးမွေးရသလော။ သင်တို့သည် သိုးနို့ကိုစားကြ၏။ သိုးမွေးကိုဝတ်ကြ၏။ ဆူဖြိုးသောသိုးတို့ကိုလည်း သတ်ကြ၏။ သို့ရာတွင် သိုးတို့ကို မကျွေးမွေးကြပါတကား။ အားနည်းသောသိုးကို မ မစကြ။ နာသောသိုးကို ဆေးမကုကြ၊ အရိုးကျိုးသော သိုးကို အဝတ်နှင့် မစည်းကြ။ သူတစ်ပါးနှင်သောသိုးကို လိုက်၍ မဆောင်ကြ။ ပျောက်သောသိုးကိုမရှာကြ။ အနိုင်အထက်ပြု၍ ကြမ်းတမ်းစွာ စီရင်ကြပြီ။ ထိန်းသူမရှိသောကြောင့် သိုးတို့သည် ကွဲလွင့်ကြ၏။ ကွဲလွင့်လျှက်ရှိသောအခါ ခပ်သိမ်းသော သားရဲ စားစရာ ဖြစ်ကြ ၏။ ငါ့သိုးတို့သည်တောင်များ မြင့်သောကုန်းများပေါ်မှာ လဲ၍ မြေတပြင်လုံးတွင် အရပ်ရပ်သို့ ကွဲပြားပြန့်လွင့် လျှက်နေ၍ အဘယ်သူမျှလိုက်မရှာကြ။*

သခင်ဘုရားသည် ယေဇကျေလ၏ခေတ်ကာလရှိ ဝိညာဉ်ရေးရာခေါင်းဆောင်တို့အား သိုးတို့အပေါ်၌ အခွင့်အရေးယူ၍ သူတို့၏ အကျိုးအမြတ်အတွက် သိုးတို့အား အသုံးချမှုအတွက် ပြစ်တင်ပြောဆို

ထားခြင်းဖြစ်သည်။ ဤသိုးထိန်းများသည် သိုးတို့အား ထောက်ပံ့ကူညီခြင်းကို မပြုခဲ့ကြပါ။ သိုးတို့သည် ၎င်းတို့ လိုအပ်နေသောပြုစုစောင့်ရှောက်မှုကို ရရှိခြင်း မရှိခဲ့ကြသောကြောင့် စိတ်ပျက်အားလျော့ လာကြကာ နေရာအရပ်ရပ်သို့ ကွဲလွင့်သွားကြသည်။ ဤသိုးများသည် သိုးခြံနှင့် ဝေးကွာလျက် အန္တရာယ်လမ်း၌ခြေဦးတည့်ရာလျှောက်သွားနေသော်လည်း "အဘယ်သူမျှလိုက်မရှာကြ။ အဘယ်သူမျှ မမေးမြန်းကြ" ကြောင်းကို ယေဇကျေလ ၃၄း၆ တွင် သင်သတိပြုပါ။

ဘုရားသခင်သည် ကျွန်ုပ်တို့အား သိုးထိန်းများအဖြစ် ဆင့်ခေါ်ရာတွင် သူသည် ကျွန်ုပ်တို့အား အရေးကြီးသောအမှုတော်မြတ်အတွက် ဆင့်ခေါ်ခြင်းပင်ဖြစ်သည်။ ထိုအမှုသည် လွယ်ကူသောအလုပ်တစ်ခုတော့ မဟုတ်ပါ။ သိုးတို့အား ပြုစုစောင့်ရှောက်ရန်မှာ ကြီးလေးသောတာဝန်တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၌အပ်နှံထားသောသိုးတစ်ကောင်စီအတွက် ကျွန်ုပ်တို့၌သည် ဘုရားသခင်အား ရှင်းလင်းချက်ပေးရန် တာဝန်ရှိသည်။ အမှန်အားဖြင့်ဆိုရလျှင်၊ မာကု ၉း၄၂၌ သခင်ယေရှုက သူ၏ သူငယ်တစ်စုံ တစ်ယောက်ကို သမ္မာတရားလမ်းမှလမ်းလွဲအောင် ဖန်တီးသောသူတို့အား မည်သို့ပြောဆိုထားသည်ကို နားထောင်ကြည့်ပါ။

> ငါ့ကို ယုံကြည်သော ဤသူငယ်တစ်စုံတစ်ယောက်ကို အကြင်သူသည် မှားယွင်းစေ၏။ ထိုသူသည်လည်ပင်း၌ ကြိတ်ဆုံကျောက်ကိုစွဲ၍ ပင်လယ်၌ချခြင်းကို ခံရလျှင် အနေသာ၍ကောင်း၏။

သိုးထိန်းတို့သည် သိုးတို့အား သတိပေးခြင်းနှင့်အတူ ၎င်းတို့အား အန္တရာယ်မှကာကွယ်ပေးကြရမည်မှာ ဘုရားသခင်မျှော်လင့်ထားသော အရာဖြစ်သည်။ အကယ်၍ယေဇကျေလသည် သူ၏ အုပ်ထိန်း

စောင့်ရှောက်မှု အောက်၌ ရှိကြသော သူတို့အား ရောက် ရှိလာမည့် အန္တရာယ်နှင့်စပ်လျဉ်း၍သတိပေးပြောကြားခြင်း မရှိခဲ့လျှင်၊ ထိုသူတို့၏ အသက်အတွက် ယေဇကျေလ ပေးဆပ်ရမည်ဖြစ်သည်ဟု ဘုရားသခင် သည် ပရောဖက်ယေဇကျေလထံ၌ ရှင်းရှင်းလင်းလင်းပြောကြား ထားပါသည်။ ယေဇကျေလ ၃း၁၈တွင် ကျွန်ုပ်တို့ ဤသို့ဖတ်ရှုရပါသည်။

> သင်သည် အမှန်သေလိမ့်မည်ဟု လူဆိုးတို့အား ငါပြောလျှက်နှင့် သင်သည် သတိမပေး။ လူဆိုး၏အသက်ကိုချမ်းသာစေခြင်းငှာ၊ လူဆိုးအား သတိပေးသောစကားကို မပြောဘဲ နေလျှင် ထိုလူဆိုးသည် မိမိအပြစ်၌သေလိမ့်မည်။ သူ၏အသက်ကိုကား၊ သင်၌ ငါတောင်းမည်။

သခင်ယေရှု၏ခေတ်ကာလ၌ ရှိခဲ့ကြသော ဘာသာရေးခေါင်းဆောင်တို့သည် သူတို့၏တာဝန်ကို မဆောင်ရွက်ကြပါ။ ဘုရားသခင်၏ လူတို့သည် လမ်းလွဲ၍ခြေဦးတည့်ရာ သွားနေကြရာ အပြစ်၌ပြိုလဲခဲ့ကြပါသည်။ ဝိညာဉ်ရေးရာခေါင်းဆောင်များသည် မိမိတို့ထံ၌ အပ်နှံထားသော သိုးတို့ကိုပြုစုစောင့်ရှောက်ခြင်းထက် သူတို့ဂုဏ် သတင်းကျော်စောမှုနှင့် သူတို့အရေးကိုသာ ဦးထိပ်ထားခဲ့ကြသည်။ အမှန်တွင် ကျမ်းပိုဒ်၏အကြောင်းအရာ၊ အခြေအနေမှ ကျွန်ုပ်တို့အား ဖော်ပြထားသည်မှာ ဖာရိရှဲတို့နှင့်ဘာသာရေးခေါင်းဆောင်တို့သည် အခွန်ခံများ၊ အပြစ်သားများနှင့်မိတ်ဆွေဖွဲ့ခြင်းသည် ဂုဏ်သိမ်ငယ်စရာဟု မှတ်ယူကြသောကြောင့် သူတို့အား အဖက်မလုပ်၊ အဝေးမှရှောင်ကြဉ် နေခဲ့ကြသည် ဟူ၍ဖြစ်သည်။

သခင်ယေရှုသည် သိုးတစ်ရာရှိသော သိုးထိန်း အကြောင်းကို

၌နေရာ၌ပြောကြားရာတွင်၊ ကိုယ်တော်သည် တာဝန်ဝတ္တရားအောက် ၌ရောက်ရှိလာသော သိုးတို့အား ထောက်ပံ့၊ ပြုစု၊ စောင့်ရှောက်ရန် အတွက် ဘုရားသခင်ပေးအပ်သော ကြီးလေးသည့်တာဝန်ကြီးကို အပ်နှင်းခြင်းခံထားရသော ခေါင်းဆောင်တစ်ဦးအကြောင်းကို ပြောကြား နေခြင်းဖြစ်သည်။ အဓိပ္ပါယ်ရှိရှိ ပြောရလျှင် ကျွန်ုပ်တို့တစ်ဦး တစ်ယောက်စီတိုင်းသည် သိုးထိန်းဖြစ်ကြသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ရှင်သန်ရာ ဘဝလမ်း၌ အမျိုးသားများ၊ အမျိုးသမီးများ၊ ယောက်ျားလေးများ၊ မိန်းကလေးများကို ပေးအပ်ထားရှိပြီး၊ ထိုသူတို့ အား ပြုစုစောင့်ရှောက်ရန်အတွက် ကျွန်ုပ်တို့ကို ဆင့်ခေါ် တာဝန် ပေးထားပါ သည်။

၌ပုံဥပမာသည် ဝိညာဉ်ရေးရာနှင့်ဆိုင်သောသိုးထိန်း အကြောင်း ဖြစ်သော်လည်း၊ ၌ပုံဥပမာသည် အခြေခံအားဖြင့် အခြား သူတစ်ဦးတစ်ယောက်အား စောင့်ရှောက်ရန် အပ်နှံတာဝန်ပေးခြင်း ခံရသောသူတို့အတွက်လည်း ဖြစ်သည်။ လာမည့်သင်ခန်းစာများတွင် ကျွန်ုပ်တို့သည် သခင်ယေရှုစိတ်နှလုံးနှင့်ပတ်သက်သော သူ၏ သင်ကြား ထားချက်များနှင့် ဦးတည်ရာမဲ့လမ်းပျောက်နေသော ညီအစ်ကို မောင်နှမများ အပေါ်၌ထားရှိရမည့် ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားများ အကြောင်းကို လေ့လာသုံးသပ်သွားမည်ဖြစ်သည်။

စဉ်းစားသုံးသပ်ရန်အချက်များ

* ၌ပုံဥပမာ၌ တွေ့ရသော သိုးထိန်းများမှာ မည်သူတို့ဖြစ်ကြ သနည်း။ သူတို့၏တာဝန်ဝတ္တရားများကားအဘယ်နည်း။
* ၌ပုံဥပမာ၌တွေ့ရသော သိုးတို့သည် သခင်ကိုယ်တော်အား ဘယ်

သောအခါကမျှ လက်ခံခဲ့ခြင်းမရှိဖူးသော မယုံကြည်သူများဖြစ်သည်ဟု ကျွန်ုပ်တို့ရှုမြင်ကြမည်လော(သို့) ဤပုံဥပမာသည်လမ်းပျောက်နေသောယုံကြည်သူများနှင့်သက်ဆိုင်သည်ဟု ကျွန်ုပ်တို့ရှုမြင်ကြမည်လော။ ရှင်းလင်းချက်ပေးပါ။

* သင်နေထိုင်နေသော ပတ်ဝန်းကျင်အသိုင်းအဝန်းကို စဉ်းစားသုံးသပ်ကြည့်ပါ။ မိတ်သဟာယဖွဲ့ခြင်းမှ ပြိုလဲဝေးလွင့် နေသောယုံကြည်သူများရှိပါသလား။ သမ္မာတရားလမ်းမှလွဲ၍ ဦးတည်ရာမဲ့လျှောက်နေသောသူများ(သို့)ခရစ်ယာန်အသက်တာဖြင့် လျှောက်လှမ်းရာ၌ စိတ်ပျက်အားငယ်သောသူတို့အတွက် သင်၏အသင်းတော်၌ မည်သို့သောလုပ်ဆောင်မှုများရှိသနည်း။
* သူတပါးကို ကူညီ စောင့်ရှောက်ရမည့် တာဝန်ကိုဘုရားသခင်က သင့်အား ပေးခဲ့ပြီးပြီလော့။ ဘုရားသခင်သည် သင့်အား ဆင့်ခေါ်၍ စောင့်ရှောက်၊ ပြုစုပျိုးထောင်ပေးစေလိုသော သူတို့ကား အဘယ်သူတို့နည်း။ ထိုတာဝန်ဝတ္တရားနှင့်စပ်လျဉ်း၍ သင်သည် သစ္စာရှိခဲ့သလော။

ဆုတောင်းရန်အချက်များ

* သမ္မာတရားလမ်းမှလွဲလျှက် ဦးတည်ရာမဲ့ လမ်းပျောက်နေသူ(သို့) ခရစ်ယာန်အသက်တာကို လျှောက်လှမ်းရာ၌ စိတ်ပျက်အားနည်းနေသောသူ တစ်ဦးတစ်ယောက်ကို သင်သိပါသလား။ ထိုသူတို့အတွက်ဆုတောင်းရန် အချိန်ယူလိုက်ပါ။
* သင်၏ တာဝန်ဝတ္တရားအောက်၌ထားရှိသော သူတို့ကိုသင့်အား ဖော်ပြရန် ဘုရားသခင်ထံ၌တောင်းလျှောက်ပါ။ ထိုသူတို့အား ပြုစု

စောင့်ရှောက်ရာ၌ သစ္စာရှိနိုင်ရန် ဘုရားသခင်ထံ၌ကူညီမစမှုကို တောင်းလျှောက်ပါ။ သူတို့၌လိုအပ်ချက်များရှိသောအခါတွင်အကူအညီ ပေးနိုင်ရန် သင်ဆောင်ရွက်နိုင်သောအရာများကို ဖော်ပြရန် ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။

* သင့်အသင်းတော်ရှိ ဝိညာဉ်ရေးရာ သိုးထိန်းတို့အတွက် ဆုတောင်းရန် အချိန်ယူပါ။ ထိုသူတို့ထံ၌ ဘုရားသခင်အပ်နှံ ထားသော သိုးစုတို့အား ပြုစုစောင့်ရှောက်နိုင်ရန်လိုအပ်သော ကျေးဇူးတော်ကို သွန်းလောင်းပေးရန် ဘုရားသခင်ထံ၌တောင်းလျှောက်ပါ။

## ၂။
## ပျောက်သောသိုး

*“သင်တို့တွင် တစ်စုံတစ်ယောက်သောသူ၌ သိုးတစ်ရာရှိ၍၊ သိုးတစ်ကောင်ပျောက်လျှင် ...” (လုကာ၊ ၁၅း၃–၄)။*

သိုးတို့သည် သဘာဝအားဖြင့် အားနည်း၍ခိုကိုးရာမဲ့ကြ၏။ သူတို့သည် ကိုယ့်ကိုယ်ကိုကာကွယ်ရန်အတွက် ပင်ကိုယ်အစွမ်းအစ မရှိကြသောကြောင့် သူတို့အား ပြုစုစောင့်ရှောက်ရန် တစ်စုံတစ်ဦးကို အမြဲလိုအပ်နေကြသည်။ တနေ့၌ သခင်ယေရှုသည် သူ့နောက်သို့ လိုက်နေကြသောလူအုပ်ကို လှမ်းကြည့်စဉ်အခါ၊ ထိုလူအုပ်ကြီးအား သိုးထိန်းမရှိ၍ ခိုကိုးရာမဲ့နေသောသိုးများနှင့်နှိုင်းယှဉ်ခဲ့သည်။ ကိုယ်တော်ရှင်၏ နှလုံးသားထဲ၌ သနားခြင်းဂရုဏာစိတ်များ စီးဆင်းလာသောကြောင့် ထိုသူတို့အား ပြုစုစောင့်ရှောက်ရမည့် တာဝန်ဆောင်ရွက်မည့် သူတို့ကို စေလွှတ်ပေးရန် စပါးရှင်ထံသို့ ဆုတောင်းဟစ်ကြွေးကြရန် တပည့်တော်တို့အား မိန့်ကြားခဲ့သည်။

> မဿဲ ၉း၃၆-၃၈ တွင် ဤသို့ကျွန်ုပ်တို့ဖတ်ရှုကြရသည်။ လူအစုအဝေးတို့ကို ပြင်တော်မူလျှင် သနားခြင်းစိတ်ရှိတော်မူ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ပင်ပန်းသည်ဖြစ်၍ ထိန်းသူမရှိဘဲ၊ ပစ်ထားသောသိုးကဲ့သို့ ဖြစ်ကြ၏။ ထိုအခါ ကိုယ်တော်က စပါးရိတ်စရာများစွာ ရှိ၏။ ရိတ်သော သူတို့သည်

နည်းကြ၏။ ထို့ကြောင့် လုပ်ဆောင်သောသူတို့ကို စပါးရိတ်စေခြင်းငှာ၊ စေလွှတ်တော်မူမည်အကြောင်း၊ စပါးရှင်ကို ဆုတောင်းကြလော့ဟု တပည့်တော်တို့အား မိန့်တော်မူ၏။

သိုးတို့၌ ရန်သူများစွာရှိ၏။ ဝိညာဉ်ရေးရာသိုးထိန်းသည် သိုးတို့အား အနှောက်အယှက်ပေး၍လမ်းလွဲစေနိုင်သော ဖြားယောင်းနှောင့်ယှက်ခြင်းများနှင့် စုံစမ်းခြင်းများကို သတိပြုတတ်ရမည်။ ဘုရားသခင်ပြင်ဆင်ထားသော လမ်းမှ စစ်မှန်သောယုံကြည်သူများအား လမ်းလွဲလိုက်မိစေနိုင်သော အကြောင်းအရာအချို့ကို စဉ်းစားသုံးသပ်ကြရန် အချိန်အနည်းငယ်ယူကြပါစို့။

မမှအယူအဆတို့နှင့်ဆိုင်သောမှားယွင်းမှု

ပထမအချက်၊ သိုးတို့သည် မမှအယူအဆတို့၌လမ်းလွဲနိုင်ကြသည်။ သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်၌ဖော်ပြထားသောသမ္မာတရားလမ်းမှ သွေဖည်၍ လမ်းမှားသို့ရောက်နိုင်ပါသည်။ သခင်ကိုယ်တော်သည် နိကောလ၏မှားယွင်းသောသွန်သင်ခြင်း၏နောက်လိုက်သားကောင်အဖြစ် ကျရောက်သွားခဲ့သော ပေရဂံမြို့ရှိ အသင်းတော်အားပြစ်တင် ကြိမ်းမောင်းခဲ့သည်ကို ဗျာဒိတ် ၂း၁၅-၁၆တွင် တွေ့ရသည်။

ထိုအယူနှင့်သဘောတူသော နိကောလတပည့်တို့၏ အယူကိုစွဲလမ်းသောသူတို့သည် ထိုနည်းတူ သင်၌ရှိကြ၏။ ထို့ကြောင့်နောင်တရလော့။ မရလျှင် သင်ရှိရာသို့ ငါသည်အလျှင်အမြန်လာမည်။ ထိုသူတို့ကိုငါ့ခံတွင်း၏ သန်လျက်နှင့်စစ်တိုက်မည်။

ကယ်တင်ခြင်း၏နည်းလမ်းတစ်ခုအဖြစ် မောရှေ၏ပညတ်တရားကို လိုက်နာစောင့်ထိန်းခြင်းကို အားပေးတိုးမြှင့်နေကြသည့် မှားယွင်းသောဆရာများကို ယုံကြည်မိခဲ့ကြသော ဂလာတိမြို့ရှိ ယုံကြည်သူတို့အား တမန်တော်ရှင်ပေါလုက ပြစ်တင်ကြိမ်းမောင်းခဲ့သည်။ ဂလာတိ ၃း၁-၃၌ ရှင်ပေါလုပြောဆိုကြိမ်းမောင်းခဲ့ပုံမှာ-

> မိုက်မဲသော ဂလာတိလူတို့ လက်ဝါးကားတိုင်မှာ အသေခံတော်မူသော ယေရှုခရစ်ကို သင်တို့မျက်မှောက်၌ထင်ရှားစွာ ပြပြီးသည်ဖြစ်၍ သမ္မာတရားကို နားမထောင်စေခြင်းငှာ၊ သင်တို့ကို အဘယ်သူပြုစားသနည်း။ ပညတ်တရား၏အကျင့် အားဖြင့် ဝိညာဉ်တော်ကို ခံရကြသလော။ သို့မဟုတ် ယုံကြည်ခြင်းတရားကို ကြားနာခြင်းအားဖြင့် ခံရကြသလောဟူသော အရာတစ်ခုကိုသာ သင်တို့၌ ငါသိလို၏။ ဤမျှလောက်ပညာမဲ့ကြသလော။ ဝိညာဉ်တော်ကို အမှီပြု၍ လုပ်စရှိပြီးမှ ဇာတိကိုအမှီပြု၍ ပြီးစေကြသလော။

ဖာရိရှဲများသည် သူတို့ခေတ်သူတို့အခါ၌ အလွန်လေးစားကြည်ညိုခြင်း ခံကြရသော ခေါင်းဆောင်များဖြစ်ကြသည်။ သို့သော်လည်း သူတို့နှင့်စပ်လျဉ်း၍ မဿဲ ၂၃း၁၅၌ သခင်ယေရှုပြောဆိုခဲ့ပုံမှာ

> ဟန်ဆောင်တတ်သော ကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ လူတစ်ယောက်ကိုပင် ဘာသာသွင်းခြင်းငှာ၊ ကုန်းကြောင်း၊ ရေကြောင်းပတ်လည် လှည့်၍ ဘာသာသွင်းပြီးသောသူကိုလည်း မိမိတို့ထက်နှစ်ဆ

သောငရဲသားဖြစ်စေကြ၏။

သခင်ယေရှု၏မိန့်ဆိုထားချက်အရဆိုလျှင် ဤဖာရိရှဲများသည် ကြောင်သူတော်များဖြစ်ကြပြီး၊ သူတို့သည် ဘာသာကူးပြောင်းလာသော သူတို့ကို "သရဲသား"များအဖြစ် ဖန်တီးခဲ့ကြသည်။ သိုးထိန်းကောင်း တစ်ယောက်ဖြစ်သည့်အားလျော်စွာ သခင်ယေရှုသည် ဖာရိရှဲတို့၏ သွန်သင်ချက်များနှင့် ပညတ္တိဆရာတို့၏ သွန်သင်ချက်များကို သတိထား ရှောင်ကြဉ်ကြရန် တပည့်တော်တို့အား မဿဲ ၁၆း၅-၁၂ တွင် သတိပေး ခဲ့သည်။ သခင်ကိုယ်တော်သည် တပည့်တော်တို့အား ထိုမှားယွင်းသော ဆရာများ၏အမှား၌ သားကောင်အဖြစ်သို့ ကျရောက်သွားရန် အလို မရှိခဲ့ပေ။

ထိုနည်းတူ ယနေ့တွင်လည်း များစွာသော မှားယွင်းသည့် သွန်သင်ချက်များသည် ကျွန်ုပ်တို့၏လက်တစ်ကမ်းတွင် ရှိနေကြသည်။ စစ်မှန်သော ယုံကြည်သူများပင်လျှင် လှည့်ဖြားခြင်းကိုခံ၍ မှားယွင်းသော အယူအဆသွန်သင်ချက်များအောက်၌ ပြိုလဲသွားနိုင်သည်။ ဤဓမ္မ အယူအဆများနှင့် ဆိုင်သော ရန်သူများသည် သိုးတို့အား နှစ်ပေါင်း များစွာ ဦးတည်ရာမဲ့ လမ်းပျောက်စေနိုင်ကြသည်။ ဘုရားသခင်နှင့် သူတို့ဘဝအသက်တာအတွက် ထားရှိသောဘုရားသခင်၏ ရည်ရွယ်ချက် များနှင့် ဆန့်ကျင်သောအရာများဖြစ်သည်။ သစ္စာရှိသောသိုးထိန်းသည် သိုးတို့အား အာရုံပြောင်းရန် ရှာကြံနေသောဓမ္မအယူအဆနှင့်ဆိုင်သည့် ရန်သူတို့ကို အထူးသတိပြု၍ ဤမှားယွင်းမှုများမှ သိုးတို့အား ကာကွယ် သတိပေးရန် ပြုလုပ်နိုင်သော အရာများကို စွမ်းစွမ်းတမံ လုပ်ဆောင် ရပေမည်။

## အပြစ်ဒုစရိုက်

ဘုရားသခင်၏သားသမီးများသည် ဓမ္မဆိုင်ရာ အယူအဆတို့၌သာ လမ်းပျောက်သွားနိုင်ကြသည်မဟုတ်၊ အပြစ်ဒုစရိုက်၌လည်း လဲပြိုသွားနိုင်ကြသည်။ ရှင်ပေါလုသည် ကောရိန္သုအသင်းတော်ရှိ အသင်းသူအသင်းသားများအား ဆူပူကြိမ်းမောင်းခဲ့သည်။ အဘယ်ကြောင့်ဆိုသော်ဖခင်၏ မယားနှင့်ကာမဂုဏ်ကျူးလွန်သောသူသည် ၎င်းတို့ထဲ၌ရှိနေသောလည်း ထိုသူကို မစီရင်ဘဲနေခဲ့သောကြောင့်ဖြစ်သည် (၁ကော ၅း၁)။ ၂တိ ၄း၁၀တွင်လည်း ဤလောကစည်းစိမ်ဥစ္စာများကို တပ်မက်သောစိတ်ကြောင့် ရှင်ပေါလုအားစွန့်ခွါခဲ့သော ဒေမအမည်ရှိလူတစ်ယောက်အကြောင်းကို မှတ်တမ်းတင်ထားသည်။ စုံစမ်းနှောင့်ယှက်ခြင်းသည် ယုံကြည်သူများအတွက် ရှိနေပါသည်။ သိုးတို့သည် ဤစုံစမ်းနှောင့်ယှက်ခြင်းများမှ ကင်းလွတ်မရနိုင်ပါ။ သင်၏အသင်းတော်ကိုလည်း လှမ်းကြည့်လိုက်ပါ။ အပြစ်ဒုစရိုက်၌ ပြိုလဲနေသောယုံကြည်သူများနှင့် သက်ဆိုင်သော အထောက်အထားများ ရှိပါသလား။ ကျွန်ုပ်တို့၏ရန်သူစာတန်မှာ အလွန်ပါးနပ်ကောက်ကျစ်သောသူ ဖြစ်သည်။ ဤလောကကြီးနှင့် ၎င်း၏ နည်းလမ်းများမှာ ဆွဲဆောင်မှုရှိနေသယောင်ထင်ရသောကြောင့် မြောက်မြားစွာသော သိုးတို့မှာ ဖြောင့်မတ်ခြင်းတရားလမ်းမှ လွဲ၍အပြစ် ဒုစရိုက်နှင့် ဆိုးညစ်ခြင်းလမ်းများသို့ လှည့်ဖြားခေါ်ဆောင်သွားခြင်းကို ခံကြ ရသည်။

အပြစ်ဒုစရိုက်၌လဲပြိုနေသော သိုးတို့သည် ၎င်းတို့ကို အပေါင်းဖေါ်ပြုရန်အလိုမရှိတော့သော အခြားသိုးများ၏ဘေးချိတ်ထားခြင်းကို ခံကြရသည်။ တစ်ခါတရံတွင် သူတို့သည် မိမိတို့၏အပြစ်များအတွက် အလွန်အရှက်ရမိကြသောကြောင့် ဤတသက်တွင် သိုးအုပ်စုထဲသို့

ပြန်ဝင်ရမည်ကို မတွေးဝံ့ကြတော့ပေ။ ပျောက်သောသိုးကဲ့သို့ပင် သူတို့သည် မိဿဟာယဖွဲ့ခြင်းမရှိဘဲ ခြေဦးတည့်ရာလျှောက်သွားကာ ဘုရားသခင်သည် သူတို့အား ခွင့်လွှတ်နိုင်မည့်အချက်၌ မသေမချာ၊ ဘုရားသခင်၏လူတို့က ၎င်းတို့အား ပြန်လည်လက်ခံကြဦးမည်အကြောင်း မရေမရာဖြစ်ရင်း လမ်းပျောက်နေကြတော့သည်။

ဘုရားသခင်နှင့် နှစ်နှစ်ကာကာ ကျွမ်းဝင်မှု

သိုးတို့သည် ဘုရားသခင်နှင့်ချစ်ကြည်ကျွမ်းဝင်မှုမှလည်း လမ်းလွဲသွားနိုင်ပါသည်။ ဤအချင်းအရာနှင့်ပတ်သက်၍ ဧဖက်အသင်းတော်မှာ ထင်ရှားသောဥပမာ တစ်ခုဖြစ်သည်။ ဤအသင်းတော်ထံ၌ပေးပို့ ထားသောဘုရားသခင်၏စိန်ခေါ်သံကို ဗျာဒိတ် ၂း၄-၅တွင် နားထောင် ကြည့်ပါ။

*သို့သော်လည်း သင်သည် ရှေးဦးစွာသော ချစ်ခြင်းမေတ္တာလျော့ပြီဟု သင်၌အပြစ်တင်စရာရှိ၏။ ထို့ကြောင့် သင်သည် မရွေ့လျော့မီ အရင်နေရာအရပ်ကို အောက်မေ့လော့။ နောင်တရလော့။ ရှေးဦးစွာသော အကျင့်ကို ကျင့်လော့။ သို့မဟုတ် သင်ရှိရာသို့ ငါသည်အလျင်အမြန်လာမည်။ နောင်တမရလျှင် သင်၏မီးခွက်ကိုနေရာမှ ရွှေ့မည်။*

ဧဖက်အသင်းတော်သည် ဓမ္မအယူအဆတို့၌၎င်း၊ ခရစ်ယာန်သက်သေခံခြင်းတို့၌၎င်း၊ အလွန်စွမ်းဆောင်နိုင်သောလည်း ခရစ်တော်အားချစ်မြတ်နိုးခဲ့သော ၎င်းတို့၏ချစ်ခြင်းမေတ္တာမှာ ယုတ်လျော့သွားခဲ့သည်။ ဤအချင်းအရာကြောင့် သခင်ကိုယ်တော်သည် ၎င်းတို့အားပြစ်တင်ကြိမ်းမောင်းခဲ့ပြီး၊ နောင်တရကြရန်အတွက် မိန့်ကြားထားခဲ့ပြန်သည်။ ထိုသို့မဖြစ်ပါက ၎င်းတို့၏မီးခွက်ကိုနေရာမှ ရွှေ့မည်ဟု သတိပေးခဲ့သည်။ သမ္မာတရားအား ထိန်းသိမ်းကာကွယ်ခြင်း၌၎င်း၊ ဘုရား

သခင်၏နိုင်ငံတော်ချဲ့ထွင်ခြင်း၌၎င်း စသည့်အမှုတော်များတွင် နစ်မွန်းသွားရန်မှာ အလွန်လွယ်ကူသောအရာဖြစ်သည်။ ဤသို့လုပ်ဆောင်ခြင်းသည် မကောင်းသောအရာတော့မဟုတ်သော်လည်း ဘုရားသခင်နှင့်ကျွန်ုပ်တို့ကြားရှိ ဆက်နွယ်ပတ်သက်ခြင်းတွင် အစားထိုးဝင်ရောက်လာပါက ကျွန်ုပ်တို့သည် ရုပ်တုကိုးကွယ်သောသူများဖြစ်လာကာ အပြစ်နှင့်မကင်းနိုင်ကြတော့ပေ။ ကျွန်ုပ်တို့သည် သမ္မာတရားအား ပေးသူကိုမဟုတ်ဘဲ၊ ထိုသမ္မာတရားကို ကိုးကွယ်နေနိုင်ကြသည်။ နိုင်ငံတော်ကိုအုပ်စိုးသောဘုရင်ကို ချစ်ခင်မြတ်နိုးရခြင်းထက် ထိုနိုင်ငံတော်အတွက်အမှု တော်ထမ်းခြင်းကို ကျွန်ုပ်တို့ ပိုမြတ်နိုးနိုင်ကြသည်။

တစ်ခါတရံ၊ အသင်းတော်များသည် ၎င်းတို့၏အချစ်ဦးမှ လုံးလုံးလျားလျားလမ်းလွဲသွေဖည်သွားကြသည်။ အချစ်ဦးနေရာတွင် အဆောက်အဦးကြီးများ၊ ဝတ်ပြုဆုတောင်းခြင်းအစီအစဉ်များ၊ ထုံးတန်းအစဉ်လာများ၊ အယူဝါဒများဖြင့် အစားထိုးကြသည်။ ဤသို့သော အသင်းတော်များ၌ရှိနေကြသောသိုးတို့သည် ဘုရားသခင်၏ရည်မှန်းချက်တို့မှ ဝေးလွင့်လမ်းလွဲ နေခဲ့ကြသည်။ သူတို့သည် ဘုရားသခင်၌ဝမ်းမြောက်ခြင်း၊ အားရကျေနပ်မှုရှိခြင်း စသောအစွမ်းသတ္တိတို့ကိုဆုံးရှုံးခဲ့ကြပြီး၊ ထိုနေရာ၌ဆုတောင်းဝတ်ပြုခြင်းအစီအစဉ်များ၊ အမှုတော်ဆောင်ခြင်း၊ သမ္မာတရား၊ ထုံးတန်းအစဉ်အလာများဖြင့် အစားထိုးနေရာပေးခဲ့ကြသည်။ ဆာလံဆရာသည် ဤအခြေအနေကိုသူ၏ ခေတ်ကာလ၌ လူမျိုးတော်တို့ထံတွင် တွေ့မြင်ခဲ့ရသောကြောင့် ဆာလံ ၈၅း၆တွင် ဘုရားသခင်အား ငိုကြွေးမြည်တမ်းခဲ့ခြင်းဖြစ်သည်။

*ကိုယ်တော်၏လူတို့သည် ကိုယ်တော်ကိုအမှီပြု၍ ဝမ်းမြောက်ပါမည်အကြောင်း၊ တဖန်အကျွန်ုပ်တို့ကို အသက်ရှင်စေတော်မူမည်မဟုတ်လော။*

အချစ်ဦးမေတ္တာတရား၊ ဘုရားသခင်၌ဝမ်းမြောက်ခြင်း၊ နှစ်ထောင်းအားရမှုရှိခြင်း စသည့်အစွမ်းအစတို့အား ဆုံးရှုံးသွားခြင်းကို ဝိညာဉ်ရေးရာသိုးထိန်းများက အဓိကထား၍ကိုင်တွယ်ဖြေရှင်းရပေမည်။ ဤအစွမ်းအစတို့အား ဆုံးရှုံးသွားသောသူတို့သည် အပြုသဘောဆောင်သော ယုံကြည်ခြင်းမျိုး၌ လမ်းပျောက်သွားကြကာ အတွင်းနှလုံးသား၌ ဘယ်သောအခါတွင်မျှ နှစ်သိမ့်ကျေနပ်မှုကို ရရှိနိုင်ကြမည်မဟုတ်တော့ပါ။ ထိုသူတို့အား ပြန်လည်ပြင်ဆင်မွမ်းမံကြရမည်။

လူမှုဆက်ဆံရေးများ

အသင်းတော်အတွင်းရှိ လူမှုဆက်ဆံရေးများကြောင့် အခြားသော သိုးများသည် လမ်းလွဲ၍ပျောက်ကွယ်နေကြသည်။ ဖိလိပ္ပိအသင်းတော်၌ရှိသော အမျိုးသမီးနှစ်ဦးအကြားရှိ ပြဿနာကို ဖြေရှင်းကြရန် ရှင်ပေါလုက တောင်းပန်ခဲ့သည်။ ဖိလိပ္ပိ ၄း၂ ၌ ရေးသားထားချက်နှင့် အတူ ရှင်ပေါလုက ဤသို့ပြောဆိုခဲ့သည်။

*ဧဝေါဒိနှင့်သုန္တုတ်တို့သည် သခင်ဘုရား၌သဘောတညီတညွတ်တည်းဖြစ်ရမည်အကြောင်းကို ငါတောင်းပန်သွေးဆောင်ပါ၏။*

အသင်းတော်အတွင်းရှိ ယုံကြည်သူနှင့်သဘောထားကွဲလွဲခြင်း၊ အကြောင်းအရာအား မတွေ့ကြုံဖူးသောသူ ကျွန်ုပ်တို့ထဲ၌ မည်သူများရှိနေသနည်း။ ဤသို့သော သဘောထားကွဲလွဲမှုများသည် စိတ်ဝမ်းကွဲမှုများအား အဖန်မည်မျှဖြစ်ပေါ်စေခဲ့သနည်း။ ယုံကြည်သူများပင်လျှင်မျက်စိ မှိတ်ဘက်လိုက်ခြင်း၊ မျက်နှာလိုက်၍ခွဲခြားဆက်ဆံခြင်းဟူသော၊ သားကောင်များအဖြစ်သို့ ရောက်ရှိကြရပါသည်။ တမန်တော်ရှင်ယာကုပ်သည် မျက်နှာလိုက် ခွဲခြားဆက်ဆံတတ်ခြင်းနှင့်စပ်လျဉ်း၍ အသင်းတော်အားသတိပေးခဲ့ဖူးပါသည်။ ဤကဲ့သို့သော ခွဲခြား

ဆက်ဆံခြင်းများသည် ခရစ်တော်၏ ကိုယ်တည်းဟူသော အသင်းတော် အတွင်း၌ စိတ်သဘောထားညီညွတ် ခြင်းအတွက် မည်သို့သော ကောင်းကျိုးကိုမျှ ဖော်ဆောင်ပေးနိုင်မည် မဟုတ်ကြောင်း သူတို့အား မိန့်ဆိုခဲ့သည်။ ယာကု ၂း၁-၄၌ တွေ့ရသော သူ၏ သတိပေးသံမှာ ဤသို့ဖြစ်ပါသည်။

*ငါ့ညီအစ်ကိုတို့ ဘုန်းကြီးတော်မူသောငါတို့သခင်ယေရှုခရစ်ကို ယုံကြည်ခြင်းအမှုမှာ၊ လူမျက်နှာကိုထောက်ခြင်း မရှိကြနှင့်။ ရွှေလက်စွပ်နှင့် တင့်တယ်သောအဝတ်ကို ဝတ်ဆင်သူ၊ ညစ်သောအဝတ်ကို ဝတ်၍ ဆင်းရဲသူနှစ်ဦးတို့သည် သင်တို့၏တရားဇရပ်သို့ ဝင်သောအခါ တင့်တယ်သော အဝတ်ကို ဝတ်ဆင်တူကို ကြည့်၍ကောင်းမွန်သော ဤအရပ်မှာ ထိုင်ပါဟူ၍၄င်း၊ ဆင်းရဲသူကို ဟိုမှာနေလော့။ သို့မဟုတ် ဤအရပ်မှာ ငါ့ခြေတစ်စုံအောက်၌ထိုင်လော့ဟူ၍၄င်း၊ သင်တို့သည် ပြောဆိုလျှင် တဘက်၌ငဲ့ကွက်သောစိတ်ရှိ၍ မကောင်းသော အကြံအစည်နှင့်စီရင်သောသူဖြစ်ကြသည်မဟုတ်လော။*

ရှင်ယာကုပ်လက်ထက်ရှိ အသင်းတော်အတွင်း၌ခွဲခြားဆက်ဆံခြင်း ခံခဲ့ရသော လူတစ်ယောက်အကြောင်းကိုစဉ်းစားသုံးသပ်ကြည့်ပါ။ အကယ်၍ထိုသူသည် အသင်းတော်သို့ရောက်ရှိလာချိန်တွင် အသင်းတော်အတွင်းရှိ လူများကသူ့အား အခြားသော ညီအစ်ကိုများထက် အရေး မပါဟု ချိုးနှိမ်၍ဆက်ဆံခဲ့ကြလျှင် မည်သို့သောစိတ်ချမ်းသာမှုမျိုးသူ၌ ရှိမည်ဟု သင်ထင်မိပါသနည်း။ အိမ်သို့လှည့်ပြန်သွားရန် ဆန္ဒမျိုးသူ၌ရှိမည်လော။ သခင်ယေရှုသည် လူအများက ပြစ်တင်ဝေဖန်လောက်သော အသက်တာမျိုးရှိသည့်သူများနှင့် မိတ်ဖွဲ့ခဲ့ခြင်းကြောင့် မကြာခဏဝေဖန်ရှုတ်ချခြင်းကို ခံခဲ့ရသည်။ ခမ္မသစ်ကာလရှိ အသင်းတော်သည် ကွဲပြားခြားနားသော ဓလေ့ထုံးစံများနှင့် အပြင်းအထန်

လုံးပန်းခဲ့ရသည်။ ဟေဗြဲအနွယ်ဝင်ဂျူးလူမျိုးများကို မျက်နှာသာပေးသည့် အနေဖြင့် ဂရိအနွယ်ဝင်ဂျူးများအား မည်သို့ လျစ်လျူရှုခဲ့ကြသည်ကို တမန်တော် ၆း၁တွင် ကျွန်ုပ်တို့ဖတ်ရှုကြရသည်။

*ထိုကာလ၌ တပည့်တော်တို့သည် များပြားသည်ရှိသောနေ့ရက် အစဉ်အတိုင်းလုပ်ကျွေးသောအခါ ဟေလေနစ်အမျိုး၊ မုဆိုးမတို့ကို မလုပ်ကျွေးဟု ထိုအမျိုးတို့သည် မြည်တမ်း၍ ဟေဗြဲလူတို့ကို ပြစ်တင်ကြ၏။*

ဤသို့သော ကွဲပြားခြားနားချက်များကို သခင်ယေရှုနှင့် ရှမာရိ အမျိုးသမီးတို့ ရေတွင်း၌တွေ့ဆုံခဲ့သည့်အချိန်တွင်လည်း တွေ့မြင်နိုင်သည်။ ဂျူးလူမျိုးများသည် ရှာမာရိလူမျိုးများနှင့် မိတ်ဆွေဖွဲ့ခြင်းမရှိကြကြောင်းကို ယောဟန် ၄း၉ တွင် ကျွန်ုပ်တို့ဖတ်ရှုကြရသည်။ ဂျူးလူမျိုးများနှင့် ရှာမာရိလူမျိုးတို့အကြားရှိ အမုန်းတရားကြောင့် သူတို့သည် အတူတကွ ရှင်သန်နေထိုင်ရန် မဖြစ်နိုင်ခဲ့ပါ။ အခြားသောအသင်းတော်(သို့) ယဉ်ကျေးမှုထုံးစံ(သို့)လူမှုရေးအဆင့်အတန်းရှိ ယုံကြည်သူများအပေါ်၌ထားရှိသော မျက်စိမှိတ် ဘက်လိုက်မှုများနှင့် ခါးသီးမှုများကြောင့် ဘုရားသခင်၏သားသမီးများသည် ဘုရားသခင်၏ရည်ရွယ်ချက်များမှ ဘယ်နှစ်ကြိမ်ဘယ်နှစ်ခါမျှ လမ်းလွဲသွေဖည်ခဲ့ကြပြီးပါသနည်း။

တစ်ခါတရံတွင် ယုံကြည်သူများအကြားရှိ မတူညီမှုများသည် ဆိုးရွားပြင်းထန်လာနိုင်ပြီး၊ မိဿဟာယဖွဲ့ခြင်းများအား ဟန့်တားနှောင့်ယှက်လာနိုင်သည်။ မာကုအမည်ရှိသော ယောဟန်နှင့် စပ်လျဉ်း၍ ရှင်ပေါလုနှင့် ဗာနဗတို့၌သဘောထားကွဲလွဲမှုများ ရှိနေခဲ့သည့်အကြောင်းကို တမန်တော် ၁၅း၃၇-၃၉၌ ဥပမာတစ်ခုအနေဖြင့် ကျွန်ုပ်တို့ တွေ့ရပါသည်။

*ဗာနဗသည် မာကုအမည် ရှိသော ယောဟန်အားခေါ် မည်ဟု အကြံ ရှိ၏။ ပေါလုက ပံဖုလိပြည်၌ သူတို့နှင့်ခွါ၍အမှုထမ်းရာသို့*

*လိုက်မသွားသော ထိုသူကို မခေါ်သင့်ဟု သဘောရှိ၏။ ထို အကြောင်းနှင့် အချင်းချင်း မသင့်ဖြစ်သဖြင့် တခြားစီသွား၍ ဗာနဗသည် မာကုကို ခေါ်ပြီးလျှင် ကုပရု ကျွန်းသို့ လွှင့်လေ၏။*

အသင်းတော်အတွင်း၌ ရှိစဉ် စိတ်နှလုံးထိခိုက်နာကျင်မှုများကို တွေ့ကြုံခံစားခဲ့ရသောကြောင့် အသင်းတော်တည်းဟူသော မိသားစုမရှိဘဲ နှစ်ပေါင်းများစွာ ဦးတည်ရာမဲ့လမ်းပျောက်နေသော ခရစ်ယာန်များကို ကျွန်ုပ်ကြုံဖူးပါသည်။ သူတို့ကို သိုးအုပ်တို့က လက်ကမ်းကြိုဆိုလျှက်ရှိနေကြောင်းကို လုံးဝမခံစားနိုင်ကြတော့ပါ။ ကျိုးပဲ့ကြေကွဲနေသော လူမှုဆက်ဆံရေးများက ဤသူတိုကို မိသဟာယဖွဲ့ခြင်းမှ သွေဖည်စေ၍ လမ်းပျောက်သွားရခြင်းဖြစ်သည်။ တစ်ခါတရံတွင် အခြားသိုးများက ဖန်တီးသောစိတ်နှလုံးထိခိုက်နာကျင်မှုများသည် နက်ရှိုင်းလွန်းသောကြောင့်ထိုဒဏ်ရာများကို ပြန်လည်ကုသရာတွင် နှစ်တော်တော်ကြာကြာ အချိန်ယူရသည်။ ပညာရှိသော သိုးထိန်းသည် ဤသို့သော ရန်သူကို သတိပြုရမည်ဖြစ်ပြီး၊ စိတ်သဘောထားညီညွတ်ခြင်းကို ဆက်လက်ထိန်းသိမ်းရန်အတွက်တတ်နိုင်သမျှစွမ်းဆောင်ရင်း ထိခိုက်နာကျင်နေသော သိုးတို့၏ဒဏ်ရာများကို ဆေးကြောကုသပေးရမည်ဖြစ်သည်။

**စစ်ဆေးခြင်းများနှင့်စမ်းသပ်ခြင်း**

သိုးများလမ်းလွဲ၍သွေဖည်သွားစေနိုင်သော အခြားနည်းလမ်းတစ်ခုမှာ ပြင်းထန်သောစစ်ဆေးခြင်းနှင့် စမ်းသပ်ခြင်းတို့အားဖြင့် ပင်ဖြစ်သည်။ တစ်ခါတရံတွင် ရန်သူသည် လူအင်အား၊ လက်နက်အင်အား အပြည့်အစုံနှင့်အတူ ဖျက်ဆီးရန်ရောက်လာသည်ဟု ထင်မှတ်ရသည်။ ထိုရန်သူ၏ပြင်းထန်သောတိုက်ခိုက်မှုသည် စစ်မှန်သောယုံကြည်သူများအား ၎င်းတို့၏ရှုမြင်သုံးသပ်ပုံများနှင့် အလေးထားသောအရာများကို

ဆုံးရှုံးသွားစေလောက်အောင်ပင် ကိုင်လှုပ်နိုင်သည်။ တစ်ခါတရံ၊ ယုံကြည်သူများသည် မိမိတို့၏ယုံကြည်ချက်ကိုပင် စတင်မေးခွန်းထုတ်လာကြပေမည်။ နှစ်ခြင်းဆရာယောဟန်သည် အသက်တာ၌ ကြီးမားသော စစ်ဆေးစမ်းသပ်ခြင်းကို တွေ့ကြုံရစဉ်အခါက သခင်ယေရှုကိုပင် မေးခွန်းထုတ်ခဲ့ပါသည်။ ယောဟန်က သူဟောကြားနေသော မေရှိယသည် သခင်ယေရှုဖြစ် မဖြစ်ကိုပင် အံ့သြနေခဲ့ရကြောင်းကိုလုကာ ၇း၂၀ တွင် အောက်ပါအတိုင်း ဖတ်ရှုရသည်။

*ထိုသူတို့သည် အထံတော်သို့ရောက်လျှင် ကိုယ်တော်သည် ကြွလာသောသူ မှန်သလော။ သို့မဟုတ် အခြားသူ ကို မျှော်မည်လောဟု မေးလျှောက်စေခြင်းငှာ၊ ဗတ္တိဇံဆရာ ယောဟန်သည် အကျွန်ုပ်တို့ကို ကိုယ်တော်ထံသို့ စေလွှတ်ပါပြီဟု လျှောက်ကြ၏။*

ဓမ္မဟောင်းကျမ်းရှိ ယောဘဝတ္ထုကို ဖွင့်၍ ဖတ်မည်ဆိုလျှင် ဘုရားသခင်အားကြောက်ရွံ့ရိုသေသော ဤပုဂ္ဂိုလ်သည် ၄င်းမွေးဖွားသည့် နေ့ရက်အား ဆဲရေးတိုင်းတွားရသည်အထိ ဘဝတွင်ဖြစ်လာရသည်။ ယောဘ ၃း၁၁-၁၄ရှိ သူ၏ညည်းတွားသံကို နားထောင်ကြည့်ပါ။

*ငါသည် မွေးစက အဘယ်ကြောင့်မသေသနည်း။ အမိဝမ်းထဲမှ ထွက်စက အဘယ်ကြောင့်အသက်မချုပ်သနည်း။ ငါ့ကို အဘယ်ကြောင့် ပိုက်ပွေ့ရသနည်း။ အဘယ်ကြောင့် နို့တိုက်ရသနည်း။ ထိုသို့မပြုလျှင် ငါသည် အိပ်၍ငြိမ်းပြီ။ ပျော်လျှက်နေရပြီ။ မြို့ပျက်တို့ကို ပြင်ဆင်ပြုစုသော လောကီရှင်ဘုရင်၊ မှူးမတ်တို့နှင့်၄င်း၊ ရွှေကိုရတတ်၍ ဘဏ္ဍာတိုက်၌ငွေကိုအပြည့်သိုထားသော မင်းတို့နှင့်၄င်း ငါငြိမ်းရပြီ။*

ကရမေလတောင်ပေါ်၌ ကြီးမားထူးကဲသော စမ်းသပ်မှုကြီးပြီးဆုံးသွားပြီးနောက်တွင် ပရောဖက်ဧလိယသည် တောအရပ်ရှိ စိတ်ငြိမ်သော တစ်နေရာတွင် ဘုရားသခင်အား အော်ဟစ်ငိုကြွေး၍

ဆုတောင်းနေခဲ့ကြောင်းကို ၃ရာ ၁၉း၃-၄ တွင်တွေ့ရသည်။

*ထိုအခါ ဧလိယသည် ကြောက်သဖြင့်၊ ထ၍အသက်လွတ်အောင် ယုဒခရိုင် ဗေရရှေဘမြို့သို့သွား၏။ ထိုမြို့၌ ကျွန်ကိုထားခဲ့၍ သူကိုယ်တိုင်သည် တောသို့တစ်နေ့ခရီးသွားပြီးလျှင်၊ ရသမ်ပင်ရောက်၍ ထိုင်လေ၏။ ထိုအခါ ကိုယ်အသက်သေရမည်အကြောင်း ဆုတောင်းလျက် ထိုထာဝရဘုရား၊ ယခုတန်ပါ၏။ အကျွန်ုပ်အသက်ကိုသိမ်းယူတော်မူပါ။ အကျွန်ုပ်သည် ဘိုးဘေးတို့ထက်သာ၍မကောင်းပါဟု မြည်တမ်းပြီး လျှင်၊*

ဘုရားသခင်၏ ထင်ရှားသော ဤပုဂ္ဂိုလ်သည် ဤလောက၌ ဆက်လက်၍ အသက်မရှင်လိုတော့ပါ။ လုံလုံလောက် လောက်ရှင်သန်ခဲ့ပြီးပါပြီ။ တွေ့ကြုံနေရသော ဆင်းရဲဒုက္ခတည်းဟူသော စစ်ဆေးခြင်းသည် သူ၏ခံနိုင်ရည်ထက်ကျော်လွန်နေသည်ဟု ထင်ရပါသည်။ အသက်တာ၌ လက်ခံရရှိခဲ့သောဘုရားသခင်၏ဆင့်ခေါ်ခြင်းမှ ရှောင်ခွါလျှက် အဝေးတစ်နေရာသို့ ထွက်သွားပြီး ဘဝကိုအဆုံးသတ်၍ သေပွဲဝင်ရန်ပင် အလိုရှိခဲ့ပါသည်။

ဤပုဂ္ဂိုလ်များသည် အသက်တာ၌စစ်ဆေးခြင်းနှင့်စမ်းသပ်ခြင်းတို့၏ လေလံသောဝန်ထုပ်တို့ကို တွေ့ကြုံခံစားခဲ့ကြပါသည်။ သူတို့အသက်တာတွင် ရှိသော ဘုရားသခင်၏ရည်ရွယ်ချက်တို့ကိုပင် မေးခွန်းထုတ်စရာအကြောင်း ဖြစ်လာရသည်။ သူတို့သည် လမ်းပျောက်၍ အကူအညီ မဲ့နေကြသောကြောင့် မျှော်လင့်ချက်များကိုပင် စွန့်လွှတ်ရန်အဆင့်ဆင့် ဖြစ်နေသည့်သိုးများနှင့် တူနေပါသည်။ ယနေ့တွင် အဘယ်မျှလောက်သော ယုံကြည်သူများသည် ဤအခြေအနေ၌ရှိနေကြပါသနည်း။ ရန်သူတို့၏ထိုးနှက်တိုက်ခိုက်ပုံမှာ ကြောက်ခမန်းလိလိပင်။ သူတို့သည် ဒဏ်ရာများနှင့်ပြည့်လျှက်၊ အကွယ်အကာမရှိ။ အကူအညီ

မဲ့ ပစ်ထား ခြင်းကို ခံခဲ့ကြပါသည်။ ဘာတွေများဖြစ်နေတာလဲဟူသော မေးခွန်းများနှင့်အတူ ဘုရားသခင်၏နိုင်ငံတော်ချဲ့ထွင်ရေးတွင် သူတို့၏ အခန်းကဏ္ဍများရှိပင် ရှိနေသလားဟု အံ့ဩနေကြရင်း လမ်းပျောက်နေကြပါသည်။

လျစ်လျူရှုခြင်း

သိုးများပျောက်ဆုံးခြင်းအကြောင်းသည် လျစ်လျူရှုခြင်းကြောင့်လည်း ဖြစ်နိုင်သည်ဟု နောက်ဆုံးအချက်အနေဖြင့် ဖော်ပြလိုက်ပါသည်။ မဿဲ ၉း၃၆-၃၈တွင် သခင်ယေရှုသည် လူအုပ်ကြီးအပေါ်၌ သနားခြင်း ဂရုဏာသက်မိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် သိုးထိန်းများမရှိသောသိုးများနှင့် တူသောကြောင့် ဖြစ်သည်။ ထိုနေ့ရက်ကာလတို့တွင် ဣသရေလပြည်ကြီး၌ ဝိညာဉ်ရေးရာခေါင်းဆောင်များစွာ ရှိနေခဲ့ကြသော်လည်း သူတို့သည် မိမိတို့၏ တာဝန်ဝတ္တရားကို မကျေပွန်ခဲ့ကြပါ။ သူတို့သည် သိုးတို့အား မစောင့်ရှောက်ခဲ့ကြပါ။ ဖာရိရှဲတို့သည် အပြစ်သားများကို အဝေးမှ ရှောင်ခွါ၍ သူတို့နှင့် မိတ်ဆွေဖွဲ့ခြင်းကို ငြင်းဆန်ခဲ့ကြသည်။ သိုးများအပေါ်၌ အလေးမထား၊ လျစ်လျူရှုတတ်သောသူတို့၏အပြုအမူကြောင့် မြောက်မြားစွာသောသူတို့သည် မှားယွင်းသောသွန်သင်ခြင်းများ နှင့် ဒုစရိုက်လွှမ်းသောအသက်တာများ၌ ဦးတည်ရာမဲ့လျှောက်လှမ်းရင်း လမ်းပျောက်နေကြပါသည်။ ဤသိုးထိန်းများသည် သိုးတို့အား ကျွေးမွေးခြင်း၊ ပြုစုပျိုးထောင်ခြင်းနှင့်ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကို မပြုခဲ့ကြသောကြောင့် မြောက်မြားစွာသော သိုးတို့မှာ အပြစ်ဒုစရိုက်၌ ဦးတည်ချက်မဲ့လမ်းပျောက်နေကြရပါသည်။

အသေအချာ ပြောနိုင်သောအကြောင်းအရာတစ်ခုမှာ

ကျွန်ုပ်တို့၏ ရန်သူသည် ဘုရားသခင်အကြံအစည်နှင့် လုပ်ဆောင်မှုများကို ဖျက်ဆီးရန် ရှာကြံနေသောကြောင့် အလွန်အလုပ်ရှုပ်နေပါသည်။ သူ၏ကြိုးပမ်းအားထုတ်မှုကို အသင်းတော်အပေါ်၌၎င်း၊ အထူးသဖြင့် ကွယ်ကာရာမဲ့သိုးများအပေါ်၌၎င်း၊ အဓိကပစ်မှတ်ထားသည်။ သိုးတို့အား ဝါးမြို စားသောက်ရန် သူ၏ကြိုးပမ်းမှုများကို မည်သည့်အကြောင်းနှင့်မျှ ရပ်တန့် မည်မဟုတ်ပါ။ သူ၏တိုက်ခိုက်မှုအောက်၌ များစွာသောသူတို့မှာ လဲပြိုပျက်စီးခဲ့ကြရပါသည်။

ဤအချက်ကို ရှင်းရှင်းလင်းလင်းဖြစ်စေချင်သည်။ ကျွန်ုပ်တို့သည် တစ်ဦးတစ်ယောက်၏ကယ်တင်ခြင်းဆုံးရှုံးခြင်း အကြောင်းကို ပြောနေသည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် လုံခြုံစိတ်ချရပြီဟု ဆိုနေစဉ်တွင်ပင် မှားယွင်းသောသွန်သင်ခြင်းတို့၌ ရောယောင်လိုက်ပါသွားစေမည့် ယုံကြည်သူတို့ ရင်ဆိုင်နေရသောစုံစမ်း နှောက်ယှက်ခြင်းများ၊ ဒုစရိုက်လွှမ်းသော အပြုအမူများ(သို့)အသင်းတော်၏ ရှောင်ရှားခြင်းကိုခံရသည်ဟူသော ခံစားချက်များမှာ လက်တွေ့တွင် အမှန်ဖြစ်ပျက်နေသော အကြောင်းအရာများဖြစ်ကြသည်။ ဘုရားသခင်သည် ဤသို့ ဦးတည်ရာမဲ့လျှောက်သွားရင်း လမ်းပျောက်နေသော သိုးတို့ကို အထူးအလေးထားသည်။ သခင်ယေရှုသည် ဤပုံဥပမာအား "သင်တို့တွင် တစ်စုံတစ်ယောက်သောသူ၌ သိုးတစ်ရာရှိ၍ သိုးတစ်ကောင်ပျောက်လျှင်"ဟူသော မိန့်ကြားချက်ဖြင့် စတင်ထားပါသည်။ ကျွန်ုပ်တို့၏ အလယ်ရှိ လမ်းပျောက်နေသော ယုံကြည်သူများကို ကျွန်ုပ်တို့ပုံဖမ်းမိကြသလော။ သူတို့၏ ဇဝေဇဝါဖြစ်နေသောအခြေအနေကို ကျွန်ုပ်တို့ရှုမြင်နိုင်ကြသလော။ သူတို့၏စိတ်နှလုံးနာကျင်မှုများကိုကျွန်ုပ်တို့မျှဝေ ခံစားပေးကြသလော။ သူတို့၏အကြောင်းအရာကို ကျွန်ုပ်တို့အလေးထားကြသလော။ ဤအနက်ဖွင့်ဆိုကာကျမ်းသည် လမ်းပျောက်နေသောသူတို့အား တွေ့မြင်

နိုင်ရန် ကျွန်ုပ်တို့၏မျက်လုံးများကို ဖွင့်ပေးရုံသာမက သူတို့လိုအပ်လျှက်ရှိသောအရာများကို ဖေးမကူညီရာ၌ ပို၍ပြည့်စုံကောင်းမွန်သောအသိဉာဏ်ကို ပေးကမ်းရန်မှာ ကျွန်ုတော်၏ဆုတောင်းသံဖြစ်သည်။

စဉ်းစားသုံးသပ်ရန်အချက်များ

* ယုံကြည်သူတစ်ဦးသည် မှားယွင်းသောအယူဝါဒများ (သို့) မိမိလျှောက်ရမည့်လမ်းမှ သွေဖည်၍လမ်းပျောက်နိုင်ပါသလား။ စစ်မှန်သောခရစ်ယာန်ယုံကြည်သူများသည် သူတို့အတွက် ဘုရားသခင်က သတ်မှတ်ထားသည့် လမ်းမှ မည်သို့သွေဖည်၍လမ်းပျောက်သွားနိုင်ပါသည်။ ဉပမာ အချို့ကို ဖော်ပြပါ။
* သင့်ကိုသင် လမ်းပျောက်ခဲ့ဘူးပါသည်ဟု ခံစားဘူးပါသလား။ ထိုသို့လမ်းပျောက်ရန် ဖန်တီးသော အကြောင်းအရာကားအဘယ်အရာနည်း။
* ကျွန်ုပ်တို့၏အချစ်ဦးကို ဆုံးရှုံးလာသည်အထိ ဘုရားသခင်၏အမှုတော်အတွက်၄င်း၊ သမ္မာတရားကို ကာကွယ်ထိန်းသိမ်းရာ၌၄င်း၊ အစွမ်းကုန်ပေးဆပ်ပါဝင်ခြင်းသည် ဖြစ်နိုင်ပါသလား။
* သင်တို့၏အသင်းတော်ထဲ၌ လမ်းပျောက်နေသောယုံကြည်သူများရှိပါသလား။ ထိုသူတို့အား ကူညီဖေးမရန် သင်အား သခင်ကိုယ်တော်က မည်သည့်အရာများကို လုပ်စေလိုသနည်း။

ဆုတောင်းရန်အချက်များ

* ကျွန်ုပ်တို့သည် အပြစ်၌လဲပြိုစဉ် လမ်းမှန်မှ သွေဖည်၍လမ်းပျောက်နေချိန်၌ပင် သခင်ကိုယ်တော်သည် ကျွန်ုပ်တို့အား မည်သည့်အခါမျှ ပစ်မထား (သို့) စွန့်လွှတ်မသွားသောကြောင့် သူ့အား ကျေးဇူးတင်ပါ။

* အသက်တာတွင် စုံစမ်းခြင်းများနှင့် စမ်းသပ်ခြင်းများကို ရင်ဆိုင်ရန်အတွက် ကျေးဇူးတော်နှင့် ခွန်အားသတ္တိများကို သခင်ကိုယ်တော်အားတောင်းလျှောက်ပါ။ ထိုသို့သော အချိန်များ၌ သူ့အထံပါးသို့ သင့်အားဖေးမယူဆောင်သွားရန် တောင်းလျှောက်ပါ။
* အသင်းတော်ရှိ လမ်းပျောက်နေကြသောသူများကို သင် ပို၍ချစ်တတ်လာပြီး၊ သနားခြင်းဂရုဏာ ပို၍ရှိလာရန် သခင် ကိုယ်တော်ထံ၌ ကူညီမစခြင်းကို တောင်းလျှောက်ပါ။ ထိုသူတို့ လမ်းမှန်သို့ ပြန်ရောက်လာစေရန် သင်ပြုလုပ်ရမည့် ကူညီမစမှုများကို ဖော်ပြရန် ကိုယ်တော်အားတောင်းလျှောက်ပါ။
* သင်၏ အသင်းတော်ရှိ ဝိညာဉ်ရေးရာ သိုးထိန်းများ အတွက် ဆုတောင်းချိန် အနည်းငယ်ယူပါ။ သူတို့သည် ပျောက်ဆုံးနေသောသိုးများအပေါ်၌ ချစ်ခြင်းဂရုဏာပြသနိုင်ရန်နှင့်ဖေးမကူညီရန်အတွက် အစွမ်းအစများကို ဘုရားသခင်မှ ပံပိုးပေးကမ်းရန် တောင်းလျှောက်ပေးပါ။
* ကျွန်ုပ်တို့၏နေ့ရက်ကာလများ၌ သိုးတို့အား ဖျက်ဆီးရန်အတွက် ရှာကြံနေသော မြောက်မြားလှသည့် ရန်သူများကို ပုံမှန်ဖမ်းချုပ်တားဆီးနိုင်မည့် အမြော်အမြင်များကို ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။

## ၃။
## ကိုးဆယ်ကိုးကောင်ကို ထားခဲ့ခြင်း

*"ကိုးဆယ်ကိုးကောင်သောသိုးတို့ကို တောတွင်ထားခဲ့ပြီး" (လုကာ၊ ၁၅း၄)။*

သိုးအုပ်အတွင်းရှိ သိုးတစ်ကောင် လမ်းပျောက်သောအခါ၌၄င်း၊ အသက်အန္တရာယ်နှင့်ကြုံသောအခါတွင်၄င်း၊ သိုးထိန်းများသာမန်အားဖြင့်ပြုလုပ်ကြမည့်အရာကား အဘယ်နည်း။ အခန်းငယ် ၄၌ သခင်ယေရှု၏စကားလုံးများကို နားထောင်ကြည့်ပါ။ "ကိုးဆယ်ကိုးကောင်သောသိုးတို့ကို တောတွင်ထားခဲ့ပြီ။" ဤနေရာတွင် တွေ့ရသော သခင်ယေရှု၏မိန့်ဆိုထားချက်ကိုစဉ်းစားသုံးသပ်ရန် အချိန်အနည်းငယ်ယူကြပါစို့။

"ထားခဲ့ပြီး" ဟူသော ပထမစကားလုံးကို လေ့လာသုံးသပ်ကြည့်ပါ။ သိုးတစ်ကောင်ပျောက်ဆုံးသောအခါ သစ္စာရှိသော သိုးထိန်းသည် မိမိလုပ်လက်စအလုပ်ကို ထားခဲ့ပြီး၊ ထိုသိုးအားလိုက်လံရှာကြံခြင်းမှာ သာမန်လုပ်ရပ်တစ်ခုသာဖြစ်ကြောင်းကို ဤစကားလုံးများမှ သွယ်ဝိုက်၍ညွှန်းဆိုနေသည်။ သိုးထိန်းတစ်ယောက်သည် ၄င်း၏သိုးတစ်ကောင်ပျောက်ဆုံးခဲ့လျှင် ထိုသိုးမှာမိမိ အဓိကထားရမည့်အရာဖြစ်လာသည်။ သစ္စာရှိသော ဤသိုးထိန်း၏နှလုံးသားသည် ပျောက်သောသိုးအတွက် ကြေကွဲနေရပါသည်။ ပျောက်သောသိုး၏ ရှင်သန်ရေးနှင့်ကျန်းမာရေးသည် အန္တရာယ်ရှိနေသည်။ သိုးထိန်းသည် မိမိအစွမ်းရှိသမျှကို အသုံးပြုပြီး၊ ထိုသိုးကို ကာကွယ်ရန်နှင့် ကယ်တင်ရန် ကြိုးစားပါလိမ့်မည်။

"ကိုးဆယ်ကိုးကောင်သောသိုးတို့ကို . . . ထားခဲ့ပြီ" ဟူသော စကားလုံးများကိုလည်း ဆက်လက်သုံးသပ်ကြည့်ပါ။ ဂရုစိုက်ရန် လိုအပ်နေသောသိုးကိုဖေးကူစောင့်ရှောက်ရန်အတွက် အခြားသောသိုးများကို တစ်ခါတရံ ဘေးသို့ချထားရမည်အကြောင်း အထက်ပါစကားလုံးများက ဖော်ပြနေသည်။ ဤသို့သောအပြုအမူကိုသိုးများအား လျစ်လျူရှုသောအပြုအမူအဖြစ်ကျွန်ုပ်တို့မရှုမြင်သင့်ပါ။ သိုးထိန်းသည် ပျောက်ဆုံးနေသော သိုးကို လိုက်လံရှာဖွေခြင်းဖြင့် အခြားသောသိုးတို့၏ခန္ဓာကျန်းမာရေးကို တစ်နည်းတစ်လမ်းဖြင့် ထိန်းသိမ်းစောင့်ရှောက်နေပါသည်။

သင်၏လက်ချောင်းတစ်ချောင်းကို တူနှင့်ထုမိသည်ဟု စိတ်ကူးကြည့်ပါ။ ထိုလက်ချောင်းတစ်ချောင်းကြောင့် သင်၏ကိုယ်ခန္ဓာတစ်ခုလုံးသည်လည်း နာကျင်ခြင်းကို ခံစားရမည်သာ။ အလားတူပင် အသင်းတော်အတွင်း၌ ယင်းကဲ့သို့ ဖြစ်ကြောင်း ၁ကော ၁၂း၂၁-၁၆ တွင် တမန်တော်ပေါလုက ရှင်းလင်းစွာဖြင့်ဖော်ပြရေးသားထားသည်။

*မျက်စိက သင့်ကို ငါအလိုမရှိဟု လက်ကိုမဆိုရ။ ထိုနည်းတူဦးခေါင်းက သင်တို့ကို ငါအလိုမရှိဟု ခြေတို့ကို မဆိုရ။ ထိုမျှမက အားနည်းဟန်ရှိသော အင်္ဂါတို့သည် သာ၍အသုံးဝင်ကြ၏။ အသရေနည်းဟန်ရှိသော အင်္ဂါတို့အားလည်း သာ၍ကြီးသော အသရေကိုပေးတတ်၏။ တင့်တယ်ခြင်းမရှိသောအင်္ဂါတို့သည် သာ၍ကြီးသော တင့်တယ်ခြင်းကို ခံရကြ၏။ တင့်တယ်လျက်ရှိသော အင်္ဂါတို့သည် အဝေးတင့်တယ်ခြင်းကို မလိုကြ။*

*ကိုယ်ခန္ဓာ၌ အချင်းချင်းကွဲပြားခြင်းမရှိဘဲ၊ အင်္ဂါများစွာတို့သည် အချင်းချင်းသူ့ကို ကိုယ်နှင့်အမျှ သတိပြုစေခြင်းငှာ၊ ဘုရားသခင်သည် ကိုယ်ခန္ဓာကိုမျှစေ၍ ထုတ်ဖော်အင်္ဂါအား သာ၍များသော အသရေကို ပေးတော်မူ၏။ သို့ဖြစ်၍ အင်္ဂါတစ်ခုတည်းဆင်းရဲခြင်းကို ခံရလျှင် အင်္ဂါ*

*အပေါင်းတို့သည် အတူခံရ၏။ အင်္ဂါတစ်ခုတည်းချီးမြှောက်ခြင်းကို ခံရလျှင် အင်္ဂါအပေါင်းတို့သည် အတူဝမ်းမြောက်ရကြ၏။*

ဘုရားသခင်သည် အသင်းတော်တည်းဟူသော ခရစ်တော်၏ ကိုယ်ခန္ဓာအတွင်း၌ ကျွန်ုပ်တို့တစ်ဦးစီအား ရည်ရွယ်ချက်တစ်ခု အတွက်ထားရှိထားသောကြောင့် အသေးငယ်ဆုံးအသင်းဝင် လမ်း ပျောက်သွားသောအခါ အသင်းတော်တစ်ခုလုံး ထိခိုက်ခံစားရပါသည်။ ဆိုလိုသည်မှာ သစ္စာရှိသော သိုးထိန်းသည် သိုးအုပ်ထဲမှ အင်အားချည်း နဲ့ဆုံးသိုး၏ အရေးပါ အရာရောက်မှုကို ဘယ်သောအခါတွင်မျှ လျော့တွက်မည် မဟုတ်ပါ။ သိုးထိန်းသည် လမ်းပျောက်သွေဖည်နေသော သိုးကို မိမိ အစွမ်းရှိသမျှဖြင့် အရာအားလုံးကို ပြုလုပ်ကြိုးစားပါလိမ့်မည်။ ထိုသို့ ပြုလုပ်ခြင်းအားဖြင့် အသင်းတော်သည် ၎င်းအတွက် ဘုရားသခင်ရည်ရွယ်ထားသည့်အတိုင်း အရာရာတိုင်းတွင်ဖြစ်လာမည်။ အသင်းတော်တည်းဟူသော ခန္ဓာကိုယ်ကျန်းမာသန်စွမ်းရန်အတွက် ဆိုလျှင်၊ လမ်း ပျောက်သွေဖည်နေသောသူအား ပြန်လည်ဖေးမကူညီ၍ လမ်းမှန်သို့ ပို့ဆောင်ရန်အချက်ကို ဦးစားပေးရမည်။ ပျောက်ဆုံးနေသောသိုးအား လျစ်လျူမရှုသင့်၊ မစွန့်လွှတ်သင့်ပါ။ ထို သိုးအား ပြန်လည်ဖေးမကူညီ၍လမ်းမှန်ရောက်အောင် နည်းလမ်းမျိုးစုံဖြင့် ကြိုးစားရမည်။ အသင်းတော်၏ကျန်းမာစိုပြေရေးသည် ပျောက်ဆုံးနေသောသိုးအား ပြန်လည်ရှာဖွေ၍ ခရစ်တော်၏ခန္ဓာကိုယ်ထဲရှိ ၎င်း၏နေရာနှင့် ၎င်း၏ အခန်းကဏ္ဍအတွင်းသို့ ပြန်လည်ဖေးမပို့ဆောင်ခြင်းအပေါ်၌ မူတည်နေ၏။

သိုးထိန်းအတွက် ပုံမှန် ကျန်းမာနေသောသိုးကိုးဆယ်ကိုး ကောင်ကို အာရုံစိုက်ရန်မှာ အတော်လေးလွယ်ကူပါလိမ့်မည်။ လမ်းမှန်မှ လွဲနေသော သိုးတစ်ကောင်နှင့်ဆက်ဆံလျှောက်လှမ်းရသည်ထက်

ကိုးဆယ်ကိုးကောင်နှင့် ဆက်ဆံလုပ်ကိုင်ရသည်က ပို၍လွယ်ကူပါသည်။ ကိုးဆယ်ကိုးကောင်သောသိုးတို့သည် ၎င်းတို့လုပ်သင့်လုပ်ထိုက်သည့် အရာများကိုသာ လုပ်ဆောင်နေကြသည်။ ၎င်းတို့သည် သိုးထိန်းနှင့် ဆက်ဆံလုပ်ဆောင်ခြင်း၊ သစ္စာရှိရှိလက်တွဲခြင်းတို့အတွက် အစဉ်စိတ်ဓါတ်တက်ကြွနေကြသည်။ အချို့သော သိုးထိန်းများ၏အမြင်တွင် လမ်းလွဲသို့ လိုက်နေသော(သို့မဟုတ်)သိုးအုပ်၌ပင် မနေတော့ဟု ယူဆရသောသိုးတစ်ကောင်၏နောက်သို့ လိုက်လံရှာဖွေရန်အတွက် ကျန်သော ကိုးဆယ်ကိုးကောင်အား ထားခဲ့ရန်မှ မှန်ကန်သည့်လုပ်ရပ်မဟုတ်ဟု ထင်မှတ်ကြသည်။ သို့သော်လည်း သစ္စာရှိသောသိုးထိန်းအတွက်မူ သိုးတစ်ကောင်ကလေးကိုမျှ ရန်သူလက်ထဲပစ်ထားရန်ကိုပင် မတွေးဝံ့ပါ။ လမ်းလွဲသို့လိုက်နေသောသိုးအတွက် သူ၏နှလုံးသား ကြေကွဲလျက်ရှိသည်။ သိုးထိန်းသည် ထိုသိုးအား ဖေးမကူညီရန် လုံခြုံစိတ်ချရသောသိုးအုပ်အတွင်းသို့ ပြန်လည်ခေါ်ဆောင်သွတ်သွင်းရန် စွမ်းစွမ်းတမံကြိုးစားပါလိမ့်မည်။

ကိုးဆယ်ကိုးကောင်သောသိုးတို့အား ထားခဲ့ရန်မှာ လွယ်သောအလုပ်တော့မဟုတ်ပါ။ အနေသားကျပြီးသား ကိုးဆယ်ကိုးကောင်သောသိုးတို့အား ထိန်းကျောင်းလမ်းပြခြင်းထက် လမ်းလွဲလိုက်နေသော သိုးတစ်ကောင်အား လမ်းမှန်သို့ ပြန်လည်ဖေးမပို့ဆောင်ရာတွင် ကြိုးစားအားထုတ်မှု ပေးရန် ပို၍လိုအပ်သည်။ ဤလောကကြီး၏အမြင်တွင်လမ်းလွဲသို့လိုက်၍ ပုန်ကန်ဖီဆန်နေသော သိုးကို အုပ်စိုးထိန်းကျောင်းနေခြင်းထက် သစ္စာရှိသောသိုးကိုးဆယ်ကိုးကောင်တို့ကို အုပ်စိုးထိန်းကျောင်းခြင်းက ပို၍ဂုဏ်ရှိပါသည်။ အချို့သောသိုးထိန်းများသည် ပျောက်ဆုံးနေသောသိုးတစ်ကောင်ကို ရှာဖွေရာ၌ ကြုံတွေ့ရမည့်အခက်အခဲများ၊ မရေရာမှုများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် ရှိပြီးသား စည်းစိမ်နှင့်သက်သာချောင်

ချိမှုတို့ကို စွန့်ပစ်ရန် ဆန္ဒမရှိကြပါ။

ဤနေရာတွင် ကျွန်ုပ်တို့နားလည်ထားရမည့်အချက်မှာ ကိုးဆယ်ကိုးကောင်သောသိုးတို့ကို ထားခဲ့သည်ဟု ဆိုရာတွင် ၄င်းတို့အား လျစ်လျူရှု၍အကွယ်အကာမဲ့စွာ ထားခဲ့ခြင်းကို ဆိုလိုခြင်းမဟုတ်။ သမ္မာကျမ်းစာခေတ်ကာလရှိ သိုးထိန်းများသည် သိုးထိန်းခြင်းကို တစ်ကိုယ်တည်းမလုပ်ဆောင်ကြပါ။ သစ္စာရှိသောသိုးထိန်းသည် ပျောက်ဆုံးနေသောသိုးကို လိုက်လံရှာဖွေရန် ထွက်ခွါသွားသောအခါ သူသည်ကျန်သော သိုးအုပ်အား ၄င်း၏လုပ်ဖော်ကိုင်ဖက်များက ကြည့်ရှုစောင့်ရှောက်ကြမည့်အကြောင်း အသေအချာစီစဉ် ပြုလုပ်ထားခဲ့သည်။ သိုးထိန်း မရှိသောအချိန်၌ ၄င်း၏လုပ်ဖော်ကိုင်ဖက်များက သိုးတို့အား ကြည့်ရှုစောင့်ရှောက်ထားကြမည် ဖြစ်သည်။

သိုးထိန်းသည် ပျောက်ဆုံးနေသောသိုးကို လိုက်ရှာရန်အတွက် ထွက်ခွါချိန်တွင် သူသည် ကျန်သောသိုးတို့အား “လေဟာပြင်(တော)” ၌ထားခဲ့ကြောင်းကိုသတိပြုပါ။ ကိုးဆယ်ကိုးကောင်သောသိုးတို့အား လေဟာပြင်၌ထားခဲ့ခြင်းသည် ၄င်းသိုးတို့အား အန္တရာယ်တကမ်း၌ထားခဲ့သည်ဟု မဆိုလိုပါ။ လေဟာပြင်၌ ထားခဲ့ရာတွင် အန္တရာယ်ပေါင်းများစွာရှိနိုင်သော်လည်း တဖက်တွင် သိသာထင်ရှားသောအကျိုးအမြတ်များလည်း ရှိနေပါသည်။ လေဟာပြင်တွင် သိုးထိန်းသည် ရန်သူချဉ်းကပ်လာနေသည်ကို အလွယ်တကူ တွေ့မြင်နိုင်သည်။ အကြောင်းမှာ ရန်သူပုန်းကွယ်ရန်နေရာမရှိသောကြောင့်ဖြစ်သည်။ ဤလေဟာပြင်သည် သိုးထိန်းနှင့်သိုးတို့အား တစ်ပန်းသာစေသည်။ လေဟာပြင်၌ရှိနေခြင်း၏ ဒုတိယမြောက်အကျိုးကျေးဇူးမှာ သိုးတို့သည် လှည့်လည်သွားရန်နှင့် စားကျက်အတွက် မြေနေရာကျယ်ဝန်းစွာ ရရှိကြခြင်းဖြစ်သည်။ ထို့ကြောင့် ဤလေဟာပြင်၌ထားခဲ့ခြင်းဖြင့် သိုးတို့သည် အကောင်းဆုံး

ကွယ်ကာမှုကို ရရှိထားပြီး၊ အစားအသောက်လည်း အပြည့်အဝ ပံ့ပိုးမှုကို ရရှိကြပါသည်။ ပျောက်သောသိုးအား ရှာဖွေရန်အတွက် ထွက်ခွါမသွားမီ၊ သစ္စာရှိသော သိုးထိန်းသည် ကိုးဆယ်ကိုးကောင်သော သိုးတို့အားလုံးအတွက် လုံလောက်သော ကျေးမွေးစောင့်ရှောက်ခြင်းနှင့် ၎င်းတို့၏လုံခြုံရေးကို သေချာအောင် လုပ်ဆောင်ထားခဲ့ပါသည်။

ကိုးဆယ်ကိုးကောင်းသောသိုးတို့အား လေဟာပြင်၌ အကျနဆုံး ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ပြုလုပ်ပြင်ဆင်ပြီးနောက်တွင် သစ္စာရှိသောသိုးထိန်း၏ယခုဦးစားပေးရမည့်အရာမှာ ပျောက်သောသိုးကို ရှာဖွေခြင်း ဖြစ်ပါသည်။ သိုးထိန်းသည် ရှေ့တွင် မည်သည့်အရာများဖြစ်လာမည်ကို မသိ၊ မိမိရောက်ဖူး မသိဖူးသည့်တောကြမ်းထဲ၌ ပျောက်သောသိုးကို လိုက်လံရှာဖွေရန် လက်ရှိစည်းစိမ်နှင့်သက်သာချောင်ချိမှုတို့ကို ထားခဲ့ပါသည်။ ပျောက်သောသိုးကို လိုက်လံရှာဖွေရာ၌ကြုံတွေ့ရမည့် အချို့သော အခက်အခဲများကို လာမည့်နောက်တခန်းတွင် ကျွန်ုပ်တို့ သုံးသပ်လေ့လာ သွားကြမည်။

အခန်း ၄ ရှိစကားလုံးတို့ကို လေ့လာကြသည်နှင့်အမျှ အရေးကြီးသောမေးခွန်းအချို့ကို ကိုယ့်ကိုကိုယ်မေးရန်လိုအပ်ပါသည်။ ပျောက်ဆုံးနေသောသိုးအတွက် ထားရှိသောသိုးထိန်း၏စိတ်နှလုံးကို ကျွန်ုပ်တို့ မျှဝေခံစားကြပါသလား (သို့) ကျန်းမာ၍အခြေအနေကောင်းနေသော သိုးကိုးဆယ်ကိုးကောင်ကို စောင့်ရှောက်ရန်အတွက်သာ ကျွန်ုပ်တို့၏ အစွမ်းအစများကို စွမ်းစွမ်းတမံစိုက်ထုတ်နေကြပါသလား။ လမ်းလွဲ၍ ပျောက်ဆုံးနေသောသူတို့နှင့် စပ်လျဥ်း၍ သင့်အသင်းတော်၏တုန့်ပြန်မှုကား အဘယ်နည်း။ ဦးတည်ရာမဲ့ပျောက်ဆုံးနေသောသူသည် အသင်းတော်အတွက် မည်သို့တန်ဖိုးရှိသည်(သို့)အရေးပါသည့်အကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ကြပါသလား။ ထိုသူအား ပြန်လည်ဖေးမ၍သိုးအုပ်

ဆီသို့ ယူဆောင်လာခြင်း မပြုနိုင်မချင်း၊ အသင်းတော်သည် ခန္ဓာကိုယ် တစ်ခု အနေဖြင့် ခံစားရမည့်အကြောင်း ကျွန်ုပ်တို့နားလည်ပါသလား။ သိုးတစ်ကောင်စီတိုင်းသည်အရေးပါ၍ သိုးအုပ်၏ ကောင်းရာ ကောင်းကျိုးအတွက် တစ်စုံတစ်ခုကို ထည့်ဝင်ပေးကမ်းနေကြပါသည်။ သစ္စာရှိသော သိုးထိန်းသည် ဤအချက်ကို သိရှိနားလည်ထားပြီး၊ သိုးအုပ်၏ကောင်းကျိုးအတွက် ထိုပျောက်သောသိုးကို ပြန်လည်ဖွေးမ၍ လမ်းမှန်သို့ ခေါ်ဆောင်နိုင်ရန် မိမိတတ်နိုင်သမျှအားလုံးကို ပြုလုပ်ပါ လိမ့်မည်။ ဤပျောက်သော သိုးသည် သူ၏ပထမဦးစားပေးသည့် အရာ ဖြစ်လာသည်။ ပျောက်သောသိုး သည် အကူအညီမဲ့စွာလဲလျောင်းနေ၍ နာကျင်ခြင်းနှင့်အတူ ရန်သူ၏ ရှေ့တွင် အကွယ်အကာမဲ့စွာ ရှိနေမည့် အကြောင်းကို တွေးလိုက်တိုင်း သိုးထိန်း၏ နှလုံးသားမှာ ကြေကွဲနေရ ပါသည်။ လမ်းလွဲပျောက်ဆုံးနေသော သူအတွက် ထိုသို့သော စိတ် နှလုံးသားကို ဘုရားသခင်သည် ယနေ့တွင် ကျွန်ုပ်တို့အား ပေးဝေ စေသား။

စဉ်းစားသုံးသပ်ရန်အချက်များ

- သင်၏အသင်းတော်သည် သမ္မာတရားမှလွဲသွားသောသူများ (သို့) အပြစ်၌လဲကျနစ်မွန်းနေသူများကို မည်သို့ဆက်ဆံခဲ့ကြပါသနည်း။
- သင်၏ အသိုင်းအဝန်းထဲ၌လမ်းလွဲပျောက်ဆုံးနေသောယုံကြည် သူများရှိပါသလား။ ထိုသူတို့အတွက် သင့်အားဘုရားသခင်ကမည် သည့်အရာများလုပ်စေလိုပါမည်နည်း။
- ပျောက်ဆုံးနေသောသူအား ဖွေးမ၍ လမ်းမှန်သို့ ပြန်လည်ပို့ ဆောင်ရန်မှာ အဘယ်ကြောင့်အလွန်အရေးကြီးပါသနည်း။ အသင်းတော်တစ်ခုလုံး၏သာယာကျန်းမာရေးအတွက် ထိုပျောက်

ဆုံးနေသောသူအား ပြန်လည်ရှာဖွေခြင်းသည် မည်မျှ အရေးကြီးပါသနည်း။

* ဤလောက၏အမြင်၌ ကိုးဆယ်ကိုးကောင်သော သိုးတို့အား စောင့်ရှောက်ခြင်းသည် အဘယ်ကြောင့် ပို၍ဂုဏ်ရှိရပါသနည်း။ လမ်းမှားပျောက်ဆုံးနေသောသူတို့အား ပြန်လည်ဖေးမလမ်းပြရန် ဦးစားပေးရာတွင် သူတို့ ရင်ဆိုင်ရသော အခက်အခဲများမှာ အဘယ်နည်း။
* ကိုးဆယ်ကိုးကောင်သောသိုးတို့အား ထားခဲ့ခြင်းဆိုရာ၌ ၎င်းတို့၏လိုအပ်ချက်များကို လျစ်လျူရှုခြင်းဟု အဓိပ္ပါယ်သက်ရောက်ပါသလား။ ကိုးဆယ်ကိုးကောင်သောသိုးတို့၏ အကျိုးအလို့ငှာ အဘယ်ကြောင့် လမ်းမှားပျောက်ဆုံးနေသော သိုးကိုပြန်လည်ဖေးမ၍လမ်းမှန်သို့ ပို့ရပါသနည်း။
* သိုးအုပ်မှ ထွက်ခွါ၍လမ်းမှားပျောက်ဆုံးနေသောသူတစ်ယောက်ယောက်ကို စဉ်းစားကြည့်ပါ။ ထိုသူအား အဘယ်ကြောင့် အသင်းတော်မှ လိုအပ်နေရပါသနည်း။ ထိုသူအား မည်ကဲ့သို့သော ဆုကျေးဇူးကို ဘုရားသခင် ပေးထားသနည်း။ ထိုသူပျောက်ဆုံးသွားခြင်းသည် အသင်းတော်အပေါ်၌ မည်သို့သော သက်ရောက်မှုမျိုးကိုဖြစ်စေသနည်း။

ဆုတောင်းရန်အချက်များ

* သင်၏ အသင်းတော်အတွင်းမှ လမ်းလွဲပျောက်ဆုံးနေသော ယုံကြည်သူများသည်လျှောက်လှမ်းရာလမ်းကို တွေ့မြင်နိုင်ရန် သင်၏ မျက်စိများအားဖွင့်ပေးရန်အတွက် သခင်ကိုယ်တော်အား တောင်းလျှောက်ပါ။ သင်တို့တွင် နာမကျန်းဖြစ်နေသူ(သို့)အနာတရဖြစ်

နေသူတို့အတွက် ပို၍နက်နဲလေးလံသောဝန်ထုပ်အား ပေးအပ်ရန် သခင်ထံ၌တောင်းလျှောက်ပါ။

* သိုးအုပ်မှထွက်ခွါ၍ လမ်းပျောက်နေသောသူတစ်ယောက်ယောက် အတွက် ဆုတောင်းပေးရန်အချိန်အနည်းငယ်ယူပါ။ ထိုပျောက်ဆုံး နေသောသူတို့အား ဘုရားသခင်နှင့်၎င်း၊ ဘုရားသခင်၏လူမျိုး တော်များနှင့်၎င်း၊ မိဿဟာယဖွဲ့ခြင်းသို့ ပြန်လည်ရောက်ရှိလာ နိုင်ရန် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာအား သူတို့အတွက် တောင်းလျှောက်ပေးပါ။
* သိုးတစ်ကောင်စီတိုင်းသည် သခင့်အတွက် အရေးပါကြသော ကြောင့်၎င်း၊ ကျွန်ုပ်တို့လမ်းလွဲ၍ အပြစ်၌နစ်မွန်းနေချိန်၌ပင် ကျွန်ုပ်တို့အား လက်လျှော့မသွားသောသခင်အား ကျေးဇူးတင်ပါ။
* သင်တို့တွင် လမ်းလွဲပျောက်ဆုံး၍ အနာတရဖြစ်နေသော သူတို့ အပေါ်၌ သနားခြင်းဂရုဏာနှင့် စိုးရိမ်ပတ်သက်ခြင်း စိတ် မရှိ သော သင့်အား ခွင့်လွှတ်ပေးရန် ဘုရားသခင်အား တောင်း လျှောက်ပါ။

## ၄။
## ပျောက်သောသိုးအား ရှာခြင်း

*ကိုးဆယ်ကိုးကောင်သောသိုးတို့ကို တောတွင်ထားခဲ့ပြီးမှ၊ ပျောက်သောသိုးတစ်ကောင်ကို မတွေ့မချင်း သွား၍ရှာမည်မဟုတ်လော။ (လုကာ၊ ၁၅း၄)။*

ပျောက်သောသိုးအတွက် ထားရှိသော သိုးထိန်း၏စိတ်နှလုံးအား အခန်း(၃)တွင် လေ့လာတွေ့မြင်ခဲ့ကြပြီးဖြစ်သည်။ ပျောက်သောသိုးအား သူ၏ပထမဦးစားပေးအရာအဖြစ် မှတ်ယူပြီးနောက်၊ အခန်းငယ်(၄)အား ဆက်လက်လေ့လာရာတွင် ကျွန်ုပ်တို့တွေ့မြင်ရသောအချက်မှာ သိုးထိန်းသည် ကိုးဆယ်ကိုးကောင်သော သိုးတို့အား ထားခဲ့ပြီး၊ ပျောက်သောသိုးကိုမတွေ့မချင်းသွား၍ ရှာရန် ထွက်သွားခဲ့ခြင်းပင်ဖြစ်သည်။ ဤပုံဥပမာ၏အခြေအနေနှင့် အသွားအလာအရ "သွား၍ရှာသည်" ဟူသော စကားလုံးများကို စဉ်းစားသုံးသပ်ရန် လိုအပ်လာသည်။ "သွား၍ရှာသည်" ဟူသော စကားလုံးတွင် အဓိပ္ပါယ်ဆိုလိုရင်းများစွာရှိနေသည်။

လမ်းလွဲပျောက်ဆုံးနေသောသူများအတွက် ဆုတောင်းပေးမည့်အချိန်များရှိမည်ဖြစ်သော်လည်း၊ ဤကျမ်းပိုဒ်၏အဆိုအရမူ ပျောက်သောသိုးအား သွား၍ရှာဖွေရာ၌ လက်တွေ့လှုပ်ရှားမှုပါဝင်နေသည်။ လိုအပ်ချက်များရှိလာသော ညီအစ်ကိုမောင်နှမများနှင့်ပတ်သက်၍ မိမိတို့၏

ယုံကြည်ခြင်းများကို လုပ်ဆောင်ခြင်းအသွင်သို့ ပြောင်းလဲကြရန် သူ၏ စာဖတ်သူတို့အား ယာကုပ်မှ ခွန်အားပေးတိုက်တွန်းထားပါသည်။ အခက်အခဲကြုံတွေ့နေသော ညီအစ်ကိုအား ကူညီရန် မည်သည့်အရာမှ လက်တွေ့ လုပ်ဆောင်ခြင်းမရှိဘဲ၊ ထိုညီအစ်ကိုအား ကျန်းမာချမ်းသာစေကြောင်း ဆန္ဒပြုမေတ္တာပို့၍ ပြန်လည်စေလွှတ်လိုက်သောသူတို့အား ရှင်ယာကုပ်က ပြစ်တင်ဝေဖန်ထားပါသည်။ ယာကုပ် ၂း၁၅-၁၇၌ ရေးသားချက်နှင့် အတူ ပြောဆိုခဲ့သည်မှာ -

*ညီအစ်ကိုနှမတို့သည် အဝတ်အချည်းစည်း ရှိ၍နေထိုင်စားရသောအစာမရှိသောအခါ၊ သင်တို့တွင် တစ်စုံတစ်ယောက်သောသူက၊ ငြိမ်ဝပ်စွာသွားကြလော့။ နွေးကြလော့၊ ဝကြလော့ဟု ပြောလျက် သူတို့ကိုယ်နှင့်တော်လျော်သောအသုံးအဆောင်ကိုမပေးဘဲနေလျက်၊ အဘယ်အကျိုးရှိသနည်း။ ထိုနည်းတူ အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည် တစ်ပါးတည်းရှိသောကြောင့် အသေဖြစ်၏။*

စစ်မှန်သော သနားခြင်းဂရုဏာတရားသည် ကိုယ်ချင်းစာတရားရှိရုံဖြင့်၊ စကားပြောသော သက်သက်ထက်ပိုပါသည်။ စစ်မှန်သော သနားခြင်း ဂရုဏာတရားတွင် လုပ်ဆောင်မှုနှင့် ပေးဆပ်မှုများ ပါဝင်ပါသည်။ သိုးထိန်းကောင်းသည် ဆုတောင်း၍အရာအားလုံးကောင်းမွန်တိုးတက်လာမည်ဟူသော မျှော်လင့်ခြင်းတို့၌ မတင်းတိမ်နိုင်ပါ။ တစ်စုံတစ်ခုကို လက်တွေ့လှုပ်ရှားလုပ်ဆောင်ရန် ကိုယ့်ကိုကိုယ် ဆက်ကပ်အပ်နှံထားသည်။ သိုးထိန်းသည် ပျောက်ဆုံးနေသော သိုးလမ်းမှန်သို့ ပြန်လည်ရောက်ရှိလာခြင်းကို တွေ့မြင်ရန်အတွက် လိုအပ်သည့်ပေးဆပ်မှုများ ပြုလုပ်ရန်အတွက် အသင့်ရှိနေသည်။

ပျောက်ဆုံးနေသော သိုးအား သွား၍ရှာဖွေရာတွင် စွန်းထင်းညစ်ပေခြင်းကို လိုလိုလားလား လက်ခံနိုင်ခြင်းလည်းပါဝင်သည်။ သခင်

ယေရှုသည် အပြစ်သားလူဆိုးများနှင့်အခွန်ခံတို့နှင့် မိတ်ဆွေဖွဲ့သဖြင့် ပြစ်တင်ဝေဖန်ခြင်း ခံခဲ့ရသည်။ သခင်ယေရှုသည် သူတို့နှင့်အတူ စားသောက်ခဲ့သည်။ သူတို့နှင့်လည်း မိတ်ဆွေဖွဲ့ခဲ့သည်။ သခင်ယေရှု ခေတ်ရှိ ဘာသာရေးခေါင်းဆောင်ကြီးများသည် ဤအကြောင်းအရာ၌ ပြဿနာအကြီးအကျယ်ရှိခဲ့ကြသည်။ မာကု ၂း၁၆တွင် ဤဘာသာရေး ခေါင်းဆောင်ကြီးများသည် သခင်ယေရှု၏တပည့်တော်များထံ၌ သခင်ယေရှုသည် အဘယ်ကြောင့်အပြစ်သားနှင့် ပေါင်းဘော်နေရသနည်းဟူ၍ မေးခွန်းထုတ်ခဲ့ကြသည်။

*ထိုသို့အခွန်ခံသူ၊ ဆိုးသောသူတို့နှင့် အတူ စားတော်မူသည်ကို ကျမ်းပြုဆရာဖာရိရှဲတို့သည် မြင်လျှင် ဤသူသည် အခွန်ခံသူ၊ ဆိုးသောသူတို့နှင့်အတူ အဘယ်ကြောင့်စားသောက်သနည်းဟု တပည့်တော်တို့အား ဆိုကြ၏။*

ဤခေါင်းဆောင်များသည် ယုံကြည်ခြင်းမှလမ်းလွဲသွားသော သူတို့နှင့် မိတ်ဆွေဖွဲ့ပေါင်းသင်းခြင်းကြောင့် ရရှိလာမည် 'ညစ်ပေစွန်းထင်းမှု'ကို မလိုလားကြပေ။ သို့သော်လည်း ဤအကြောင်းအရာ၏ အမှန်တရားမှာ ကျွန်ုပ်တို့သည် လမ်းလွဲလိုက်နေသောသူတို့နှင့် ပျောက်ဆုံးနေသောသူတို့အား ဖေးမကူညီရန် သွားသောအခါ၊ ထိုသူတို့အား ရှာဖွေတွေ့မြင်နိုင်မည့်နေရာသို့ သွားကြရမည်။ အပြစ်သားများနှင့် စကားစမြည်ပြောဆိုနေခြင်းအား အခြားသူများက တွေ့မြင်သွားမည်ကို စိုးရိမ်နေကြလျှင် ထိုသူတို့အား မည်သည့်အချိန်တွင် ကျွန်ုပ်တို့ကမ်းလှမ်းကူညီနိုင်ကြပါမည်နည်း။ သခင်ယေရှုသည် လမ်းလွဲ၍ လမ်းပျောက်နေသူတို့ထံသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်ခဲ့သည်။ သူတို့နှင့်အတူ စား၍မိတ်ဆွေဖွဲ့ခဲ့သည်။ သခင်ယေရှုသည် သူတို့၏အပြစ်ဒုစရိုက်၌ ပူးပေါင်းပါဝင်ခြင်း မရှိသော်လည်း ထိုသူတို့နှင့် မိတ်ဆွေဖြစ်ခြင်း၊ ထိတွေ့ခြင်းတို့ကိုမူ စိုးရိမ်

ကြောက်ရွံ့ခြင်းမရှိခဲ့ချေ။

ကျွန်ုပ်တို့မှ ဤလောကကြီး၏ဝေဖန်ပြစ်တင်သံကို အလွန်ကြောက်ရွံ့သောကြောင့် ပျောက်ဆုံးနေသောသိုးများအား သွား၍လိုက်လံရှာဖွေရန်ကို ငြင်းဆန်ခြင်းလောက်မည်သည့်အရာကိုမျှ ကျွန်ုပ်တို့အတွက် အလိုရှိမည်မဟုတ်ပါ။ သခင်ယေရှု၏ခေတ်ကာလရှိ ဘာသာရေးခေါင်းဆောင်များသည် မိမိတို့၏ဂုဏ်သတင်းကျော်စော် ထင်ရှားမှုအား ထိခိုက်ဖျက်ဆီးမည်ကို အလွန်စိုးရိမ်ကြောက်ရွံ့ကြသောကြောင့် လမ်းပျောက်နေသောသိုးများအား ဆက်ဆံထိတွေ့ခြင်းကို ပြုမည့်အစား ထိုသိုးများအကျိုးနည်းပျက်စီးသွားခြင်းကိုသာ ကြည့်ရှုခဲ့ကြသည်။

အပြစ်ဒုစရိုက်၌နစ်မွန်းနေသော လမ်းလွဲနေသူတစ်ဦး၏နေအိမ်၌ သင်ဝင်ထွက်နေသည်ကို ယုံကြည်သူများက တွေ့မြင်ခဲ့လျှင်မည်သို့ ထင်မြင်ယူဆကြမည်နည်း။ ထိုပျောက်ဆုံးနေသောသူလမ်းမှန်သို့ပြန် ရောက်စေလိုသော သင်၏စိတ်သဘောထားကို သူတို့ သဘောပေါက်နားလည်ကြမည်လော။ သို့တည်းမဟုတ် သင်သည် သင်၏ယုံကြည်ခြင်း၌ အလျှော့အတင်းများပြုလုပ်နေသည်ဟု သူတို့ခံစားကြမည်လော။ ပျောက်သောသိုးအား သွား၍ရှာဖွေခြင်းသည် ကျွန်ုပ်တို့အား ဆိုးသောသူများ အခွန်ခံသူများနှင့် ယှဉ်တွဲ၍အလိုတူများဟု ဆက်စပ် စွပ်စွဲခြင်းကိုလည်း ဆိုလိုနေပါလိမ့်မည်။ ၎င်းသည် သက်သာချောင်ချိ မှုများနှင့် ဘဝအာမခံချက်များကို ထားခဲ့ပြီး၊ သတင်းကောင်းတရား၏ အလင်းတော်ဖြင့် ဤလောက၏ညစ်ညမ်းရှုပ်ပွေနေသော လမ်း၌ရှောက်ခြင်းဟုလည်း မည်ပါလိမ့်မည်။ ထို့ပြင် ၎င်းသည် အပယ်ခံခြင်းနှင့် ပျက်ရယ်ပြုခံရခြင်းဟုလည်း မည်ပါလိမ့်မည်။ ကျွန်ုပ်တို့၏ဂုဏ်သတင်းများပျက်စီးဆုံးရှုံးခြင်းနှင့် အထင်လွဲခံရခြင်းဟုလည်း မည်ပါလိမ့်မည်။ ပျောက်သောသိုးအား သွား၍ရှာဖွေရာ၌ ပေးဆပ်ရမည့် အခကြေးတစ်ခု

တော့ရှိသည်။

ကျွန်ုပ်တို့၏ဂုဏ်သတင်းထိခိုက်ဆုံးရှုံး၍ပေးဆပ်ရမည့် အကြောင်းကိုဆွေးနွေးခဲ့ပြီးဖြစ်သည်။ သို့သော် ယင်းသည် ကျွန်ုပ်တို့ ပေးဆပ် ရမည့်တစ်ခုတည်းသောအရာမဟုတ်ပါ။ အချိန်၊ အရင်းအမြစ် များ၊ ကြိုးစားအားထုတ်မှုများကိုလည်း ပေးဆပ်ရန် ရှိသေးသည်။ ပျောက် သော သိုးအား သွား၍ရှာဖွေရန် ထွက်သွားသော သိုးထိန်းသည် ထိုသိုး အား ပြန်တွေ့ရန် အချိန်မည်မျှ ကြာမည်ကို မသိပါ။ သို့သော် ဤနေရာ၌ သူပေးထားသော ဆက်ကပ်အပ်နှံမှုမှာ "မတွေ့မချင်း" ဖြစ်သည်။

အနာဂတရဖြစ်နေသူများနှင့် လမ်းလွဲနေသောသူတို့အား ဖေးမ ကူညီဖူးသောသူတို့က ၎င်းဖြစ်စဉ်သည် တခဏအတွင်း ပြီးမြောက်လေ့ ရှိသော အရာမဟုတ်ကြောင်း သိရှိထားကြသည်။ တစ်ခါတစ်ရံ၊ သိုးအား ဖေးမကူသ၍ လမ်းမှန်သို့ပြန်ပို့ဆောင်ရန် နှစ်တော်တော်များများနှင့် ပြင်းထန်သော အမှုဆောင်ခြင်းများကို ပြုလုပ်ကြရသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းစဉ်များ တိုးတက်ကောင်းမွန်နေသည်ဟု ခံစားရသောအချိန် များရှိ သကဲ့သို့ ရန်သူ၏တိုက်ခိုက်မှုကြောင့် ကျွန်ုပ်တို့ပြုခဲ့သော တိုးတက်မှု များ သဲထဲရေသွန်အခြေအနေသို့ ရောက်သွားသည့်အချိန်လည်း ရှိပါ လိမ့်မည်။

ဦးတည်ရာမဲ့လမ်းလွဲနေသောသူအား လက်လျှော့မိဖေးမနိုင်ရန် အတွက် နက်နဲကြီးမားသော စိတ်ပိုင်းဆိုင်ရာအဖိုးအခများကိုလည်း ပေးဆပ်ရပေမည်။ ဤသို့သော အမှုတော်တွင် ပြင်းထန်သော စိတ်ပျက် အားငယ်မှုများလည်း ရှိသည်။ တိုးတက်ကောင်းမွန်လာမည့် အခြေအနေ ကို ကျွန်ုပ်တို့ပြုနိုင်ကြပါမည်လောဟု အံ့အားသင့်နေကြရသည်။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့၏ကြိုးပမ်းအားထုတ်မှုများသည် အရာ မရောက်ဟုပင် ထင်မှတ်ရသည်။ ဓမ္မဟောင်းကျမ်းရှိ ပရောဖက်များသည်

လမ်းလွဲ၍လမ်းပျောက်နေသူများက မိမိတို့ကို နာခံရန် ငြင်းဆန်၍ မိမိတို့၏တရားဒေသနာများကို ငြင်းပယ်ခဲ့ကြသောအခါ ကြီးစွာသော စိတ်ဓါတ်ကျအားငယ်မှုမျိုးကို ခံစားခဲ့ကြသည်။ ယေရမိ ၁၅း၁၅-၁၈၌ ဖော်ပြထားသည့်အတိုင်း သူခေတ်ကာလ၌ လူအများ၏ငြင်းပယ် ခြင်းကို ခံရသောကြောင့် ရရှိခဲ့သော ပရောဖက်ယေရမိ၏ မြည်တမ်းငိုကြွေး ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ နာကျင်မှုများကို မျှဝေခံစားကြည့်ပါ။

*အိုထာဝရဘုရား ကိုယ်တော်သည် သိတော်မူ၏။ အကျွန်ုပ်ကို အောက်မေ့လျက် အကြည့်အရှုကြွလာ၍ အကျွန်ုပ်အား ညှဉ်းဆဲသော သူတို့ကို တရားသဖြင့် ဒဏ်ပေးတော်မူပါ။ သူတို့ကို သည်းခံ၍အကျွန်ုပ် ကို သုတ်သင်ပယ်ရှင်းတော်မမူပါနှင့်။ အကျွန်ုပ်သည် ကိုယ်တော်အတွက် ကဲ့ရဲ့ခြင်းခံရကြောင်းကို အောက်မေ့တော်မူပါ။ ကောင်းကင်ဗိုလ်ခြေ အရှင် ဘုရားသခင်ထာဝရဘုရား၊ အကျွန်ုပ်တွေ့သော နှုတ်ကပတ်တရား ကို ခံယူပါပြီ။ နှုတ်ကပတ်တော်သည် အကျွန်ုပ်ဝမ်းမြောက်ရွှင်လန်းစရာ အကြောင်းဖြစ်ပါ၏။ နာမတော်ဖြင့် အကျွန်ုပ်ကိုခေါ်ဝေါ်ပါ၏။ ပွဲခံသူ များ စုဝေး၍အကျွန်ုပ်မထိုင်ပါ။ သူတို့နှင့် ပျော်ရွှင်ခြင်းမပြုပါ။ အကျွန်ုပ် ကို ကိုယ်တော်လက်တင်သောကြောင့် တစ်ယောက်တည်းထိုင်ပါသည်။ အကျွန်ုပ်ကိုဒေါသအမျက်နှင့်ပြည့်စေတော်မူပြီ။ အကျွန်ုပ်ခံရသော ဝေဒနာသည် အဘယ်ကြောင့်မြဲပါသနည်း။ မပျောက်လို၊ မပျောက်နိုင် ပါ။ အကယ်စင်စစ် ကိုယ်တော်သည် လှည့်စားတတ်သော . . . အကျွန်ုပ် ၌ဖြစ်ပါ . . . တကား။*

ပျောက်သောသိုးအား သွား၍ရှာဖွေသောသိုးထိန်းသည် တစ်ခါ တစ်ရံ၌ ရန်သူ၏ပြင်းထန်စူးရှသောအမျက်ဒေါသကိုလည်း ရင်ဆိုင်တွေ့ ကြုံရပေလိမ့်မည်။ အကြောင်းမှာ သိုးထိန်းသည် ပျောက်သော သိုးအား ရန်သူ၏ခံတွင်းဝမှ ပြန်၍ကယ်တင်ခဲ့သောကြောင့်ဖြစ်သည်။ ဒါဝိဒ်သည်

သိုးထိန်းတစ်ဦးက ရင်ဆိုင်တွေ့ကြုံခဲ့သည့်အရာများကို သိရှိခဲ့သည်။ ၁ရာ ၁၇း၃၄-၃၅၌ ရှောလုမင်းကြီးအား ဤသို့ဆိုခဲ့သည်။

*ဒါဝိဒ်က ကိုယ်တော်အကျွန်ုပ်သည် အဘ၏ သိုးတို့ကို ထိန်းကျောင်းစဉ်ခါ ခြင်္သေ့နှင့်ဝံသည် လာ၍ သိုးသူငယ်ကို သိုးစုထဲက ကိုက်ချီပါ၏။ ကျွန်တော်သည် လိုက်၍ သတ်သဖြင့် သိုးသူငယ်ကို သူ့ပါးစပ်ထဲကနုတ်ပါ၏။ ဝံသည် ကျွန်ုပ်ကို ရန်ပြု၍ ကိုက်သောအခါ ဝံ၏ မုတ်ဆိတ်ကို ကိုင်၍ရိုက်သတ်ပါ၏။*

ပျောက်သောသိုးအား သွား၍ရှာဖွေရာတွင် ထိုသိုးအား လုညှဖြားယူဆောင်သွားသော ရန်သူ၏ပြင်းထန်စူးရှသောအမျက်ဒေါသကို တစ်ခါတစ်ရံကျွန်ုပ်တို့ရင်ဆိုင်ကြရပေမည်။ ခြင်္သေ့နှင့် ဝက်ဝံတို့သည် ယှဉ်ပြိုင်တိုက်ခိုက်ခြင်းမပြုဘဲ၊ ၄င်းတို့၏သားကောင်များကို အသာတကြည် လွှတ်ပေးလေ့မရှိပါ။ သိုးထိန်းသည် သိုးအုပ်ထဲမှ ထုတ်ယူ သွားခြင်းခံရသော သိုးအား ခြင်္သေ့နှင့်ဝက်ဝံတို့၏ ခံတွင်းထဲမှ ပြန်လည် ကယ်ယူရန်အတွက် မိမိအသက်ကို ရင်းထားပါသည်။ သိုးထိန်းသည် ထို သိုးအား အလွန်တန်ဖိုးထားသောကြောင့် ၄င်းကိုကယ်တင်ရန်အတွက် မိမိအသက်ကိုပေးရန်ပင် လိုလားသော ဆန္ဒရှိနေပါလိမ့်မည်။ သခင်ယေရှုသည် ဤအကြောင်းကို ယောဟန် ၁၀း၁၄-၁၅ ပြောပြပြီး၊ ထိုအတိုင်းပင် ကျွန်ုပ် တို့အတွက် လုပ်ဆောင်သွားခဲ့ပါသည်။

*ငါသည်ကောင်းသောသိုးထိန်းဖြစ်၏။ ခမည်းတော်သည် ငါ့ကို သိတော်မူ၍ ငါသည်လည်း ခမည်းတော်ကို သိသကဲ့သို့ ငါ၏ သိုးတို့ကို ငါသိ၏။ ငါ့သိုးတို့သည်လည်း ငါ့ကိုသိကြ၏။ ငါသည် ကိုယ်အသက်ကို သိုးတို့အဖို့အလို့ငှါ စွန့်၏။*

သိုးထိန်းအားလုံးသည် ဤကဲ့သို့သော ဆက်ကပ်ခြင်းကို ပြုလုပ်ရန် အဆင်သင့်မဖြစ်ကြပါ။ တချို့သော သိုးထိန်းတို့သည် ၄င်းတို့၏

ရည်ရွယ်ချက်များ၌ ထိုသိုးတို့အသုံးဝင်မှု ဟု တောင်းဆိုကြသည်။ ဤအရာသည် သခင်ယေရှုပြခဲ့သော အရာမျိုးတော့မဟုတ်ပါ။ သခင်ယေရှု၏ ခြေရာအတိုင်းလိုက်လျှောက်မည်ဆိုလျှင် ကျွန်ုပ်တို့၏ အသက်ကို သိုးတို့အတွက် စတေးလိုသော ဆန္ဒမျိုးရှိရမည်။ သိုးတို့၏ချမ်းသာသုခနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့သည် သခင်ယေရှုထံ၌ ရှင်းလင်းချက်များတင်ပြရန် တာဝန်ရှိကြသည်။

ပျောက်သောသိုးအား သွား၍ရှာဖွေခြင်းသည် စွန့်လွှတ်အနစ်နာခံမှုများစွာ ပြုရသော အမှုဖြစ်သည်။ ဤအမှုတော်အား အလေးအနက်ထားသော သူများသည် ၄င်းတို့၏ဂုဏ်ဒြပ်များ၊ အရင်းအမြစ်များ၊ အချိန်များနှင့် အသက်ကိုပင် စတေးရန်ဆန္ဒရှိနေသူများဖြစ်သည်။ လမ်းလွဲနေသောသူအတွက် ထားရှိသော သူတို့၏ဆက်ကပ်ခြင်းဆိုသည်မှာ ထိုသူသည် လမ်းမှန်သို့ ပြန်ရောက်လာခြင်းကို တွေ့မြင်ဖို့ရန် ရှိရှိသမျှကို ပေးဆပ် စတေးခြင်းပင်ဖြစ်သည်။ သိုးထိန်းတစ်ယောက်အနေဖြင့် ဤသို့သော ဆက်ကပ်မှုသည် သင်၏ဆက်ကပ်မှု အဖြစ် ရှိနေပြီလော။ သင်တို့၏အလယ်ရှိ လမ်းပျောက်နေသော ယုံကြည်သူများအတွက် အထက်ပါဆက်ကပ်မှုမျိုးသည် သင့်အသင်းတော်၏ ဆက်ကပ်မှုမျိုး ဖြစ်နေပြီလော။

စဉ်းစားသုံးသပ်ရန်အချက်များ

* လမ်းလွဲနေသောသူအား သွား၍ရှာဖွေရာ၌ ပေးဆပ်ရမည့်အဖိုးအခများမှာ အဘယ်နည်း။
* ပျောက်သောသိုးအား သွား၍ရှာဖွေခြင်းပြုရာတွင် မည်သို့သော စွန့်စားခြင်းမျိုးရှိသနည်း။ လမ်းပျောက်နေသောသူကို ကယ်တင်ရာတွင် မည်ကဲ့သို့သော ရန်သူကို ကျွန်ုပ်တို့ရင်ဆိုင်ကြုံတွေ့ ရပါမည်နည်း။

* အသင်းတော်တစ်ပါးအနေဖြင့် လမ်းပျောက်နေသော သူတို့အတွက် ကျွန်ုပ်တို့ပြုလုပ်သောအရာများသည် ထိုသူတို့အပေါ်၌ထားရှိသော တန်ဖိုးကို မည်သို့ဖော်ပြပါသနည်း။ သခင်ယေရှုသည် လမ်းပျောက်၍ ဦးတည်ရာမဲ့လျှောက်သွားနေသော သူတို့အား အဘယ်မျှလောက် တန်ဖိုးထားခဲ့သနည်း။ ထိုအရာကို သက်သေပြရန် သခင်ယေရှုသည် မည်သည့်အရာကိုပြုလုပ်ခဲ့သနည်း။ လမ်းလွဲ ပျောက်ဆုံးနေသောသူတို့အတွက် ထားရှိသော ချစ်ခြင်းမေတ္တာတရားကို သက်သေပြရန် သင့်အသင်းတော်သည် မည်သည့်အရာ ကို ပြုလုပ်နေပါသနည်း။

ဆုတောင်းရန်အချက်များ

* သင်တို့၏အလယ်၌ရှိနေသည့် လမ်းပျောက်နေသောသူတို့အတွက် ပို၍ကြီးမားသော သနားခြင်းဂရုဏာတရားကို ပေးအပ်ရန် သခင့်ထံ၌ တောင်းလျှောက်ပါ။
* သင်လမ်းလွဲပျောက်ဆုံးနေချိန်၌ သင့်အတွက် သက်သေပြခဲ့သောသူ၏ချစ်ခြင်းမေတ္တာတရားအတွက် သခင့်ကိုကျေးဇူးတင်ပါ။
* ရန်သူ့အပေါ်၌ အောင်နိုင်ရန်အတွက် သင့်အား ကျေးဇူးတော်ကို ပေးခဲ့သော ထိုသခင်အား ကျေးဇူးတင်ပါ။
* သင်ဦးတည်လျှောက်လှမ်းရာ လမ်းခရီး၌ သခင်ဘုရားကထားရှိထားသော လမ်းလွဲနေသူများ၊ သင်လုပ်သင့်လုပ်ထိုက်သည်များကိုဖော်ပြရန် ထိုသခင်အားတောင်းလျှောက်ပါ။
* သင်တွေ့ကြုံခဲ့သည့်လမ်းပျောက်နေသောသိုးတို့အပေါ်၌ သနားခြင်းဂရုဏာမပြသခဲ့ခြင်းအား ခွင့်လွှတ်ပေးရန် ဘုရားသခင်အားတောင်းပန်ပါ။

## ၅။
## ထိုသိုးကိုတွေ့သောအခါ

*ထိုသိုးကိုတွေ့သောအခါ ဝမ်းမြောက်သောစိတ်နှင့် ပခုံးပေါ်မှာ တင်ထမ်း၍ . . . (လုကာ ၁၅း၅)။*

အခန်းငယ် (၅) တွင် ပျောက်သောသိုးအား ပြန်လည်ရှာတွေ့သော အချိန်၌ဖြစ်ပေါ်လာသော သိုးထိန်း၏တုန့်ပြန်ပုံကို သတိပြုပါ။ ဤအခန်းတွင် "ဝမ်းမြောက်သောစိတ်နှင့် ပခုံးပေါ်မှာတင်ထမ်း၍"ဟူသောစကားစုကို လေ့လာသုံးသပ်သွားပါမည်။

ပျောက်သောသိုးကို ပြန်လည်ရှာဖွေတွေ့သောအခါ သိုးထိန်းသည် နည်းလမ်းမျိုးစုံဖြင့် ပြန်၍တုန့်ပြန်နိုင်ပါသည်။ စိတ်ဆိုးကောင်း ဆိုးနိုင်သည်။ အကြောင်းမှာ ထိုသိုးသည် သိုးထိန်းအတွက် များစွာသော ခက်ခဲမှုများနှင့် စရိတ်စကများကို ဖန်တီးခဲ့သည်မဟုတ်လော။ ထိုသိုး၏ လုပ်ရပ်နှင့် အခက်အခဲများကို ဖန်တီးခဲ့မှုများကြောင့် အပြစ်ပေးခြင်း (သို့)ဆူပူကြိမ်းမောင်းခြင်းမှာ သိုးထိန်း၏ ပထမဆုံး တုန့်ပြန်ရာတွင် အလွန်လွယ်ကူသောအရာဖြစ်နိုင်ပေသည်။

သိုးထိန်းသည် ထိုသိုးအား ပြစ်တင်ကြိမ်းမောင်း၍စွပ်စွဲပြောဆိုနိုင်သည်။ ထို့အပြင် သိုးထိန်းသည် ထိုသိုးအား အပြစ်ရှာ၍ ၎င်း၏အမှားများကို ထောက်ပြနိုင်သည်။ မငြင်းသာသည့်အချက်မှာ သိုးထိန်းပြောဆိုသမျှသောအရာများသည် အမှန်များဖြစ်နိုင်ပါသည်။ သို့သော်လည်း ပျောက်သောသိုးကို ရှာတွေ့ချိန်၌ပြောဆိုခဲ့သော သိုးထိန်း

၏တုန့်ပြန်မှုမှာ ထိုသို့မဟုတ်ခဲ့ပါ။

ပုံဥပမာထဲ၌တွေ့ရသော သိုးထိန်း၏တုန့်ပြန်မှုကို သတိပြုပါ။ သခင်ယေရှုက ကျွန်ုပ်တို့အား ပြောဆိုထားသည်မှာ သိုးထိန်းသည် သိုးကို ပြန်ရှာတွေ့သောအခါ ဝမ်းမြောက်သောစိတ်နှင့်ပခုံးပေါ်မှာ တင်ထမ်းခဲ့သည်ဟူ၍ ဖြစ်သည်။ သိုးထိန်း၏ ပထမတုန့်ပြန်မှုသည် ဝမ်းမြောက်ခြင်းဖြစ်သည်။ သိုးထိန်း၏ဝမ်းမြောက်မှုက သူ၏စိတ်နေသဘောထားနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့အား မည်သည့်အရာများကို ပြောပြပါသနည်း။ သိုးထိန်းခံစားရသော ဝမ်းမြောက်မှုက ပြောကြားနေသည့် အရာမှာ သိုးထိန်း၏အဓိကထားရာအမှုကိစ္စမှာ ငွေတွေ့ကြုံခံစားခဲ့ရသော အခက်အခဲများမဟုတ်၊ သမ္မာတရားအား လက်ဦးယူ၍ ခုခံ ကာကွယ်ရန်လည်းမဟုတ်၊ ဘာသာတရားကိုင်းရှိုင်းသော အသက်တာလည်း မဟုတ်ပါ။ ဤအချက်များသည် အရေးကြီးသောအရာများဖြစ်လင့်ကစား၊ သိုးထိန်း၏အဓိကအမှုထားရာကိစ္စမှာ သူ၏ သိုးသာလျှင် ဖြစ်သည်။ နောက်ပိုင်းတွင် သိုးငယ်၏လမ်းပျောက်ရခြင်း အကြောင်းအရင်းများနှင့် အခြေအနေများကို စမ်းစစ်သွားကြမည် ဖြစ်သည်။ သို့သော်လည်း ဤအခန်းတွင်မူ ကျွန်ုပ်တို့အာရုံစိုက်လေ့လာ သွားကြမည့် အရာမှာ ထိုသိုးငယ်သာဖြစ်သည်။

အခြားအကြောင်းအရာများကိုလည်း သတိပြုကြည့်ပါ။ သိုးထိန်းသည် သိုးအား မယူ၍ သူ၏ပုခုံးထက်၌တင်ထမ်းထားသည်။ ဤနေရာ၌ ကျွန်ုပ်တို့ နားလည်သဘောပေါက်ထားရမည့်အရာများ ရှိသည်။ ပထမဆုံးသတိပြုရမည့်အချက်မှာ သိုးထိန်းသည် ပျောက်ဆုံးနေသော သိုးအား ထိတွေ့ရန် ကြောက်ရွံ့မနေခဲ့ပါ။ အကြိမ်ဖန်များစွာ ဖော်ပြထားခဲ့ပြီးသည့်အတိုင်း၊ ဤသို့သောစိတ်နေသဘောသည် သခင်ယေရှု၏ခေတ်ကာလရှိ ဘာသာရေးခေါင်းဆောင်ကြီးများ၏ စိတ်နေသဘော

မျိုး မဟုတ်ခဲ့ပါ။ သူတို့သည် အပြစ်သားများနှင့် မိတ်ဖွဲ့ပေါင်းသင်းရန်ကို ကြောက်ရွံ့နေခဲ့ကြသည်။ သူတို့ကို အပြစ်သားများ၏ အလယ်၌ မတွေ့ရပါ။ ဆိုးသောအမျိုးသမီးက သခင်ယေရှုခြေ အား ဆီဖြင့် ဘိသိက်ပေးခဲ့သည့် လုကာ ၇း၃၆-၃၉ တွင်ဤအချင်းအရာကို အထင်အရှား တွေ့ရသည်။ သခင်ယေရှုခြေအား ထိနေသော ထိုအမျိုးသမီးနှင့်စပ်လျဉ်း၍ ဖာရိရှဲတို့၏တုန့်ပြန်သံကို သတိပြုပါ။

*ဖာရိရှဲတစ်ယောက်သည် အစားသုံးဆောင်တော်မူစေခြင်းငှာ၊ ကိုယ်တော်ကို ပင့်ခေါ်လျှင် ထိုဖာရိရှဲ၏ အိမ်သို့ကြွ၍ စားပွဲ၌ လျောင်းတော်မူ၏။ ထိုသို့ စားပွဲ၌ လျောင်းတော်မူသည်ကို ထိုမြို့၌ ဆိုးသော မိန်းမတစ်ယောက်သည် သိလျှင် ဆီမွှေး ကျောက်ဖြူခွက်တစ်လုံးကို ယူခဲ့၍ နောက်တော်၌ ခြေတော်အရင်းမှာ ရပ်လျက်ငိုကြွေး၍ခြေတော်ပေါ်သို့ မျက်ရည်ကျလျှင် မိမိဆံပင်နှင့်သုတ်လေ၏။ ခြေတော်ကိုလည်း နမ်း၍ ဆီမွှေးနှင့် လိမ်းလျက်နေ၏။ ကိုယ်တော်ကိုခေါ်ပင့်သော ဖာရိရှဲသည် မြင်လေသော် ဤသူသည် ပရောဖက်မှန်လျှင် ခြေတော်ကို ကိုင်သော ဤမိန်းမသည် အဘယ်သို့သောသူဖြစ်သည်ကို သိလိမ့်မည်။ ဤမိန်းမသည် ဆိုးသောသူဖြစ်သည်ကို သိမည်ဟု တွေးလျက်နေ၏။*

သခင်ယေရှုသည် အပြစ်သားများနှင့် မိတ်ဖွဲ့ရန်ကို မကြောက်ရွံ့သကဲ့သို့ ထိုအပြစ်သားတို့နှင့် အများက တွေ့မြင်မည်ကိုလည်း မစိုးရိမ်ခဲ့ပါ။ ဤကျမ်းပိုဒ်ရှိပုံ ဥပမာတွင် သိုးထိန်းသည် ထိုသိုးကို ယူဆောင်သွားရန်အတွက် မိမိလက်ဖြင့် ကောက်ယူ၍ ပခုံးထက်တွင် အမှန်တကယ် ထမ်းတင်ခဲ့ပါသည်။ သိုးထိန်းသည် ထိုသိုး၏ အားနည်းချက်များကို ထပ်တူ ပြုမူဝေ၍ ထိုသိုးအားဖေးမကူညီရန်

လက်ကမ်းပေးခဲ့ပါသည်။ သိုးထိန်းသည် ညစ်ထေးပေကျံမှုကို မစိုးရိမ်သကဲ့သို့ ထိုလမ်းလွဲရောက် နေသော သိုးအား ကောက်ယူခဲ့ခြင်းကြောင့် အခြားသူများက မည်သို့ မှတ်ယူဝေဖန်ကြမည်ကိုလည်း မကြောက်ရွံ့ခဲ့ပါ။

ဤသရုပ်ဖော်ထားမှုအား ကျွန်ုပ်တို့လေ့လာနေကြသည်နှင့် အမျှ မေးခွန်းတစ်ခုစိတ်ထဲတွင် ပေါ်လာပါသည်။ ထိုမေးခွန်းမှာ သိုးထိန်းသည် အဘယ်ကြောင့်သိုးအား ပခုံးပေါ်၌တင်ထမ်းရန် လိုအပ်ပါသနည်းဟူ၍ဖြစ်သည်။ ထိုသို့ပြုရခြင်း၌ အကြောင်းအရင်းအမျိုးမျိုး ရှိသည်။

ပထမအကြောင်းအရင်းမှာ သိုးသည်အားအင်များ ကုန်ခမ်း၍ မိမိကိုယ်စွမ်းဖြင့် ပြန်လာရန်အတွက် အားအင်မရှိသောကြောင့် ဖြစ်ပေလိမ့်မည်။ လမ်းလွဲနေသောသူ၏ ယုံကြည်ခြင်းကို တိုက်ခိုက်ခံခဲ့ရသည်။ သူ၏စိတ်နှလုံးနှင့် ဝိညာဉ်တို့အား ရန်သူကဖျက်ဆီးပစ်ခဲ့သည်။ သူသည် လမ်းဘေး၌အကူအညီမဲ့စွာလဲလျောင်းနေပြီး မိသဟာယဖွဲ့ခြင်းသို့ တဖန်မည်သို့ ပြန်လာရမည်(သို့)ထိုသို့ပြန်လာနိုင်ရန် မည်သည့် အရာကို လုပ်ဆောင်ရမည်အကြောင်း မသိဘဲဖြစ်နေခဲ့သည်။

ဒုတိယအကြောင်းအရင်းမှာ ပျောက်သောသိုးသည် ကြောက်ရွံ့ထိန်လန့်ခြင်း(သို့)စိတ်မလုံမလဲဖြစ်ခြင်းများနှင့်အတူ မလှုပ်မရှားဖြစ်နိုင်သည်။ သူပြန်သွားလျှင် သိုးအုပ်အတွင်းရှိအခြား သိုးတို့က မည်သို့ တုန့်ပြန်ကြမည်ကို မရေမရာဖြင့် တွေဝေကောင်း တွေဝေနေပါ လိမ့်မည်။ သူသည် လမ်းမှား၌လမ်းလွဲနေခဲ့သောကြောင့် ယခုတွင် အခြားသိုးများက မည်သို့မှတ်ယူကြမည်နည်း။ သူတို့သည် သူ့အား ပြန်လည်လက်ခံ ကြပါမည်လော။ သူတို့သည် သူ့အားခွဲခြား၍ ဆက်ဆံကြမည်လော။ စိတ်အနှောင့်အယှက်ဖြစ်ခြင်းနှင့် အရှက်တရားတို့မှာ သူ့ အပြန်လမ်းအတွက် ကြီးမားသော အတားအဆီးများအဖြစ် ရပ်တည်နေကြသည်။

တတိယအကြောင်းအရင်းမှာ ပျောက်သောသိုးသည် ဆိုးဆိုးရွားရွားထိခိုက်ဒဏ်ရာရရှိနေခဲ့နိုင်သောကြောင့် လှည့်ပြန်သွားရန်မှာ အလွန်နာကျင်လျှက် ရှိနိုင်ပါသည်။ သူသည် အခြားသောသိုးတို့နှင့် ပြန်လည်မျက်နှာချင်းဆိုင်ရန် အဆင်သင့်မရှိသောကြောင့်ဖြစ်နိုင်သည်။ သိုးအား လမ်းလွဲသွားစေသည့် စိတ်ဒဏ်ရာသည် သိုးအုပ်ထဲရှိအခြားသော ညီအစ်ကိုများကြောင့်ဖြစ်ခဲ့လျှင် အထက်ပါအချက်သည် အလွန်မှန်ကန်ပါသည်။ ဤအချက်များကြောင့်ပင် သိုးသည် သိုးအုပ်ထဲသို့ ပြန်သွားနိုင်သည်အထိ လိုအပ်သောကုသမှုများနှင့် ပြုစုပျိုးထောင်ပေးမှုများ ရရှိရန် အခြားသိုးများနှင့် ဝေးကွာလျက် သိုးထိန်း၏ပခုံးထက်၌ အထူး အခွင့်အခါများ လိုအပ်နေသောကြောင့် ဖြစ်ပေလိမ့်မည်။

သိုးငယ်အား သူ၏ပခုံးထက်၌ ထမ်းတင်ထားခြင်းဖြင့် သိုးထိန်းသည် ဂရုစိုက်မှု၊ အရေးပေးအလေးထားမှုနှင့် ချစ်ခြင်းဂရုဏာတရားတို့ကို လက်တွေ့သက်သေပြနေသည်။ ဤအပြုအမူသည် ပျောက်ဆုံးနေခဲ့သော သိုး၏အပေါ်၌ထားရှိသော ချစ်ခြင်းမေတ္တာနှင့်ပေးဆပ်ခြင်းတို့မှ ထွက်ပေါ်လာသောလုပ်ရပ်ဖြစ်သည်။ သိုးထိန်းသည် သိုးအား အနားသို့ ဆွဲယူကာ မိသားစုရှိဌင်း၏နေရာမှန်တွင် ပြန်ထားရန် ခက်ခဲကြမ်းတမ်းသော ခရီး တစ်လျှောက်ဖေးဖေးမမသယ်ဆောင်သွားသည်။ အကယ်၍ ထိုသိုးမှာ အရွယ်ငယ်သောသိုးဖြစ်ခဲ့လျှင် သိုးထိန်းသည် မိမိလက်များဖြင့် ပွေ့ချီ ထားပါလိမ့်မည်။ အကယ်၍ ထိုသူသည် ညီအစ်ကို တစ်ယောက်ဖြစ်ခဲ့လျှင် အပြန်လမ်း၌ ထော့နဲ့ထော့နဲ့ဖြစ်နေသူအား ကူမပေးရန် ထိုညီအစ်ကို၏လက်မောင်းတဖက်ကို မိမိ၏ပခုံးထက်၌ တင်ထားခဲ့ပါလိမ့်မည်။ မည်သို့သောအခြေအနေတွင်ဖြစ်ပါစေ၊ အထက်ပါလုပ်ရပ်သည် ကြင်နာခြင်း၊ ချစ်ခြင်းနှင့်ဖေးမကူညီခြင်းတို့မှ ထွက်ပေါ်လာသော လုပ်ရပ်သာဖြစ်သည်။

ဤကျမ်းပိုဒ်သည် သမ္မာတရားလမ်းမှ လွဲနေသော ယုံကြည်သူ မိတ်ဆွေတစ်ဦးအပေါ်၌ ရှိသည့် ကျွန်ုပ်တို့၏တာဝန်ဝတ္တရားနှင့် ပတ်သက်၍မည်သည့်အရာကို သင်ပြထားသနည်း။ ထိုညီအစ်ကိုအား မည်သို့ ဖေးမကူညီ၍ ခွန်အားပေးရမည်နည်း။ ဤမေးခွန်းများအတွက် လက်တွေ့ကျသော အကြံပြုချက်များကို ပေးပါရစေ။

လမ်းလွဲနေသူအား ထွေးပိုက်ပါ

သိုးထိန်းသည် သိုးအား ချီမ၍ပခုံးထက်၌ ထမ်းတင်လိုက်စဉ် တွင် သူသည် ထိုသိုးအား ထွေးပိုက်လိုက်ပြီး၊ သူ၏သဘောတူလက်ခံမှုနှင့် ဖေးမကူညီမှုတို့ကို ပြသခဲ့သည်။ ထိုနည်း ၎င်းပင်၊ ကျွန်ုပ်တို့သည် အားပေးမှုနှင့် ခင်မင်ရင်းနှီးမှုတို့အား ပြသနိုင်မည့် အခြေအနေကို ဖန်တီး ထားရန် လိုအပ်သည်။ ထိုသို့ပြုခြင်းဖြင့် လမ်းလွဲနေသောသိုး ပြန်လာ သောအခါ ၎င်းသည် သိုးအုပ်၏အစိတ်အပိုင်းတစ်ခုအဖြစ် ကိုယ့်ကိုကိုယ် ခံစားနိုင်မည်ဖြစ်သည်။ မြောက်မြားစွာသောသူတို့သည် သခင်ကိုယ်တော် နှင့် ပြန်လည်သင့်မြတ်လိုသောကြောင့် အသင်းတော်တို့ ပြန်လာခဲ့ကြ သော်လည်း သူတို့သည် အတင်းအဖျင်းပြောခံရခြင်း၊ ပြစ်တင်ဝေဖန်ခံရ ခြင်းနှင့် ရှောင်လွှဲခြင်းကိုသာ ခံခဲ့ကြသည်။ သူတို့သည် လမ်းလွဲခဲ့ကြ သောကြောင့် အသင်းတော်သို့ ပြန်လာသောအခါတွင်လည်း အခြားသော ညီအစ်ကိုများထက်ပို၍ နိမ့်ကျနေသူများ အလား ဆက်ဆံခံကြရသည်။ လမ်းပျောက်နေသောယုံကြည်သူအား ဖေးမကူညီ၍လမ်းမှန်သို့ပြန်ပို့လို လျှင် အသင်းတော်၌ခွင့်လွှတ်တတ်ခြင်းနှင့် နားလည်ပေးနိုင်ခြင်းတို့ ရှိရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် ယုတ်မာကောက်ကျစ်သောအပြုအမူများ နှင့် အယူဝါဒများကို ဘယ်သောအခါတွင် မျှ လက်မခံကြရန်ဖြစ်သော လည်း မိဿဟာယဖွဲ့ခြင်းသို့ ပြန်လည်ပါဝင်ရန် ရှာကြံကြိုးစားနေသော

ညီအစ်ကိုအပေါ်၌မူ စိတ်ရှည် သည်းခံခြင်းနှင့် သဘောတူလက်ခံနိုင်မှုတို့ ထားရှိရန် အလွန်လိုအပ်နေသည်။ ချစ်ခြင်းမေတ္တာနှင့် ကြင်နာမှုတို့မှ ထွက်ပေါ်လာသောလုပ်ရပ်ကြောင့် သိုးထိန်းသည် ဝမ်းမြောက်သော စိတ်ဖြင့် သိုးအား ပခုံးထက်၌တင်ထားသွားခဲ့ကြောင်းကို သတိရပါ။ သူသည် ကျန်သောသိုးတို့၏ ရှေ့၌ပုံဥပမာကောင်းကို ဖော်ဆောင်ပေး ထားသည်။ အလားတူပင် ပျောက်သောသားပုံ ဥပမာ၌တွေ့ရသောဖခင် ၏တုန့်ပြန်မှုကို သတိရပါ။ သားသည် ၎င်း၏အမွေဥစ္စာများကို ဖြုန်းတီး ပစ်ပြီး၊ အပြစ်ဒုစရိုက်လွှမ်းသော အသက်တာဖြင့်နေထိုင်ခဲ့ပြီးနောက်၊ ဖခင်ရှိရာအိမ်သို့ ပြန်လာခဲ့သည်။

*ထ၍အဘထံသို့ သွားလေ၏။ သွား၍ ဝေးသေးသောအခါ အဘသည်သူ့ကိုမြင်လျှင် သနားသောစိတ်ရှိသည်နှင့် ပြေးသွား၍ သား၏လည်ပင်းကို ပိုက်ဖက်လျှက် နမ်းရှုပ်လေ၏။ သားကလည်း အဘ အကျွန်ုပ်သည် ဘုရားသခင်ကို၎င်း၊ ကိုယ်တော်ကို၎င်း၊ ပြစ်မှားပါပြီ။ ယခုမှစ၍ ကိုယ်တော်၏သားဟူ၍ ခေါ်ခြင်းကို မခံထိုက်ပါဟု ဆိုလျှင်၊ အဘကမြတ်သောဝတ်လုံကို ယူခဲ့၍ သူ့ကိုခြုံကြ။ သူ၏လက်စွပ်တန်ဆာကိုဆင်ကြ။ ခြေနင်းကိုလည်း စီးစေကြ။ ဆူအောင်ကျွေးသောနွားကလေးကိုယူ၍ သတ်ကြ။ သို့ပြီးမှ ငါတို့သည် စားကြကုန်အံ့။ ပျော်မွေ့ခြင်းကို ပြုကြကုန်အံ့။ ငါ့သားသည် အထက်ကသေ၏။ ယခုရှင်ပြန်၏ အထက်ကပျောက်၏။ ယခုတွေ့ပြန်၏ဟု အစေအပါးတို့ဆိုပြီးမှ ထိုသူအပေါင်းတို့သည် ပျော်မွေ့ခြင်းကိုပြုကြ၏။*

သားသည် အပြစ်ပြောစွပ်စွဲ၍ ဝေဖန်စီရင်တတ်သော ဖခင် တစ်ဦးထံသို့ပြန်လာခဲ့ခြင်းမဟုတ်ပါ။ ဝမ်းမြောက်ဝမ်းသာဖြင့် နွေးထွေး ပွေ့ဖက်တတ်သော ဖခင်ရှိရာအိမ်သို့ ပြန်လာခြင်းဖြစ်သည်။ ပျောက်ဆုံး

နေသော သိုးသည် သိုးအုပ်သို့ပြန်လာသောအခါ၌ ဤကဲ့သို့သော အခြေအနေများကို ကျွန်ုပ်တို့ဖန်တီးထားကြရမည်။

သူတို့၏ဝန်ထုပ်ကိုသယ်ဆောင်ပေးပါ။

သိုးထိန်းသည် သိုးအားချီမယူခဲ့ချိန်၌ ထိုသိုး၏အလေးချိန်တစ်ခုလုံးကို သူ၏ပခုံးထက်၌ထမ်းသွားခဲ့ကြောင်းကိုလည်း သတိပြုပါ။ သိုးကို ပခုံးထက်၌ထမ်း၍သိုးအုပ်ရှိရာသို့ ပြန်လာရန်ခက်ခဲကြမ်းတမ်းသော လမ်းခရီးကို ဖြန့်သန်းလာခဲ့ရသော သိုးထိန်း၏ဝန်ထုပ်ဝန်ပိုးကို တဒင်္ဂစိတ်ကူးယဉ်ကြည့်ပါ။ သူ၏ပခုံးထက်၌ကား ညစ်ပတ်ပေကျံ၍ဒဏ် ရာရနေသော သိုးကိုထမ်းထား၏။ ထိုသိုးသည်သွေးများထွက်နေ၍ ထိုသွေးများသည် သိုးထိန်း၏ဝတ်ရုံကို စွန်းထင်းစေနိုင်သည်။ လမ်းလွဲနေသောသူ၏ဝန်ထုပ်ကို သယ်ဆောင်ရန် အခြေအနေမျိုးသင့်၌ ရှိခဲ့ဖူးပါသလား။ ထိုသူ၏စိတ်ဒဏ်ရာများကို သင်ထိုင်၍နားထောင်ပေးခဲ့ဖူးပါသလား။ ဒဏ်ရာရလျှက် လမ်းလွဲနေသောသူသည် တစ်ခါတစ်ရံ၌ အခြားသောသိုးတို့အပေါ်၌ဒေါသထွက်ခြင်း၊ နာကျင်ခါးသည်းခြင်းများ ရှိနေတတ်ပါသည်။ တစ်ခါတရံတွင် သူတို့၏လမ်းလွဲပျောက်ဆုံးမှုသည် အခြားသိုးတို့၌ စိတ်ခံစားမှုများကို ဖြစ်ပေါ်စေသည်။ လမ်းလွဲ၍ ပျောက်ဆုံးနေသောသူအား ကျွန်ုပ်တို့၏ ပခုံးထက်၌ ထမ်းတင်ခြင်းဆိုသည်မှာ သူတို့၏စိတ်ဒဏ်ရာများကို သွန်ချဖော်ပြရန်နှင့် ထိုအရာအားကိုင်တွယ်ဖြေရှင်းရန် နေရာတစ်နေရာပေးခြင်းပင်ဖြစ်သည်။ သူတို့၏စိတ်ခံစားချက်များကို ခွဲခြမ်းစိတ်ဖြာရာ၌ ကူညီပြီး သင့်တင့်သောအကြံပြုခွန်အားပေးခြင်းနှင့် လက်တွေ့ကျသော ကူညီဖေးမတို့ကို ပံ့ပိုးခြင်းဟုလည်း ဆိုနိုင်ပါသည်။ ထိုသို့ပြုခြင်းဖြင့် သိုးတို့မှာ ဒဏ်ရာများငြိမ်းလျှင် သိုးအုပ်ထဲသို့ ချစ်ခြင်းမေတ္တာကို အရင်းခံလျှက် ပြန်လည်ဆောင်ယူခြင်း

ကို ခံကြရမည်ဖြစ်သည်။

သူတို့အား မိဿဟာယဖွဲ့ခြင်းနှင့် အမှုတော်မြတ်ထဲသို့ ပြန်လည် ပို့ဆောင်ပေးပါ။

သိုးထိန်းသည် သိုးအားကောက်ယူ၍ ပခုံးထက်၌ထမ်းတင်လိုက်စဉ်တွင် မိမိ၌ရည်ရွယ်ချက်ပန်းတိုင်တစ်ခုရှိနေခဲ့ပြီးဖြစ်သည်။ ထိုရည်ရွယ်ချက်ပန်းတိုင်မှာ သိုး၏အနာဒဏ်ရာများကို ကုစားပြီး မိသားစုအတွင်းသို့ ပြန်လည်ဖေးမပို့ဆောင်ရန်ဖြစ်သည်။ ထိုသိုးသည် နိုင်ငံတော်နှင့် စပ်လျဉ်းသောအမှုတော်မြတ်တွင် အရေးပါသောအခန်းကဏ္ဍတစ်ခုခုကို ပြန်လည်လက်ခံရပါလိမ့်မည်။ ဤအချင်းအရာသည် သိုးထိန်း၏ အတွေးထဲ၌ အလွန်ပြတ်သားစွာ ရှိနေပြီးဖြစ်သည်။

တစ်ခါက ကျွန်ုပ်သည် ဖိလိပိုင်ရှိ အကျဉ်းထောင်တစ်ခု၌ နှုတ်ကပတ်တော်ဝေငှရန် အခွင့်အလမ်းတစ်ခုရရှိခဲ့သည်။ ထိုအကျဉ်းထောင်သည် လုံခြုံရေးအများဆုံးချထားပြီး နိုင်ငံထဲရှိ အဆိုးဆုံးသောရာဇဝတ်သားများကို ထားရှိသောနေရာဖြစ်သည်။ ဘုရားသခင်သည် အံ့ဖွယ်ကောင်းသောလုပ်ဆောင်မှုကို ထိုအကျဉ်းထောင်၌ လုပ်ဆောင်ခဲ့သောကြောင့် ရာပေါင်းများစွာသော အကျဉ်းသားများသည် သခင်ကိုယ်တော်ကို သိရှိလာခဲ့သည်။ အမှန်ဆိုရလျှင် ဘုရားသခင်သည် သူတို့ထဲမှ အချို့အား အခြားအကျဉ်းသားထံ၌ အမှုတော်ဆောင် သင်းအုပ်များအဖြစ် ထမ်းဆောင်ရန် ခေါ်ခန့်ထားခဲ့သည်။ ခရစ်ယာန်အမှုတော်ဆောင် ၁၅၀ ဦးတက်ရောက်ခဲ့သော ညီလာခံတစ်ခုတွင် ဟောပြောရန် ဖိတ်ကြားခြင်းကို ကျွန်ုပ်ခံခဲ့ရသည်။ တက်ရောက်လာသောအမှုတော်ဆောင်များမှာ ယခင်က အကျဉ်းသားဖြစ်ခဲ့ကြပြီး၊ ခရစ်တော်၏နာမတော်မြတ်၌ လက်ရှိအကျဉ်းခံနေကြသော မိတ်ဆွေများအား အလုပ်အကျွေးပြု၍အမှုတော်ထမ်းရင်းကူညီဖေးမရန် ဘုရားသခင်က ခေါ်ခန့်ထားသူများဖြစ်ကြသည်။

ထိုကဲ့သို့သော ပုဂ္ဂိုလ်များအား ကယ်တင်ပြီး သူ့အား အလုပ်အကျွေးပြု ရန် ရွေးချယ်ခေါ်ခန့်ခဲ့သောဘုရားသခင်၏ ကျေးဇူးတော်အား အံ့အား သင့်ခဲ့ရုံမှ အပ ကျွန်ုပ်ဘာမျှမတတ်နိုင်ခဲ့ပါ။ ဘုရားသခင်၏ အသင်း တော်အား ညှဉ်းပမ်းနှိပ်စက်ခဲ့သော်လည်း ဘုရားသခင်၏ထိပ်တန်း သံတမန်အဖြစ် ခွဲခန့်ခြင်းခံခဲ့ရသော ရှင်ပေါလုကို ကျွန်ုပ်သတိရမိသည်။ ကာမဂုဏ်အပြစ်၊ သူတပါးကို သတ်ခြင်းအပြစ်၊ လိမ်လည်လှည့်ဖြားခြင်း စသည့်အပြစ်တို့၌ ကြိမ်ဖန်များစွာ ပြိုလဲခဲ့သော်လည်း ဣသရေလနိုင်ငံ တော်ကြီး၏အထင်ရှားဆုံးရှင်ဘုရင်အဖြစ်ဘုရားသခင်က ခန့်ထားခဲ့သော ဒါဝိဒ်ကိုလည်း သတိရမိသည်။ ကျွန်ုပ်တို့၏သခင်ကိုယ်တော်အားသုံးကြိမ် တိုင်တိုင် ငြင်းပယ်ခဲ့သော်လည်းလူအယောက်သုံးထောင်အား ကယ်တင် ခြင်း ရ-ရှိစေခဲ့သည့် ထင်ရှားသော ခရစ်ယာန်ကယ်တင်ခြင်းဒေသနာကို ပထမဆုံးအကြိမ်အဖြစ် ပင်တေကုတ္တေနေ့၌ဟောကြားရန် ခွဲခန့်မှတ်သား ခြင်းကိုခံခဲ့ရသော ရှင်ပေတရုကိုလည်း သတိရမိပါသည်။

သိုးတစ်ကောင်တိုင်းစီအတွက် မျှော်လင့်ချက်ဆိုသည်မှာ အစဉ် ရှိနေဆဲပင်။ ဘုရားသခင်သည် လမ်းလွဲပျောက်ဆုံးနေသောသူတို့ကို လက်လျှော့စွန့်လွှတ်လိမ့်မည်မဟုတ်။ ဘုရားသခင်သည် ထိုလမ်းလွဲ ပျောက်ဆုံးနေသောသူတို့ကို သိုးအုပ်အတွင်းသို့ ပြန်လည် ဖေးမ ပို့ဆောင်ရန် အလိုရှိပြီး၊ သူ၏နိုင်ငံတော်၌အသုံးဝင်သောနေရာတစ်ခုတွင် ပြန်လည်ထားရှိရန်မှာ သူ၏ဆန္ဒပင်ဖြစ်သည်။ သိုးထိန်းသည် သိုးကို ပခုံး ပေါ်မှာ တင်ထမ်းလျှက် ပြန်လာရာတွင် ရည်ရွယ်ချက်တစ်ခုသာ ရှိသည်။ ၎င်းမှာ ထိုသိုးအား ပြန်လည်ဖေးမလမ်းပြပြီး၊ သခင့်ဘုန်းတော်အတွက် တဖန်အသုံးဝင်သောသူအဖြစ် သွန်သင်လမ်းပြပေးရန်ဖြစ်သည်။ သိုးတိုင်းသည် အရေးကြီးသည်။ လမ်းလွဲပျောက်ဆုံးနေသောသူများကို ပင်လျှင် ဘယ်သောအခါတွင်မျှ လက်လျှော့စွန့်ပစ်သွားမည်မဟုတ်ပါ။

ဘုရားသခင်၏အလိုတော်မှာထိုသိုးတို့အား သိုးအုပ်သို့ ပြန်လည်ဆောင်ယူလာပြီး၊ နိုင်ငံတော်အတွက် အသုံးဝင်သော သူများအဖြစ် ပြန်လည်မွမ်းမံရန်ဖြစ်သည်။ ကျွန်ုပ်တို့၏ခေတ်ကာလ၌ပျောက်ဆုံးနေသော ထိုသိုးများအတွက် အလားတူ ရှုပါရုံများကို ဆုပ်ကိုင်ဖမ်းယူနိုင်ကြပါစေသော။

စဉ်းစားသုံးသပ်ရန်အချက်များ

* သိုးအုပ်မှလမ်းလွဲ၍ပျောက်ဆုံးနေသောသိုးအား ယုံကြည်သူတို့မှ ပြုလုပ်တတ်သောတုန့်ပြန်မှုအချို့မှာ မည်သို့နည်း။
* သိုးအားပြန်တွေ့သော အချိန်၌ ခံစားရသောသိုးထိန်း၏ ဝမ်းမြောက်ခြင်းသည် သိုးထိန်းမှ သိုးအပေါ်၌ ထားရှိသော စိတ်နေသဘောထားနှင့်စပ်လျဉ်း၍ မည်သည့်အရာကို သွန်သင် ပေးသနည်း။
* အယူဝါဒများကို ခုခံကာကွယ်ခြင်း၊ ဂုဏ်သိက္ခာကို ထိန်းသိမ်းခြင်းနှင့်သိုးတို့အား ချစ်ခြင်းတို့၌ ရှိသောခြားနားချက်များကား အဘယ်နည်း။ အထက်အရာများကို ကာကွယ်ထိန်းသိမ်းထားပြီး၊သိုးတို့အပေါ်၌ ချစ်ခြင်းမေတ္တာမရှိဘဲ ဖြစ်နိုင်ပါသလား။
* သိုးအား ပခုံးထက်၌ တင်ထမ်းသွားပြီးအရာသည် မည်သည့်အဓိပ္ပါယ်များကို ဆိုလိုပါသနည်း။ ပျောက်ဆုံးနေသော သိုးသည် အချိန်ကာလတစ်ခုအထိ ချီဆောင်ခြင်းခံထားရန် အဘယ်ကြောင့် လိုအပ်ပါသနည်း။
* ပျောက်ဆုံးနေသောသိုးအား၊ သိုးအုပ်အတွင်း ပြန်လည်ဖေးမပို့ဆောင်ရန် သင်လက်တွေ့လုပ်ဆောင်ပေးနိုင်သော အရာများကာ အဘယ်နည်း။
* ပြန်လည်ဖေးမလမ်းပြပေးခြင်းကို အလိုရှိနေသော လမ်းလွဲနေသူ

အား သင့်အသင်းတော်မှ မည်သို့ပြုမူဆက်ဆံပါသနည်း။

ဆုတောင်းရန်အချက်များ

* သမ္မာတရားမှ လမ်းလွဲနေသောသူတို့အပေါ်၌ ထားရှိသော ခရစ်တော်၏စိတ်နှလုံးကို သင့်အား ပေးရန် ဘုရားသခင်အား တောင်းလျှောက်ပါ။
* လမ်းလွဲပျောက်ဆုံးနေသူအား မိဿဟာယဖွဲ့အတွင်းသို့ ပြန်လည်ဖေးမသိမ်းသွင်းရန် သင်လုပ်ပေးနိုင်သော ကူညီမစမှုများကို ဖော်ပြရန် ဘုရားသခင်ထံ၌ ဆုတောင်းပါ။
* အခက်အခဲကြုံတွေ့နေသော ညီအစ်ကိုမောင်နှမများအတွက် ဆုတောင်းပေးရန် အချိန်အနည်းငယ်ယူပါ။ ဘုရားသခင်သည် မိမိကိုယ်ကို ထိုသူတို့ထံ၌ ဖော်ပြ၍ ကောင်းမွန်သော အခြေအနေသို့ ပြန်လည်ပို့ဆောင်ကာ ခရစ်တော်၏ ကိုယ်ခန္ဓာ၌ အသုံးဝင်သော တန်ဆာပလာများဖြစ်လာကြရန် ဆုတောင်းပေးပါ။
* ပျောက်ဆုံးနေသော ဘုရားသခင်၏သားသမီးတစ်ဦးဦးအား မိတ်သဟာယဖွဲ့ခြင်းထဲသို့ လုံးလုံးလျားလျား ပြန်လည်ဖေးမသိမ်းသွင်းရာ၌အဟန့်အတားဖြစ်စေခဲ့သော သင်၏အဆိုးမြင်(သို့) ဝေဖန်ပုတ်ချတတ်သောစကားလုံးများ(သို့)အပြုအမူများအတွက် ဘုရားသခင်အား ခွင့်လွှတ်ပေးရန်တောင်းပန်ပါ။

၉။

## ငါနှင့်အတူ ဝမ်းမြောက်ကြလော့

*မိမိအိမ်သို့ ရောက်သောအခါ အဆွေခင်ပွန်း၊ အိမ်နီးနားချင်း များကို ခေါ်၍ ပျောက်သောသိုးကို ငါတွေ့ပြီ။ ငါနှင့်အတူ ဝမ်းမြောက်ကြလော့ ဟုဆိုတတ်သည်မဟုတ်လော။ (လုကာ၊ ၁၅း၆)။*

ပျောက်သောသိုးအား ရှာဖွေခြင်းနှင့်တွေ့ရှိခြင်းသည် မူလ အခြေအနေသို့ ပြန်လည်ဖေးမပို့ဆောင်ခြင်း၏ တစ်စိတ်တစ်ဒေသသာ ဖြစ်သည်။ တစ်ခါတစ်ရံတွင် လမ်းလွဲပျောက်ဆုံးနေခဲ့သော သိုးတို့အတွက် အကြီးမားဆုံးခလုတ်ကန်သင်းမှာ သိုးအုပ်အတွင်းရှိ အခြားသောသိုးများ ပင် ဖြစ်နေတတ်သည်။ အလွယ်တကူဖြင့် ပြန်လည်ဖေးမသိမ်းသွင်း၍ မရသော သူအမြောက်အမြားကို ကျွန်ုပ်ကြုံတွေ့ခဲ့ဖူးပါသည်။ ထိုသို့ဖြစ်ရ ခြင်းမှာ သူတို့ပြန်လာသောအချိန်တွင် အသင်းတော်က မည်သို့မည်ပုံ တုန့်ပြန်ကြမည်ကို အသေအချာမသိခဲ့ကြသောကြောင့်ဖြစ်သည်။ ပညာရှိ သော သိုးထိန်းမှာ ဤအချက်ကို ကြိုသိနေခဲ့သောကြောင့် သိုးအုပ်အတွင်း ရှိ အခြားသောသိုးများမှာ ပျောက်ဆုံးနေရာမှ ပြန်လာသောသိုးကို အပြည့်အဝလက်ခံကြရန် သူလုပ်ဆောင်နိုင်သမျှကို လုပ်ဆောင်ခဲ့ပါ သည်။

သိုးထိန်းပြန်လာသောအချိန်၌ မည်သည့်အရာများဖြစ်ပျက်ခဲ့ သည်ကို သတိပြုပါ။ အခန်းငယ်(၈)တွင် ဖော်ပြထားသည်မှာ သိုးထိန်း သည်သိုးကို ပြန်ရှာတွေ့ခဲ့သောကြောင့် မိတ်ဆွေများနှင့် အိမ်နီးနားချင်း

များကို ဖိတ်ခေါ်၍ သူနှင့်အတူ ဝမ်းမြောက်ကြရန် တောင်းဆိုခဲ့သည်။ ပျောက်သောသိုးအား သိုးအုပ်အတွင်းသို့ ပြန်လည်ဖေးမသိမ်းသွင်းခြင်းက မည်သည့်အရာကို ဆိုလိုထားကြောင်း ကျွန်ုပ်တို့နားလည်သဘောပေါက်နိုင်ရန် ဤကျမ်းပိုဒ်သည် အလွန်အရေးပါသည်။

ဤနေရာ၌ ကိုယ့်ကိုကိုယ် ကျွန်ုပ်တို့မေးရမည့်မေးခွန်းမှာ - သိုးထိန်းသည် သူ၏မိတ်ဆွေများနှင့် အိမ်နီးချင်းများကို အဘယ်ကြောင့်ခေါ်ဖိတ်ခဲ့သနည်း။ ဖြစ်နိုင်ချေရှိသော အဖြေများကို စဉ်းစားသုံးသပ်ကြည့်ကြပါစို့။

ငါနှင့်အတူ ဝမ်းမြောက်ကြလော့

မိတ်ဆွေများနှင့် အိမ်နီးနားချင်းများကို ဖိတ်ခေါ်ရခြင်း၏ ပထမအကြောင်းအရင်းမှာ 'ငါနှင့်အတူ ဝမ်းမြောက်ကြလော့' ဟူသော စကားစုမှ ရောက်ရှိလာပါသည်။ သိုးထိန်းသည် မိမိ၏သိုးအား ပြန်လည်ရှာတွေ့ခဲ့သောကြောင့် အလွန်စိတ်လှုပ်ရှားဝမ်းသာဖြစ်နေပြီး၊ ထိုတွေ့ကြုံခံစားမှုအား မိမိတစ်ယောက်တည်းကြိတ်၍မခံစားနိုင်ဖြစ်နေသည်။ သူ၏မိတ်ဆွေများ၊ အိမ်နီးနားချင်းများနှင့် မျှဝေခံစားရန် အတင်းတွန်းပို့ခြင်းကို ခံနေရသည်။ မိမိ၏ပျောက်ဆုံးနေသော သိုးပြန်လည်ရောက်ရှိ လာခြင်းအတွက် အခန်းအနားပြုလုပ်ရန်မှာ သိုးထိန်း၏ဆန္ဒဖြစ်ပြီး၊ ထိုအခန်းအနားအား သူနှင့်အတူပါဝင်ဆင်နွှဲကြရန် မိတ်ဆွေများနှင့် အိမ်နီးနားချင်းကို ဖိတ်ခေါ်ခဲ့သည်။ ဤအချင်းအရာသည် သိုးတစ်ကောင်ပေါ်၌ သိုးထိန်းမှထားရှိသော တန်ဖိုးနှင့် စပ်လျဉ်း၍ အကြောင်းအရာအချို့ကို ဖော်ပြနေပါသည်။

ဤသိုးသည် သိုးအုပ်မှ လမ်းလွဲပျောက်ဆုံးနေခဲ့သောသိုးဖြစ်ကြောင်းကို သတိရပါ။ ထိုသိုးသည် အပြစ်တရား၌လည်းကောင်း၊ မှား

ယွင်းသောသွန်သင်ခြင်းများ၌လည်းကောင်း၊ လဲကျနေခဲ့နိုင်သည်။ သိုးအုပ် အပေါ်၌လည်း ထိခိုက်ပျက်စီးမှုများကို ဖြစ်စေနိုင်သည်။ ဤသို့သောသိုးသည် သိုးအုပ်အတွက် အနှောက်အယှက်ကြီးတစ်ခု ဖြစ်နေတတ်စမြဲဖြစ်သည်။ သိုးအား ၎င်းသွားလိုရာကို သွားခွင့်ပေး၍ ၎င်းအား မေ့ပျောက်ထားရန်မှာ ပို၍လွယ်ကူသောအရာဖြစ်သည်။ သို့သော်သိုးထိန်း၏စိတ်နှလုံးမှာ ထိုသိုးကြောင့် ကြေကွဲနေပါသည်။ ထိုသိုးအားပြန်လည်ဖေးမသိမ်းသွင်းရန် အလွန်တောင့်တနေခဲ့သည်။ ထိုသိုးပြန်လာသသည့်အချိန်၌ အတိုင်းအဆမရှိ ဝမ်းမြောက်ခဲ့သည်။ ဤအချိန်သည် စွပ်စွဲပြစ်တင်ခြင်းနှင့် စီရင်ဆုံးဖြတ် ဒဏ်ခတ်ခြင်းတို့ အတွက် အချိန်မဟုတ်ပါ။ မြောက်မြားစွာသော သိုးတို့သည် အသင်းတော်၏ အမြွတ်ဒေါသကို ခံရန်အတွက်သာ ပြန်လာခဲ့ ကြသည်။ သူတို့သည် စီရင်ဆုံးဖြတ်ခံရခြင်း၊ အပြစ်တင်ခံရခြင်း၊ ဒဏ်ခတ် ခံရခြင်းနှင့် အတင်းအဖျင်းပြောခံရခြင်းတို့ကိုသာ တွေ့ကြုံခဲ့ရကြသည်။ ဤကဲ့သို့သောစိတ်နေသဘောထားသည် သိုးထိန်း၏စိတ်နေစိတ်ထားမျိုး မဟုတ်ပါ။ သူအမြတ်နိုးဆုံး သိုးပြန်လာသောအချိန်၌ ပြုလုပ်သော အခမ်းအနားသို့ သူ၏အိမ်နီးနားချင်းများအားလုံးကို ခေါ်ဖိတ်ခဲ့ပါသည်။

လမ်းလွဲပျောက်ဆုံးသောသူသည် ဌာနေသို့ ပြန်လာသောအခါ တွင် စိတ်အနှောက်အယှက်ဖြစ်ခြင်းနှင့် အရှက်ရခြင်းတို့ကိုအမြဲခံစားရပါ သည်။ သိုးအုပ်၏တစ်စိတ်တစ်ဒေသအဖြစ် ရှိနေရန် မထိုက်မတန်ဟု ခံစားရပြီး၊ အခြား'ပို၍စင်ကြယ်'သောသိုးများရှေ့၌လည်း သက်တောင့် သက်သာမရှိဖြစ်နေရသည်။ ဤအချက်သည် လုကာ ၁၅း၂၁၌ တွေ့ရ သော ပျောက်သောသား၏အခက်အခဲပင်ဖြစ်သည်။ ဖခင်ဖြစ်သူ၏ ချစ်ခြင်းမေတ္တာကမ်းလက်အား သားဖြစ်သူက မည်သို့တုန့်ပြန်ခဲ့သည်ကို သတိပြုပါ။

သူ၌မထိုက်တန်မှုများ ရှိနေလင့်ကစား၊ ဖခင်ဖြစ်သူသည် သား၏ အိမ်အပြန်ကို ကြိုဆိုလက်ခံကာ ဆူဖြိုးသောနွားငယ်ကို သတ်ရန် မိန့်ဆိုခဲ့သည်။ သားဖြစ်သူအတွက် ထိုသို့ပြုလုပ်ပေးခဲ့သော ဖခင်ဖြစ်သူ၏ တုန့်ပြန်မှုကို မည်သို့မှတ်ယူသနည်း။ ဤသို့သောအပြုအမူသည် သားဖြစ်သူထံ၌ ဖခင်ဖြစ်သူ၏ သံယောဇဉ်နှင့်ချစ်ခြင်းမေတ္တာတရားရှိနေသေးသည့်အကြောင်းကို အခိုင်အမာသက်သေပြနေသည်မဟုတ်ပါလား။ ဖခင်ဖြစ်သူ၏ဝမ်းမြောက်ဖွယ်ကျင်းပပြုလုပ်မှု၊ သားဖြစ်သူအား ဆက်လက်၍ချစ်နေပါသေးသည် ဆိုသည့်အချက်ကို သက်သေပြနေပါသည်။ သားဖြစ်သူ၏အပြစ်နှင့် ပုန်ကန်ခြင်းတို့မှာ အလွန်ဆိုးရွားသော အရာများဖြစ်သော်လည်း၊ ၎င်းတို့သည် သားဖြစ်သူအား ဖခင်၏ချစ်ခြင်းမေတ္တာတရားမှ ဆွဲထုတ်နိုင်ကြမည်မဟုတ်ပါ။ သိုးထိန်းပြန်ရောက်လာပြီး၊ သူ၏အိမ်နီးနားချင်းအားလုံးခေါ်ဖိတ်လိုက်ချိန်တွင် သူသည် ထိုသူတို့အားလုံးအား ပြန်ရှာတွေ့သောသိုးအပေါ်၌၊ ချစ်ခြင်းမေတ္တာနှင့် သံယောဇဉ်တို့ကိုပြသခဲ့ခြင်းသာမဟုတ်၊ ထိုပြန်ရှာတွေ့သောသိုးအား သိုးအုပ်အတွင်း၌ မိသားစုဝင်ဖြစ်ခြင်းနှင့်အတူ ထိုမိသားစုဖြစ်မှု ရရှိလာမည့်အခွင့်အရေးများအားလုံးကို အပြည့်အဝလက်ခံရရှိရန် ပြန်လည်အာမခံပေးနေခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် လမ်းလွဲပျောက်ဆုံးကြ၍ အပြစ်၌ပြုလဲနစ်မွန်းနေကျချိန်တွင် ဘုရားသခင်က ကျွန်ုပ်တို့အား ဆက်လက်၍ချစ်နေသေးသည့်အကြောင်းကို အံ့ဩမှင်သက်လျက် သံသယပွားရန်မှာ အလွန်လွယ်ကူပါသည်။ ဤကျမ်းပိုဒ်ကိုကြည့်လျက် ၎င်းသံသယစိတ်များကို ဖယ်ရှားသင့်သည်။ လမ်းလွဲပျောက်ဆုံးနေသူ သိုးအုပ်အတွင်းသို့ ပြန်ရောက်လာချိန်တွင် ကြီးမားသောဝမ်းမြောက်မှုကြီးတစ်ခု ကောင်းကင်ဘုံထက်၌ ရှိနေပါသည်။ သင်၏အနီးအနား၌ ရှိသောသူများက၊ သင့်အား

ဖြစ်တင်ပုပ်ချ၊ စီရင်ဆုံးဖြတ်၍ကဲ့ရဲ့နေကြပေလိမ့်မည်။ သို့သော် သခင်ကိုယ်တော် ကိုယ်တိုင်ကမူ ဝမ်းမြောက်ပျော်ရွှင်လျှက် ရှိနေသည်။ သင်၏အိမ်အပြန်ကို ကောင်းကင်ထက်၌ကျင်းပနေပေသည်။ သင့်ကို လက်ခံပိုက်ထွေး ရန်သူ၏လက်တစ်စုံကို ဖြန့်လျက် ကြိုဆိုနေပါသည်။ ကြည်နူးမှုများနှင့်အတူ သင့် အားထွေးပွေ့ထားပါမည်။ ဤရုပ်ပုံလွှာသည် သင့်အား စိတ်ချမှုကို ပေးစေပါ။ ဤအချင်းအရာသည် လမ်းလွဲ ပျောက်ဆုံးနေသောသူများကို ဆက်ဆံကိုင်တွယ်ရာတွင် ကျွန်ုပ်တို့ အတွက် ပုံဥပမာကောင်းတစ်ခုဖြစ်ပါစေ။ ဘုရားသခင်၏ အလိုဆန္ဒမှာ ခွင့်လွှတ်ပေးရန်နှင့်မေ့ပျောက်ပစ်ရန် ဖြစ်သည်။ ဤအကြောင်းအရာမှာ ဆာလံ ၁၀၃း၁၁-၁၂၏ ရှင်းလင်းသော သွန်သင်ချက်ဖြစ်သည်။

> *မြေကြီးအထက်တွင် ကောင်းကင်အမြင့်ရှိသည့်အတိုင်း ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့၌ဂရုဏာတော်သည် အားကြီးပေ၏။ အရှေ့မျက်နှာစွန်းသည် အနောက်မျက်နှာစွန်းနှင့် ဝေးသည်အတိုင်း ငါတို့အပြစ်များကို ငါတို့နှင့်ဝေးစေတော်မူ၏။*

"ပျောက်သောသိုးကို ငါတွေ့ပြီ"

လမ်းလွဲပျောက်ဆုံးနေရာမှ ပြန်လာသောသိုးအတွက် အခန်းအနားကျင်းပရန် အိမ်နီးနားချင်းမိတ်ဆွေများကို ခေါ်ဖိတ်ရခြင်းနှင့် စပ်လျဉ်း၍ ဖြစ်နိုင်သော အခြားအကြောင်းအရင်းရှိနေသေးသည်။ ၎င်းအကြောင်းအရင်းကို 'ပျောက်သောသိုးကို ငါရှာတွေ့ပြီ' ဟူသော စကားစု၌တွေ့နိုင်သည်။ ဤစကားစုတွင် သိုးထိန်းသည် ထင်ရှားသိသာသောအချက် နှစ်ချက်ကို အထင်အရှားဖော်ပြထားသည်။ ပထမအချက်မှာ ပျောက်သောသိုးအား ပြန်လည်တွေ့ရှိခဲ့သည့် အကြောင်းဖြစ်ပြီး၊ ဒုတိယအချက်မှာထိုသိုးသည် သူ၏သိုးဖြစ်ကြောင်းပင်

ဖြစ်သည်။

ဤသို့သော လူသိရှင်ကြားကြေငြာရခြင်းအမှု၌အလွန်အရေးကြီးသောအကြောင်းအရင်းနှစ်ရပ်ပါရှိသည်။ ပထမအကြောင်းအရင်းမှာ ဤဟောပြောချက်သည် ပျောက်သောသိုးအတွက် အာမခံချက်ကို ဆောင်ယူလာပေးသည်။ ဤသို့ကြေငြာခြင်းသည် တရားဝင်အပြစ်ဖြေလွှတ်ခြင်းအမိန့်၊ တရားဝင် သဘောတူလက်ခံခြင်းနှင့် အတည်ပြုထောက်ခံခြင်းမျိုးဖြစ်သည်။ ကျွန်ုပ်တို့အသင်းတော်အတွင်းရှိ ယုံကြည်သူတစ်ဦးတိုင်း၏ အသက်တာအတွက် ထိုကဲ့သို့သော လူသိရှင်ကြားအတည်ပြုထောက်ခံပေးခြင်းသည် အလွန်အရေးကြီးသောအချက်ဖြစ်ကြောင်းကို ပေါ့ပေါ့တန်တန် မထားသင့်ပါ။ တစ်ခါက အသင်းတော်၌ ကျွန်ုပ်တရားဟောနေစဉ် ဖြစ်ပျက်ခဲ့သောအရာတစ်ခုကို သတိရမိပါသည်။ ထိုအသင်းတော်၌ ကျွန်ုပ်၏ဟောပြောသွန်သင်ချက်ကို မနှစ်မြို့သော လူတစ်ဦးသည် ဒေါနှင့်မောနှင့် ပြေးထွက်သွားကာ တံခါးကို ဆောင့်ပိတ်ခဲ့ပြီး၊ ထိုအသင်းတော်၌ ကျွန်ုပ်နောက်ထပ်ဟောပြောခွင့် မရရန် နည်းလမ်းမျိုးစုံသုံးကာ ဟန့်တားမည်ဟု လည်းကြုံးဝါးသွားခဲ့သည်။ ထိုအသင်းတော်၏ခေါင်းဆောင်များက ထိုသတင်းကို ကြားသောအခါ အတူတကွ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထွက်လာသောအဖြေမှာ ထောက်ခံအတည် ပြုချက်စာတစ်စောင်ဖြစ်ပြီး၊ ၎င်းစာထဲ၌ ကျွန်ုပ်ပြုလုပ်နေသောအမှုတော်မြတ်နှင့် ကျွန်ုပ်ပြောကြားခဲ့သော စကားကိုထောက်ခံသည့် အကြောင်းကို ခေါင်းဆောင်များက အခိုင်အမာဆိုထားကြသည်။ ထိုစာသည် ကျွန်ုပ်အတွက် အလွန်ကြီးမားသော အားပေးတိုက်တွန်းမှုကြီး တစ်ခုဖြစ်ခဲ့ပြီး၊ ကျွန်ုပ်နှင့် ထိုအသင်းတော်၏ ဆက်ဆံရေး ခိုင်မာမှုကိုလည်း အတည်ပြုပေးခဲ့သည်။ ကျွန်ုပ်တို့ အသင်းတော်နှင့်ဆက်နွယ်ပတ်သက်မှုကို ကျွန်ုပ်တို့ အသေအချာမသိသောအခါ လွတ်လပ်စွာ

အမှုဆောင်ခြင်း(သို့)မိတ်သဟာယဖွဲ့ခြင်းတို့ကို ကျွန်ုပ်တို့ လုပ်သင့်သလောက် မပြုလုပ်နိုင်ကြတော့ပေ။ ပညာရှိသော သိုးထိန်းများသည် သိုးအုပ်ထဲသို့ ပျောက်သော သိုးပြန်လာသောအခါ ထိုသိုးအား အပြည့်အဝ ထောက်ခံအားပေးမည့်အကြောင်းကို အသေအချာပြင်ဆင်ထားပါလိမ့်မည်။

အထက်ပါကြေငြာချက်ကို ပြုလုပ်ရခြင်း၏ အရေးပါမှုအကြောင်းကို ဖော်ပြသောဒုတိယအကြောင်းအရင်းရှိသေးသည်။ ထိုကြေငြာချက်သည် ပျောက်သောသိုးအတွက်သာ အရေးပါခဲ့သည် မဟုတ်။ အသင်းတော်အတွက်လည်း အလွန်အရေးပါ ပါသည်။ ပျောက်သောသိုးသည် ပြန်လည်ဖေးမသိမ်းသွင်းခြင်းကို ခံခဲ့ရပြီဖြစ်ကြောင်း အသင်းတော်က နားလည်ထားရန် လိုအပ်သည်။ မဖြေရှင်းရသေးသော ပြဿနာများ ရှိနေသေးသည်ဟု အသင်းတော်မှ မှတ်ယူနေသမျှကာလ ပတ်လုံး ပျောက်သောသိုးအား ပြန်လည်ဖေးမသိမ်းသွင်းခြင်းမှာ မဖြစ်နိုင်ပါ။ ပျောက်သောသိုးအား 'ပြန်တွေ့ပြီ'ဟု လူသိရှင်ကြား ကြေငြာလိုက်ခြင်းဖြင့် သိုးထိန်းသည် မိမိအနားတဝိုက်၌ ပတ်လည်ဝိုင်းလာမည့် မဟုတ်မမှန်သတင်းများနှင့် အတင်းအဖျင်းပြောခြင်းတို့ကို နှုတ်ပိတ်လိုက်ခြင်းဖြစ်သည်။ သိုးထိန်းသည် ပြဿနာအားလုံးကို ဖြေရှင်းခဲ့ပြီ ဖြစ်ကြောင်း ကြေငြာနေပြီး၊ ထိုအရာနှင့်ပတ်သက်၍ အမှုတွဲစာအုပ်ကို အပြီးအပိုင် ပိတ်ပစ်ခဲ့သည်။ ဤသို့သောလုပ်ရပ်က အသစ်ပြုပြင်ထားသော မိတ်သဟာယဖွဲ့ခြင်းအတွက် တံခါးကိုဖွင့်ပေးထားခဲ့သည်။

ပျောက်သောသိုးကို လိုက်လံရှာဖွေခြင်းတွင် သိုးထိန်းသည် များစွာသောအရာများကိုရင်းရသော်လည်း ထိုသိုးအားအိမ်သို့ ပြန်လည်ဆောင်ယူလာခြင်းမှာလည်း လွယ်ကူသောအရာတော့မဟုတ်ပါ။ အသင်းတော်သည် ဤသို့ပျောက်ဆုံးနေခဲ့သည့် သိုးများ ပြန်အလာကို

အစဉ်အမြဲ လက်ခံလေ့မရှိကြပါ။ သိုးထိန်းသည် လမ်းလွဲ ပျောက်ဆုံးနေခဲ့သောသိုးကြောင့် သိုးအုပ်အတွင်းရှိအခြားသောသိုးများ၌ ဖန်တီးဖြစ်ပေါ်စေခဲ့သော နာကျင်မှုများကိုလည်း ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ပေလိမ့်မည်။ ခွင့်လွှတ်ခြင်းတရားမှာ လွယ်ကူသည့်အရာတော့ အမြဲတမ်းမဟုတ်ပါ။ ယုံကြည်မှုနှင့် စိတ်ချမှုတို့ကို ပထမဆုံး တည်ဆောက်ဖန်တီးရန် လိုအပ်ပါလိမ့်မည်။ ပျောက်သောသိုးအား ပြန်ရှာတွေ့ပြီဟူသောအချက်ကို အသင်းတော်၌ကြေငြာခြင်းသည် စကားလုံးသက်သက်ပြောခြင်းထက်ပိုပါသည်။ ပညာရှိသော သိုးထိန်းသည် လမ်းလွဲပျောက်ဆုံးနေသူအား ပြန်လည်ဖေးမသိမ်းသွင်းရန်အတွက် လက်ခံနိုင်ခြင်းနှင့် ခွင့်လွှတ်ခြင်းတို့ဖြစ်ပေါ်စေမည့်အခြေအနေတစ်ခုကို ဖန်တီးရန် လိုအပ်ပေမည်။ ဤသို့ပြုလုပ်ရာတွင် သူတပါးအား ခွင့်လွှတ်ပေးရန် အဆင်သင့်မဖြစ်သေးသူများနှင့် ဆက်ဆံဖြေရှင်းရန် လိုအပ်ပေလိမ့်မည်။ ပျောက်သောသိုးနှင့်အခြားသိုးတို့အကြားရှိ မိဿဟာယဖွဲ့ခြင်းနှင့်ပြန်လည်ဖေးမသိမ်းသွင်းခြင်းအား ပြည့်ပြည့်ဝဝ ရရှိရန် ဟန့်တားနေသည့် ထိခိုက်နစ်နာစေသော အပြောအဆိုများ၊ စိတ်ထားများနှင့် အပြုအမူတို့ကို ရပ်တန့်ရန် သိုးထိန်းသည်အစွမ်းကုန်ကြိုးစားရန် လိုအပ်ပါလိမ့်မည်။ ပျောက်သောသိုးအား ပြန်လည်ဖေးမသိမ်းသွင်းခြင်းဆိုရာတွင် ထိုသိုးအား ပြန်လည်လက်ခံနိုင်ရန်အတွက် အသင်းတော်၏ကြိုတင်ပြင်ဆင်ထားခြင်းလည်း ပါဝင်သည်။ သိုးအုပ်အတွင်းရှိ သိုးများမှပျောက်ဆုံးနေခဲ့သော သိုးအား ပြန်လည်လက်ခံ၍ကြိုဆိုထွေးပိုက်ရန်အတွက် ပညာရှိသောသိုးထိန်းသည် မိမိလုပ်နိုင်သမျှအရာအားလုံးကို အစွမ်းကုန်ကြိုးစားလုပ်ဆောင်ပါလိမ့်မည်။

စဉ်းစားသုံးသပ်ရန်အချက်များ

* ပြန်လည်ဖေးမသိမ်းသွင်းခြင်း ခံရသည့်ပျောက်သောသိုးအပေါ်၌ ထားရှိသော ဤပုံဥပမာရှိ သိုးထိန်း၏စိတ်သဘောထားနှင့် သင့်အသင်းတော်၏စိတ်သဘောထားကို နှိုင်းယှဉ်ကြည့်ပါ။ သင့်အသင်းတော်သည် အလားတူ စိတ်သဘောထားမျိုး ရှိနေပါသလား။
* လမ်းလွဲပျောက်ဆုံးသူအား ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာ နှင့် ထောက်ခံအားပေးမှုများဖြင့် အခိုင်အမာရပ်တည်ပေးရန် အဘယ်ကြောင့် အရေးကြီးသနည်း။ ထောက်ခံအတည်ပြုပေးခြင်းနှင့် စည်းကမ်းဖြင့် ထိန်းသိမ်းကြပ်မတ်ခြင်းတို့အကြား ဟန်ချက်ညီမှုကိုမည်သို့ သုံးသပ်ကြမည်နည်း။
* လမ်းလွဲပျောက်ဆုံးနေသောသူအား အသင်းတော်က ပြန်လည်လက်ခံရန် ပြင်ဆင်မှုရှိသော သိုးထိန်း၏ တာဝန်ဝတ္တရားကား အဘယ်နည်း။ ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ သိုးထိန်းသည် မည်ကဲ့သို့သောအခက်အခဲနှင့် ရင်ဆိုင်ဖြေရှင်းရန် လိုအပ်မည်နည်း။

ဆုတောင်းရန်အချက်များ

* အသင်းတော်အတွင်းသို့ ပြန်လည်ဖေးမသိမ်းသွင်းခြင်းကို လိုလားသော လမ်းလွဲပျောက်ဆုံးနေသူ၏အပေါ်၌ထားရှိသော သင်၏စီရင်ဆုံးဖြတ်တတ်သော(သို့)ပြစ်တင်ဝေဖန်တတ်သော စိတ်ကိုဖယ်ရှားပေးရန် ကိုယ်တော်ထံ၌တောင်းလျှောက်ပါ။
* လမ်းပျောက်၍ဦးတည်ရာမဲ့လျှောက်သွားနေသော ယုံကြည်သူများအပေါ်၌ သနားခြင်းဂရုဏာသက်နိုင်ပြီး၊ ချစ်တတ်လာရန် ဘုရား

သခင်၏ကူညီမစမှုကို တောင်းလျှောက်ပါ။

* လမ်းလွဲပျောက်ဆုံးနေသောသူတို့အား ပို၍လက်ခံတတ်လာရန် အတွက် ဘုရားသခင်ကသင်၏အသင်းတော်ကို ကူညီမစပေးမည့် အကြောင်း အချိန်အနည်းငယ်ယူ၍ဆုတောင်းပါ။
* ဘုရားသခင်၏ပျောက်သောသိုးတစ်ကောင်ကောင်အတွက် သင် ကိုယ်တိုင်လုပ်ဆောင်ပေးနိုင်သော အရာများကို သိရှိလာနိုင်ရန် သခင်ကိုယ်တော်မစမှုအတွက်ဆုတောင်းပါ။

## ၇။
## ကောင်းကင်သားတို့၏ ဝမ်းမြောက်ခြင်း

*ထိုနည်းတူ ဖြောင့်မတ်၍ နောင်တရစရာအကြောင်း မရှိသောသူ ကိုးဆယ်ကိုးယောက်တို့၌ ကောင်းကင်သားတို့သည် ဝမ်းမြောက်ခြင်း ရှိသည်ထက် နောင်တရသောလူဆိုးတစ်ယောက်၌ သာ၍ ဝမ်းမြောက် ခြင်း ရှိကြသည်ဟု ငါဆို၏။(လုကာ၊ ၁၅း၇)။*

သခင်ယေရှုသည် နောင်တရစရာမလိုသောဖြောင့်မတ်သည့် လူများအားလုံးထက် နောင်တရသောအပြစ်သားတစ်ဦးအပေါ်၌ ကောင်းကင်သည် ဝမ်းမြောက် လျက် ရှိ ကြောင်း ပြော ကြားရင်း အခန်းငယ်(၇)၌ ဤပုံဥပမာကို အဆုံးသတ်ထားပါသည်။ ဤနေရာ၌ သခင်ယေရှု၏ပြောကြားချက်များကို နားလည်နိုင်ရန်အတွက် သူ၏ လူမျိုးတော်ထံ၌ထားသော သူ၏ခံစားချက်များကို ပထမဦးစွာ ကျွန်ုပ်တို့ သိထား ရန် လိုအပ်သည်။ ဘုရားသခင်နှင့် သူ၏လူမျိုးတော်များကြားရှိ ရင်းနှီးဆက်နွယ်မှုနှင့်စပ်လျဉ်း၍ ဇေဖနိ ၃း၁၇၌ ပရောဖက်၏ ပြောဆို ထားချက်ကို အချိန်ခေတ္တယူ၍စဉ်းစားသုံးသပ်ကြည့်ပါ။

> *သင်၏ဘုရားသခင်ထာဝရဘုရားသည် သင့်အလယ်၌ရှိ၍ တန်ခိုးကြီးသောဘုရားသည် သင့်ကို ကယ်တင်တော်မူလိမ့် မည်။ သင်၌အားရ၍ ဝမ်းမြောက်တော်မူလိမ့်မည်။ ချစ်ချင်း မေတ္တာ၌ကိန်းဝပ်၍ သီချင်းဆိုခြင်းနှင့်တကွ သင်၌ဝမ်းမြောက် တော်မူလိမ့်မည်။*

သခင်ကိုယ်တော်သည် သူနှင့်သူ၏လူမျိုးတော်တို့၏ ရင်းနှီး ဆက်နွယ်မှုနှင့် စပ်လျဉ်း၍သူ၏အစေခံကို အသုံးပြုကာ အချက်အလက် အချို့ကို ပြောပြထားသည်။ ကိုယ်တော်သည် သူတို့၏ကယ်တင်ရှင်ဖြစ် ခဲ့သည်ကို သတိပြုပါ။ ကိုယ်တော်သည် သူ၏လူမျိုးများ လိုအပ်ချက် များနှင့် ရှိနေကြချိန်တွင် လက်ကမ်း၍ သူတို့ကို ကယ်တင်ပေးခဲ့သည်။ ဘုရားသခင်သည် သူတို့၌ နှစ်ထောင်အားရကျေနပ်မှုရှိခဲ့ကြောင်းကိုငှင်း၊ သူတို့အပေါ်၌သီချင်းဆိုခြင်းနှင့်တကွ ဝမ်းမြောက်နေခဲ့ကြောင်းကိုငှင်း သတိပြုပါ။ ဘုရားသခင်၏လူမျိုးတော်တို့သည် ဘုရားသခင်၏စိတ်နှလုံး တော်အား အလွန်ဝမ်းမြောက်စေခဲ့ကြသည်။ သူတို့သည် ပြည့်စုံသောသူ များမဟုတ်ကြသော်လည်း၊ ဘုရားသခင်၏နှလုံးသားထဲတွင် ချီးမွမ်းခြင်း ပြည့်စေခဲ့ကြသည်။

ဟေရှာယအနာဂတ္တိကျမ်းတွင် ဘုရားသခင်ကိုယ်တော်သည် သူနှင့်သူ၏သားသမီးတို့၏ဆက်နွယ်ပတ်သက်မှုကို မိခင်တစ်ဦးနှင့် သူမ ၏ ကလေးများအကြားရှိ ဆက်နွယ်ရင်းနှီးမှုနှင့် နှိုင်းယှဉ်ထားပါသည်။ ဤအကြောင်းကို ဟေရှာယ ၄၉း၁၅-၁၆တွင် ကျွန်ုပ်တို့ဖတ်ရှုရသည်။

*မိန်းမသည် မိမိဖွားသောသားကို မသနားသည်တိုင်အောင် မိမိနို့ စို့သူငယ်ကိုမေ့လျော့နိုင်သလော။ အကယ်၍ မေ့လျော့သော် လည်း သင့်ကိုငါ မမေ့လျော့၊ ငါသည် မိမိလက်ဝါး၌ သင့်ကို ထွင်းထိုးထားပြီ။ သင်၏မြို့ရိုးသည် ငါ့ရှေ့မှာ အစဉ်ရှိ၏။*

သခင်ကိုယ်တော်သည် မိမိ၏သားသမီးများကို မေ့လျှော့ရန် ထက် မိခင်တစ်ဦးသည် သူမ၏ နို့စို့ကလေးငယ်ကို မေ့လျော့ရန်မှာ ပို ၍လွယ်ကူပါလိမ့်မည်။ ဤနေရာ၌တွေ့ရသော ရုပ်ပုံလွှာမှာ မေတ္တာ တရားနှင့် အကြင်နာတရားတို့ဖြစ်ကြသည်။ မွေးကင်းစကလေးငယ်သည် သူ(သို့)သူမ၏မိခင်ထံသို့ ကြီးမားသောဝမ်းမြောက်ခြင်းကို ယူဆောင်လာ

သည့်အကြောင်းကိုမသိသောသူ ကျွန်ုပ်တို့အထဲ၌ မည်သူရှိမည်နည်း။ ဘုရားသခင်သည်သူ၏ လက်တော်၌ သူ့လူမျိုးများကို ထွင်းထိုးထားသည့် အကြောင်းကိုသတိပြုပါ။ တနည်းအားဖြင့်ဆိုရလျှင် သူတို့၏အမည် နာမများသည် ဘုရားသခင်၏ရှေ့မှောက်တွင် အစဉ်ရှိနေကြသည်။ ဘုရားသခင်သည် သူတို့အား ဘယ်သောအခါတွင်မျှ မေ့လျော့ခဲ့မည် မဟုတ်ပါ။

ကိုယ်တော်သည် သူနှင့် သူ၏လူမျိုးတော်တို့၏ ရင်းနှီးဆက်နွယ်မှုကို သူတို့သားနှင့် သူ၏ပူပူနွေးနွေးသတို့သမီးတို့ကြားရှိ ရင်းနှီး ဆက်နွယ်မှုနှင့် ခိုင်းနှိုင်းထားပြန်သည်။ ဟေရှာယ ၆၂း၅ တွင် ဘုရားသခင်မှ ပြောဆိုထားသည်မှာ -

*လူပျိုသည် အပျိုကညာနှင့် လက်ထပ်သကဲ့သို့ သင်၏သားတို့သည် သင်နှင့်လက်ထပ်ကြလိမ့်မည်။ မင်္ဂလာဆောင်လုလင်သည် မင်္ဂလာဆောင်သတို့သမီး၌ ဝမ်းမြောက်သကဲ့သို့ သင်၏ဘုရားသခင်သည် သင်၌ဝမ်းမြောက်တော်မူလိမ့်မည်။*

တဖန် ဤနေရာ၌တွေ့ရသော ရုပ်ပုံလွှာမှာ ကြင်နာမှု၊ ရင်းနှီးမှုနှင့် အလွန်အားရကျေနပ်မှုတို့ဖြစ်ကြသည်။

မိမိ၏လူမျိုးတော်တို့အပေါ်၌ထားရှိသော ဘုရားသခင်၏ အလွန်ကြီးမားသော ချစ်ခြင်းမေတ္တာသည် ဘယ်သောအခါတွင်မျှ ပြောင်းလဲသွားမည်မဟုတ်ပါ။ ထိုချစ်ခြင်းမေတ္တာသည် ထာဝရတည်သော ချစ်ခြင်းမေတ္တာမျိုးဖြစ်သည်။ ဤအချက်ကိုပြန်လည်ဆင်ခြင်၍ ပရောဖက်ယေရမိမှ ယေရမိ ၃၁း၃တွင် ပြောဆိုထားသည်မှာ -

*ထာဝရဘုရားသည် အဝေးကထင်ရှား၍ မိန့်တော်မူသည်ကား၊ အကယ်စင်စစ် ထာဝရမေတ္တာနှင့်သင့်ကိုငါချစ်၏။ ထို့ကြောင့် ဂရုဏာကျေးဇူးကိုသင်၌ကြာမြင့်စွာ ပြု၏။*

မိမိ၏လူမျိုးတော်တို့အပေါ်၌ထားရှိသော ဘုရားသခင်၏

ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့၏ကောင်းမွန်ပြည့်စုံခြင်း၌၄င်း၊ ဘုရားသခင်၏စံချိန်စံညွှန်းအတိုင်း နေထိုင်အသက်ရှင်ခြင်းတို့၌၄င်း မမူတည်ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အဆိုးဆုံးအခြေအနေ၌၄င်း၊ အကောင်းဆုံးအခြေအနေ၌၄င်း၊ ချစ်မြဲချစ်နေပါသည်။ ကျွန်ုပ်တို့၏အဆိုးဆုံးအခြေအနေ၌ပင် ခရစ်တော်သည် သူ၏အကြီးမားဆုံးသောချစ်ခြင်းမေတ္တာကို ကျွန်ုပ်အပေါ်၌ပြသခဲ့ကြောင်းကို ရောမ ၅း၇-၈၌ ရှင်ပေါလုက ပြန်လည်သတိပေးနှိုးဆော်ထားသည်။

*ဖြောင့်မတ်သောသူအတွက်ကြောင့် အသေခံမည့်သူရှိခဲ၏။ သူတော်ကောင်းအတွက်ကြောင့် အသေခံဝံ့သူ ရှိကောင်းရှိမည်မှန်စေတော့။ ငါတို့သည် အပြစ်ရှိစဉ်ပင် ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက်ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာ ပြတော်မူ၏။*

သခင်ယေရှုကိုယ်တိုင်ကလည်း "ကိုယ်အဆွေတို့အဖို့အလို့ငှာ၊ ကိုယ့်အသက်ကိုစွန့်ခြင်းမေတ္တာထက်သာ၍ မြတ်သောမေတ္တာသည် အဘယ်သူ၌မျှ မရှိ"ဟု ဆိုခဲ့သည်(ယောဟန်၊ ၁၅း၁၃)။ သို့သော်လည်း သခင်ယေရှုသည် ဤထက်ပို၍ပင် လုပ်ဆောင်ခဲ့ပါသည်။ ကျွန်ုပ်တို့ သည် ကိုယ်တော်၏ရန်သူများအဖြစ် ရှိနေကြစဉ်၌ပင် ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် အသက်ကိုစတေးခဲ့သည်မဟုတ်ပါသလော။

ယောဟန် ၁၄း၁-၃ တွင် သခင်ယေရှုက တပည့်တော်များအား ပြောကြားထားသည်မှာ -

*တဖန်တုံ ယေရှုက သင်တို့စိတ်နှလုံးပူပန်ခြင်း မရှိစေနှင့်။ ဘုရားသခင်ကို ယုံကြည်ကြလော့။ ငါကိုလည်း ယုံကြည်ကြလော့။ ငါ့သား၏အိမ်တော်၌နေစရာအခန်းများ ရှိ၏။ သို့မဟုတ်လျှင်*

*မဟုတ်ကြောင်းကို သင်တို့အား ငါမပြောဘဲမပြု၊ သင်တို့နေစရာ အရပ်ကို ပြင်ဆင်ခြင်းငှာ ငါသွားရ၏။ ငါသည်သွား၍ သင်တို့ နေစရာအရပ်ကို ပြင်ဆင်ပြီးမှ တဖန်လာပြန်၍ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှာ၊ သင်တို့ကိုငါ့ထံသို့ သိမ်းဆည်းမည်။*

သခင်ယေရှု၏ စိတ်ဆန္ဒမှာ ကျွန်ုပ်တို့သည် သူနှင့်အစဉ်ထာဝရ ရှိနေရန်ဖြစ်သည်။ ကျွန်ုပ်တို့မှာ အချိန်ကာလတစ်ခုအထိသာ မိတ်ဖွဲ့ ဆက်ဆံနိုင်သောလူများဖြစ်ကြသည်။ လူအချို့နှင့်သာ အစဉ်ထာဝရ အတူ နေထိုင်သွားရန် ကျွန်ုပ်တို့အလိုရှိကြလိမ့်မည်။ ကျွန်ုပ်တို့ အပေါ် ထားရှိသော သခင်ယေရှု၏ချစ်ခြင်းမေတ္တာနှင့်သံယောဇဉ်မှာကား ကျွန်ုပ်တို့ အားသူ၏မျက်မှောက်၌ အစဉ်ထာဝရရှိနေကြရန် အလို ရှိနေခြင်းပင် ဖြစ်သည်။ ကျွန်ုပ်တို့အား ဘယ်သောအခါတွင်မျှ ငြီးငွေ့သွား မည် မဟုတ်ပါ။ ကိုယ်တော်၏ချစ်ခြင်းမေတ္တာနှင့် ကျွန်ုပ်တို့ပေါ်၌ ရှိသော ကြည်နူးဝမ်းသာမှုတို့မှာ ဘယ်သောအခါတွင်ပင်မျှ မေးမှိန်ပျောက်ကွယ် သွားမည် မဟုတ်ပါ။

ဤအချက်သည် ဘုရားသခင်က သူ၏လူမျိုးတော်တို့ထံ၌ ထား ရှိသောချစ်ခြင်းမေတ္တာနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့အား မည်သည့်အရာကို ပြောပြနေသနည်း။ ဘုရားသခင်သည် မိမိ၏လူမျိုးတော်တို့၌ ကျေနပ် အားရတော်မူပြီး မိခင်တို့က မိမိတို့၏သားသမီးများကို ချစ်မြတ်နိုးနိုင်ခြင်း ထက် ပို၍ကြီးမားသောချစ်ခြင်းနှင့်လည်း ဘုရားသခင်သည် သူတို့အား ချစ်နေတော်မူသည်။ သူတို့သားများက မိမိတို့၏သူတို့သမီး၌ ရွှင်လန်း ဝမ်းမြောက်စွာရှိ နိုင်ခြင်းထက်လည်း ဘုရားသခင်သည်မိမိ၏လူတို့၌ ရွှင်လန်းဝမ်းမြောက်တော်မူ၏။ မိမိ၏လူမျိုးတော်တို့အတွက် ယုတ္တိတန် သောချစ်ခြင်းမေတ္တာနှင့် ပေးဆပ်အပ်နှံမှုတို့ကို အနက်နဲဆုံးပြသခြင်း အနေဖြင့် ကိုယ်တော်သည် မိမိ၏အသက်ကိုဝမ်းမြောက်စွာဖြင့် လိုလို

လားလား ပေးဆပ်ခဲ့သည်။ ကိုယ်တော်ရှင်၏အလိုဆန္ဒမှာ အဟန့်အတား မရှိသော မိတ်သဟာယဖွဲ့ခြင်းနှင့် ရင်းနှီးကျွမ်းဝင်မှုတို့ဖြင့် ကျွန်ုပ်တို့နှင့် အတူ ထာဝရနေထိုင်သွားရန်ဖြစ်သည်။ ဤချစ်ခြင်းမေတ္တာထက်ပို၍ နက်နဲသောချစ်ခြင်းမေတ္တာ ဘယ်သောအခါတွင်မျှ ရှိနိုင်မည်မဟုတ်ပါ။

မိမိလူမျိုးတော်တို့အပေါ်၌ထားသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် အလွန်ကြီးမားနက်ရှိုင်းပြီး၊ စွမ်းတန်ခိုးနှင့်လည်း ပြည့်စုံနေသော ချစ်ခြင်းမေတ္တာမျိုးဖြစ်သည်။ သို့သော်လည်း လုကာ ၁၅း၇၌ သခင်ယေရှု ပြောဆိုသောအရာမှာ နောင်တရစရာမလိုသော အခြားသူအားလုံးအတွက်ထက် နောင်တရသော အပြစ်သားတစ်ဦးအတွက် ကောင်းကင်ထက်၌ ဝမ်းမြောက်ရွှင်လန်းခြင်းသာ၍ရှိသည့်အကြောင်းဖြစ်သည်။ ဤမိန့်ဆိုထားချက်ကို ခေတ္တစဉ်းစားသုံးသပ်ကြည့်ကြပါစို့။ သင့်အသက်တာ၌ ဘုရားသခင်ရရှိခံစားရသော ရွှင်လန်းဝမ်းမြောက်မှုနှင့် အားရကျေနပ်မှုအား ဖော်ပြချက်တစ်ခုစီကို ယူဆောင်၍ တစ်နေရာတွင် စုပုံထားနိုင်သည်ဟု သင်စိတ်ကူးယဉ်ကြည့်ပါ။ ထိုအတူ ပုံဥပမာထဲ၌ တွေ့ရသော ဖျောင့်မတ်သောသူ ကိုးဆယ်ကိုးယောက်တို့ကိုလည်း အလားတူ ပြုလုပ်သည်ဟု စိတ်ကူးယဉ်လိုက်ပါ။ ထိုအစုအပုံသည် မည်မျှကြီး၍ မြင့်သနည်း။ တဖန်တောင်ကြီးပမာ ကြီး၍မြင့်မားသောထိုချစ်ခြင်းမေတ္တာ ဝမ်းမြောက်ခြင်းအစုအပုံကြီးကိုယူဆောင်လာ၍ ပျောက်သောသိုးအတွက် ပြုလုပ်ထားသောအစုအပုံပေါ်၌ စုပုံလိုက်သည်ဟု ပြန်၍စိတ်ကူးကြည့်ပါ။ ပျောက်သောသိုးအပေါ်၌ထားရှိသော ဘုရားသခင်၏ရွှင်လန်းဝမ်းမြောက်ခြင်းနှင့် အားရကျေနပ်မှုအစုအပုံကြီးသည် ပို၍ကြီးမားလာမည် မဟုတ်ပါလား။ ဤကျမ်းပိုဒ်များ၌ သခင်ယေရှုပြောကြားနေသောအရာမှာ ထိုအရာပင်ဖြစ်သည်။ သခင်ယေရှုပြောပြထားသည်မှာ နောင်တရစရာမလိုသော သိုးကိုးဆယ်ကိုးကောင်တို့၌ ဝမ်းမြောက်ခြင်းရှိသည်ထက်

ထို သိုးတစ်ကောင်ကြောင့် ကောင်းကင်ထက်၌ သာ၍ကြီးသော ဝမ်းမြောက်ရွှင်လန်းခြင်းရှိသည်ဟူ၍ဖြစ်သည်။ ဤသို့ဆိုရာတွင် ဘုရားသခင်သည် ဖြောင့်မတ်သောသူတို့အား လျော့၍ ချစ်သည်ဟု မဆိုလိုပါ။ သို့သော်လည်း ဤအရာသည် လမ်းလွဲ၍ဦးတည်ရာမဲ့လျှောက်သွားနေသောသိုးအပေါ်၌ထားရှိသောဘုရားသခင်၏စိတ်သဘောထားကို ဖော်ပြနေခြင်းဖြစ်ပါသည်။ ဤအချင်းအရာသည် ကျွန်ုပ်တို့အတွက် မည်သည့်အရာကို လက်တွေ့ကျကျ ဆိုလိုပါသနည်း။

အကယ်၍ကျွန်ုပ်တို့သည် ဘုရားသခင်၏စိတ်နှလုံးတော်အား ဝမ်းမြောက်စေလိုကြလျှင်၊ လမ်းလွဲပျောက်ဆုံးနေသောသိုးအား သိုးအုပ်အတွင်းသို့ ပြန်လည်ဖေးမသိမ်းသွင်းရန် ရှာကြံလုပ်ဆောင်ခြင်းထက် အခြားမည်သည့်အရာကမျှ ဘုရားသခင်၏စိတ်နှလုံးတော်အား ဝမ်းမြောက်စေမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏မြောက်မြားစွာသော အချိန်ကိုနှောင်တရစရာမလိုသော သိုးကိုးဆယ်ကိုးကောင်တို့အား ဖေးမကူညီရာ၌အသုံးပြုခဲ့သည်။ ထိုသူတို့၏ကြီးထွားရင့်ကျက်လာခြင်းအတွက် ဘုရားသခင်အလိုရှိသော်လည်း လမ်းပျောက်နေသောသူများအတွက်မူ ဘုရားသခင်၏နှလုံးသားမှာ ကြေကွဲလျှက် ရှိ၏။ ဤကြေကွဲနေသော နှလုံးသားအား ဖေးမကူညီမည်ဆိုလျှင် ကျွန်ုပ်တို့၏အနီးအနား၌ ရှိနေကြသော လမ်းလွဲပျောက်ဆုံးနေသည့်သိုးများ၏လိုအပ်ချက်များကို လုပ်ဆောင်ပေးရန် ကျွန်ုပ်တို့၏မျက်လုံးများဖွင့်ကြည့်ကြရန် လိုအပ်ပေမည်။ ဘုရားသခင်သည် သူတို့၏အကူအညီတောင်းသံကိုကြားနေပါသည်။ ထိုသိုးများအား တောင်ကုန်းပေါ်၌ စွန့်ပစ်ထားပြီး၊ မေ့ပျောက်ထားခဲ့ကြသည်အဖြစ်ကို မြင်ရတိုင်း ဘုရားသခင်၏နှလုံးသားများမှာ ကြေကွဲရပါသည်။ ထို့အပြင် ထိုသူများ၏ငိုကြွေးအော်ဟစ်၍အကူအညီတောင်းသံကို မကြားချင်ယောင်ဆောင်နေကြသော သိုးထိန်းတို့ကို

မြင်တိုင်း ဘုရားသခင်၏နှလုံးသားပို၍ကြေကွဲရပါသည်။ မဿဲ ၂၅း၄ဝ ၌တွေ့ရသော သခင်ယေရှု၏မိန့်ဆိုထားချက်ကို နားထောင်ကြည့်ပါ။

*မင်းကြီးက ငါအမှန်ဆိုသည်ကား သင်တို့သည် ဤသူတည်းဟူသော ငါ့ညီတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အားပြုကြသမျှတို့ကို ငါ့အားပြုကြပြီဟု ပြန်၍မိန့်တော်မူလတ္တံ့။*

သခင်ယေရှုနှင့်သူ၏သားသမီးတို့၏ ရင်းနှီးဆက်နွယ်မှုမှာ အလွန်နီးစပ်ခိုင်မြဲသောကြောင့် ထိုသားသမီးများထဲမှ အငယ်ဆုံးသောသူ၏အပေါ်၌ ယုတ်မာကြမ်းတမ်းစကားများပြောခြင်း(သို့)မတရားစွာပြုမူဆက်ဆံခြင်းတို့ကို ကျွန်ုပ်တို့ပြုသောအခါတွင် သခင်ယေရှုသည် ထိုအချင်းအရာကို သူ့အပေါ်၌ပြုသည်ဟု မှတ်ယူထားသည်။ သူတို့ခံစားသည်အတိုင်း သခင်ယေရှုလည်း ခံစားရပါသည်။ သမ္မာကျမ်းစာ၌တွေ့ရသည့်အပြင်းထန်ဆုံးသောသတိပေးတားမြစ်ချက်များသည် ဘုရားသခင်၏လူမျိုးတော်တို့အား ဖိနှိပ်ချုပ်ချယ်ခြင်း၊ မတရားသဖြင့် ပြုမူဆက်ဆံခြင်းတို့နှင့် ပတ်သက်နေသည်။ ထွက်မြောက်ရာ ၂၂း၂၂-၂၄ ၌ ဘုရားသခင်၏ပြောဆိုထားချက်ကိုစဉ်းစားသုံးသပ်ကြည့်ပါ။

*မိဘ မရှိသောသူငယ်နှင့် မုဆိုးမကို သင်တို့သည် မနှောက်ယှက်ရ။ နှောင့်ယှက်ခြင်း တစ်စုံတစ်ခုကိုပြု၍ သူတို့သည် ငါ့အားအနည်းငယ်အော်ဟစ်လျှင် ငါသည် ထိုအသံကိုအမှန်ကြား၍ ငါအမျက်ပြင်းစွာ ထွက်၍ သင်တို့ကို ဓားဘေးဖြင့် ကွပ်မျက်သည်။ သင်တို့မယားသည်လည်း မုဆိုးမဖြစ်၍ သားသမီးများသည်လည်း မိဘမရှိသောသူပင်ဖြစ်ကြလိမ့်မည်။*

မုဆိုးမများနှင့် မိဘမဲ့ကလေးများအပေါ်၌ အခွင့်အရေးယူခြင်းအတွက် ပြစ်ဒဏ်မှာ ဓါးဖြင့် ကွပ်မျက်ခြင်းပင်ဖြစ်သည်။ ဘုရားသခင်

သူ၏သားသမီးများ ငိုကြွေးအော်ဟစ်သံကို ကြားမည်ဖြစ်ပြီး၊ ထိုအချင်းအရာအတွက် လျှင်မြန်သောတရားစီရင်မှုကို ဖော်ဆောင်သွားမည်ဖြစ်သည်။

ဓမ္မသစ်ကျမ်းတွင်လည်း အလားတူ သတိပေးသံကို ကျွန်ုပ်တို့တွေ့ရသည်။ မာကု ၉း၄၂ တွင်သခင်ယေရှု၏မိန့်ဆိုထားချက်ကို နားထောင်ကြည့်ပါ။

*ငါ့ကိုယုံကြည်သော ဤသူငယ်တစ်စုံတစ်ယောက်ကို အကြင်သူသည် မှားယွင်းစေ၏။ ထိုသူသည်လည်ပင်း၌ ကြိတ်ဆုံကျောက်ကို ဆွဲ၍ပင်လယ်၌ချခြင်းကို ခံရလျှင် အနေသာ၍ကောင်း၏။*

သိုးတို့အပေါ်၌ အခွင့်အရေးယူခဲ့ကြသော ယေဇကျေလ၏ခေတ်ကာလရှိသိုးထိန်းများနှင့်စပ်လျဉ်း၍ဘုရားသခင်က မိန့်ဆိုထားသည်မှာ -

*သို့ဖြစ်၍ အချင်းသိုးထိန်းတို့၊ထာဝရဘုရား၏အမိန့်တော်ကို နားထောင်ကြလော့။ အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါအသက်ရှင်သည်အတိုင်း၊ သိုးထိန်းမရှိ၊ အဘယ်သိုးထိန်းမျှ ငါ့သိုးတို့ကိုမရှာ။ သိုးထိန်းတို့သည် ငါ့သိုးတို့ကို မကျွေးမွေး၊ မိမိကိုယ်ကိုသာ ကျွေးမွေးသဖြင့် ငါ့သိုးတို့သည် လုယူရာ၊ ခပ်သိမ်းသော တောသားရဲစားစရာဖြစ်သောကြောင့် အချင်းသိုးထိန်းတို့၊ ထာဝရဘုရား၏ အမိန့်တော်ကို နားထောင်ကြလော့။ အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား ငါသည် သိုးထိန်းတို့တဖက်၌ နေ၏။ ငါ့သိုးများကိုသူတို့၌ ငါတောင်း၍ သိုးထိန်းအရာကိုနှုတ်မည်။ သိုးတို့သည်နောက်တဖန် မိမိကိုယ်ကို မကျွေးမွေးရကြ။ ငါ့သိုးများကို သူတို့ပါးစပ်မှ ငါနှုတ်၍ နောက်တဖန် ကိုက်မစားရကြ။*

ဘုရားသခင်သည် ပျောက်သောသိုး၏ အရေးကို ခုခံကာကွယ်ရန်အတွက် ခိုင်မာစွာ ရပ်တည်ပေးနေပါသည်။ ဘုရားသခင်သည် သိုးတို့အား ညှဉ်းပန်းနှိပ်စက်၍ သူတို့၏အော်ညည်းသံများကို လျစ်လျူရှုခဲ့ကြသော သိုးထိန်းတို့ကို ဆန့်ကျင်၍ရပ်တည်နေ၏။ သင်၏အနီးအပါး၌ လမ်းပျောက်၍ ဦးတည်ရာမဲ့ လျှောက်သွားနေသောသူများအား စောင့်ရှောက်ဖေးမခြင်းဖြင့် ဘုရားသခင်၏နှလုံးတော်အား ဝမ်းမြောက်ပျော်ရွှင်စေမည်လော။ လမ်းမှားပျောက်ဆုံးနေသောသူတို့အား ဘုရားသခင်၏ချစ်ခြင်းနှင့် ဂရုဏာတော်ကို သင်မျှဝေပေးမည်လော။

အကယ်၍ သင်သည် လမ်းလွဲပျောက်ဆုံးနေသော သိုးတို့အနက်မှတစ်ကောင်ဖြစ်ခဲ့လျှင် သခင်ယေရှုသည် သင်၏အထီးကျန်မှုများနှင့် နာကျင်မှုများကို မျှဝေခံစားပေးနေကြောင်းကို သတိရပါ။ သင်၏ဇဝေဇဝါဖြစ်နေခြင်းကို သိမြင်နေ၏။ သင်သည် အထံတော်သို့ပြန်လာရန် အသင့်ဖြစ်နေချင်မှ ဖြစ်မည်။ သို့သော် ထိုသခင်သည် သင့်အား စွန့်ပစ်သွားမည်မဟုတ်ပါ။ သခင်သည် သင်နှင့်ရင်းနှီးကျွမ်းဝင်ရန်သင့်ပြန်အလာကို တောင့်တနေပါသည်။ သူသည် သင့်အား စိတ်ရှည်စွာဖြင့် စောင့်ဆိုင်းနေပါသည်။ သူသည် သင့်အား တခြားတစ်နေရာသို့ ထွက်ခွါခွင့်ပြုမည်မဟုတ်ပါ။ ဟောရှေ ၂း၅-၇ ၌တွေ့ရသော ပုန်ကန်ထကြွနေသော နိုင်ငံတစ်နိုင်ငံအား ပြောဆိုခဲ့သည့် ဘုရားသခင်၏နှုတ်ထွက်စကားကို နားထောင်ကြည့်ပါ။ ဣသရေလ လူတို့အား မယားတစ်ယောက်အဖြစ် တင်စားလျှက် ဘုရားသခင်က ပြောဆိုထားသည်မှာ -

*သူတို့အမိသည် ပြည့်တန်ဆာဖြစ်၏။ သူတို့ကို ပဋိသန္ဓေယူသောသူသည် ရှက်ဖွယ်သောမှုကို ပြုပြီ။ သူကလည်း ငါ့မုန့်၊ ငါ့ရေ၊ ငါ့သိုးမွေး၊ ငါ့ပိုက်ဆံလျှော်၊ ငါ့ဆီ၊ ငါ့တောင်းသော အရည်တို့ကို ပေးတတ်သော ငါ့ရည်းစားများနောက်သို့ ငါလိုက်*

*မည်ဟု ဆိုပြီ။ သို့ဖြစ်၍ သူတို့ဆူးစောင်ရန်နှင့် ကာထားမည်။ ထွက်စရာမရှိစေခြင်းငှာ သူ့ပတ်လည်၌ကျောက်ရိုးကိုလည်း တည်မည်။ သူတို့သည် ရည်းစားတို့ကို လိုက်သော်လည်း မမီ၊ ရှာသော်လည်း မတွေ့ဘဲ နေရသောအခါ လင်ဟောင်းထံသို့ ငါပြန်သွားမည်။ ယခုနေရာထက် အရင်နေရာ သာ၍ကောင်းသည်ဟု ဆိုလိမ့်မည်။*

ဣသရေလလူတို့သည် အခြားချစ်သူများကို ရှာကြံနေခဲ့ကြသော်လည်း ဘုရားသခင်သည် သူတို့အား ထိုသူတို့ထံသို့ သွားခွင့်ပြုမည်မဟုတ်ပါ။ ဟောရှေ ၂း၆တွင် ဘုရားသခင်သည် သူမအား "ဆူးဆောင်ရန်နှင့် ကာထားမည်။ ထွက်စရာမရှိစေခြင်းငှာ သူ့ပတ်လည်၌ကျောက်ရိုးတို့ကိုလည်း တည်ထားမည်"ဟု ပြောဆိုခဲ့သည်။ သူမသည် ဘုရားသခင်အား လူပုံအလယ်၌ ပွင့်ပွင့်လင်းလင်းပုန်ကန်ခဲ့သော်လည်း ဘုရားသခင်သည် မိမိ၏လူမျိုးတော်တို့အား လက်လျော့စွန့်လွှတ်လိမ့်မည်မဟုတ်ပါ။ ဘုရားသခင်သည် သူမအား ဆက်လက်၍လိုက်နေမည်ဖြစ်ပြီး၊ ၎င်းအမှုအရာကို သူမ၏အချစ်အား ပြန်မရမချင်းလုပ်ဆောင်သွားမည် ဖြစ်သည်။

ယနေ့တွင် သင်သည် ပျောက်သောသိုးဖြစ်နေလျှင်၊ သင့်အပေါ်၌ထားသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို မည်သည့်အရာကမျှ ငြိမ်းသတ်နိုင်ခြင်းမရှိသည့် ချစ်ခြင်းမေတ္တာမျိုးဖြစ်ကြောင်း သင်နားလည်သဘောပေါက်ထားပါ။ သူသည် သင့်ကိုအစဉ်လိုက်ဖမ်းနေမည်။ သင်သည် သင်၏အစွမ်းရှိသမျှကိုသုံး၍ ဘုရားသခင်ထံမှ ပြေးထွက်သွားနေပါလိမ့်မည်။ သို့သော် သင်၏မျက်လုံးများကို ဖွင့်ကြည့်လိုက်မည်ဆိုလျှင် ဘုရားသခင်သည် သင်၏အနီး၌ရှိနေကြောင်းကို သင်မြင်တွေ့ရပါလိမ့်မည်။ ဤမည်သော ချစ်ခြင်းမေတ္တာ၌ လက်နက်ချအညံ့ခံလိုက်ပါ။

သင်၏စိတ် နှလုံးတို့အား သူ့အတွက်ဖွင့်ထားပြီး၊ သင့်ကိုပြုစုစောင့်ရှောက်ရန် သူ့ကို ခွင့်ပြုလိုက်ပါ။

ဤအတိုချုပ်လေ့လာမှုအတွက် ကျွန်ုပ်ဆုတောင်းရာတွင် အချက်ကြီးနှစ်ချက်ရှိသည်။ ပထမအချက်မှာ ဤအတိုချုပ်လေ့လာမှုသည် လမ်းပျောက်နေသော သားသမီးများအတွက် ထားရှိသော ဘုရားသခင်၏စိတ်နှလုံးတော်နှင့် စပ်လျဉ်း၍ တစ်စုံတစ်ခုကို ကျွန်ုပ်တို့အား ဖော်ပြပေးရန်ဖြစ်သည်။ အကယ်၍ သင်သည်ပျောက်ဆုံးနေသော သိုးတစ်ကောင်ဖြစ်နေလျှင် ဤအတိုချုပ်လေ့လာမှု၌ နှစ်သိမ့်ခြင်းရယူပါ။ အကယ်၍ သင်သည်ကိုးဆယ်ကိုးကောင်တို့အနက်မှ တစ်ကောင်ဖြစ်နေလျှင် အနာဂတရဖြစ်နေသော ကိုယ်တော်ရှင်၏သိုးများမှ အငယ်ဆုံးသိုးအတွက် ထားရှိသော ကိုယ်တော်ရှင်၏ချစ်ခြင်းဂရုဏာတော်ကို မှတ်သားပါ။

ဒုတိယအချက်မှာ ကူညီမစခြင်းနှင့် ပံ့ပိုးပေးကမ်းခြင်းအတွက် အော်ဟစ်ငိုကြွေးနေကြသော ကျွန်ုပ်တို့၏အနီးအနားရှိ လိုအပ်ချက်များရှိနေသောသိုးများကို တွေ့မြင်နိုင်ရန် ဤလေ့လာမှုက ကျွန်ုပ်တို့၏မျက်လုံးများကို ပွင့်လာစေရန် ဖန်တီးမည်ဟု ကျွန်ုပ်ယုံကြည်မိပါသည်။ ပျောက်သောသိုးအား ကြည့်ရှုစောင့်ရှောက်ခြင်းဟူသော အမှုတော်၏အရေးပါပုံကို စာဖတ်သူတိုင်းက တွေ့မြင်ရန်၊ လေ့လာမှုအားဖြင့် ဖန်တီးပေးရန် ဘုရားသခင်ကျေနပ်နှစ်သိမ့်ပါစေ။ ဤလေ့လာမှု၏ရလဒ်အနေဖြင့် မြောက်မြားစွာသောသူတို့သည် ထိခိုက်နာကျင်လျက် အထီးကျန်စွာ ဦးတည်ရာမဲ့ လျှောက်သွားနေသောဘုရားသခင် သိုးများအား သနားခြင်းဂရုဏာနှင့် ချစ်ခြင်းမေတ္တာတရားတို့ဖြင့် လက်ကမ်းပေးကူညီနေကြသည်ကို တွေ့မြင်သောအခါ ဘုရားသခင်ကျေနပ်နှစ်သက်ပါစေသော။

စဉ်းစားသုံးသပ်ရန်အချက်များ

* ဘုရားသခင်သည် မိမိ၏သားသမီးများအပေါ်၌ မည်သို့သော ခံစားချက်မျိုး ရှိနေသည်ကို သမ္မာကျမ်းစာက ကျွန်ုပ်တို့အား မည်သို့ သွန်သင်ထားသနည်း။
* ပျောက်သောသိုးနှင့် စပ်လျဉ်း၍ ဘုရားသခင်သည် မည်သည့် အရာကို ခံစားရပါသနည်း။ ကျွန်ုပ်တို့၏အပြစ်များနှင့် ပုန်ကန်ခြင်းများသည် ဘုရားသခင်က ကျွန်ုပ်တို့အပေါ်၌ ထားရှိသော ချစ်ခြင်းမေတ္တာကို လျော့နည်းမှေးမှိန်သွားစေပါသလား။
* သင်၏ပတ်ဝန်းကျင်၌ပျောက်ဆုံးနေသော သိုးတို့မှာ မည်သူတို့ဖြစ်ကြသနည်း။ ထိုသူတို့အားကူညီပံ့ပိုးရန် မည်သည့်အရာများကို ပြုလုပ်ပေးနိုင်သေးသနည်း။
* မဿဲ ၂၅း၄၀ ၌ သခင်ယေရှုသည် သူ၏သားသမီးများ အနက်မှ ထပ်တူပြုထားသည်ကို ကျွန်ုပ်တို့တွေ့မြင်ကြရသည်။ အကြောင်းအမျိုးမျိုးကြောင့် လမ်းလွဲပျောက်ဆုံးနေသော သူတို့ထံ၌ ထားသော ကျွန်ုပ်တို့၏စိတ်သဘောထားမှ အလွန် အရေးပါသည့်အချက်နှင့်စပ်လျဉ်း၍ အထက်ပါ အကြောင်းအရာက ကျွန်ုပ်တို့အား မည်သည့်အရာကို ပြောပြနေပါသနည်း။

ဆုတောင်းရန်အချက်များ

* လမ်းလွဲ၍ပျောက်ဆုံးနေသောသူတို့အပေါ်၌ သနားခြင်းဂရုဏာ တရားအနည်းငယ်မျှမရှိခြင်းအတွက် ခွင့်လွှတ်ခြင်း တရားရရှိရန် ဘုရားသခင်အား တောင်းလျှောက်ပါ။
* စိတ်ထိခိုက်နာကျင်နေသောသူများနှင့် ၄င်းတို့အား ကြည့်ရှုစောင့်ရှောက်ရန် သိုးထိန်းကို လိုအပ်နေသောသူများအတွက် ဆုတောင်း

ပေးရန် အချိန်အနည်းငယ်ယူပါ။

* ပျောက်သောသိုးအတွက် ပို၍ကြီးမားနက်နဲသော ဝန်ထုပ်ကိုပေးရန် ဘုရားသခင်အားတောင်းလျှောက်ပါ။ ထိုသူတို့အား တွေ့မြင်နိုင်ရန် သင်၏မျက်စိများကို ဖွင့်ပေးရန်နှင့် သူတို့၏ အော်ဟစ်ငိုကြွေးသံများကို ကြားနိုင်ရန် သင်၏နားများကို ဖွင့်လှစ်ပေးရန် ဘုရားသခင်အား တောင်းလျှောက်ပါ။
* ကျွန်ုပ်တို့သည် ဘုရားသခင်၏စံချိန်စံညွှန်းမှ လျော့ကျသွားချိန်နှင့် လမ်းပျောက်နေသောအချိန်များ၌ ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့အတွက် ဆက်လက်တည်မြဲနေသည့်အတွက် ဘုရားသခင်အား ကျေးဇူးတင်ပါ။

## *Light To My Path* စာအုပ်ဖြန့်ချီရေး

*Light To My Path* စာအုပ်ဖြန့်ချီရေးအဖွဲ့ (*LTMP*)သည် စာအုပ်စာပေရေးသားပြုစုခြင်းနှင့် ဖြန့်ဖြူးခြင်းသာသနာလုပ်ငန်းဖြစ်ပြီး၊ အာရှ၊ လက်တင်အမေရိကနှင့် အာဖရိကနိုင်ငံများရှိ လိုအပ်ချက်များနှင့် မပြည့်စုံသော ခရစ်ယာန်အမှုဆောင်များအား လက်ကမ်းပေးနေသော သာသနာပြုလုပ်ငန်းဖြစ်သည်။ ဤဖွံ့ဖြိုးဆဲနိုင်ငံများရှိ ခရစ်ယာန် အမှုဆောင်များစွာ၌ သမ္မာကျမ်းစာသင်တန်းရှိလာရန် (သို့) သူတို့၏ သာသနာလုပ်ငန်းအတွက် သမ္မာကျမ်းစာလေ့လာရာတွင် လိုအပ်သော အထောက်အကူပြုပစ္စည်းများကို ဝယ်ယူနိုင်ရန်နှင့် ကိုယ်ပိုင် လေ့လာမှု များအတွက် အရင်းအမြစ်များ မရှိကြပါ။ *F. Wayne Mac Lead* သည် *Action International Ministries* ၏အဖွဲ့ဝင်တစ်ဦး ဖြစ်ပြီး သူသည် အကူအညီလိုအပ်သော ကမ္ဘာ့တဝှမ်းရှိ သင်းအုပ်ဆရာများနှင့် ခရစ်ယာန်အမှုဆောင်များအား အခမဲ့(သို့)အရှုံးခံ၍ဖြန့်ဖြူး ပေးမည် ဟူသော ရည်ရွယ်ချက်ဖြင့် ဤစာအုပ်များကို ရေးသားခဲ့သည်။

ယနေ့တွင်ထောင်ပေါင်းများစွာသော စာအုပ်များသည် နိုင်ငံ ပေါင်း သုံးဆယ်ကျော်ရှိ ဒေသန္တရအသင်းများ၏တရားဟောခြင်း၌၄င်း၊ သင်ကြားခြင်း၌၄င်း၊ ဧဝံဂေလိလုပ်ငန်းများ၌၄င်း၊ ခွန်အားပေး တိုက်တွန်းခြင်းများ၌၄င်း အသုံးပြုလျက်ရှိကြသည်။ ဤအတွဲများ၌ရှိနေ သော စာအုပ်များအား အိန္ဒိယဘာသာ၊ ပြင်သစ်ဘာသာ၊ စပိန်ဘာသာ၊ မြန်မာဘာသာနှင့် ဟေတီ ခရီအိုလဲဘာသာတို့ဖြင့် ပြန်ဆိုထားပြီး ဖြစ်သည်။ ရည်ရွယ်ချက်မှာ ခရစ်ယာန်အားလုံးအတွက် စာအုပ် အလုံအလောက် ရရှိနိုင်ရန် အတတ်နိုင်ဆုံး ပြုလုပ်ပေးခြင်းဖြစ်သည်။

*LTMP* သာသနာလုပ်ငန်းသည် ယုံကြည်ခြင်း၌တည်ထားသော အမှုတော်ဖြစ်သည့်အားလျော်စွာ၊ ကမ္ဘာတဝှမ်းရှိ ယုံကြည်သူများအား ခွန်အားပေးခြင်း၊ နှိုးဆော်တိုက်တွန်းခြင်းများအတွက် စာအုပ်များကို ဖြန့်ဖြူးနိုင်ရန် လိုအပ်သောအရင်းအမြစ်များအတွက် ကျွန်ုပ်တို့သည် ဘုရားသခင်အား ယုံကြည်ပုံအပ်ထားသည်။ ဤစာအုပ်များအား အခြားဘာသာစကားဖြင့် ပြန်ဆိုခြင်းအတွက်၎င်း၊ ဤထက်မကပို၍ဖြန့်ဝေနိုင်ရန်အတွက်၎င်း၊ ဘုရားသခင်လမ်းဖွင့်ပေးရန် သင်ဆုတောင်းပေးနိုင်ပါသလား။

*Light To My Path* သာသနာလုပ်ငန်းနှင့်စပ်လျဉ်းသော အသေးစိတ်အချက်အလက်များကို သိလိုလျှင် ကျွန်ုပ်တို့၏ *website* ဖြစ်သော *www.ltmp.ca.* ၌ လေ့လာပါ။